# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၃) ရက် ၊ တနင်္ဂနွေနေ့ ၊ (20-11-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၀၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၁၅ / ၂၀၂၂**
၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်
( ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက် စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်ခဲ့ကြသော အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**ပြည်ထောင်စုစည်သူသရေပတံ့ဘွဲ့**
**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ | H.E. Army General Sergey Kuzhugetovich Shoigu | Minister of Defence Russian Federation |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**
**သီရိပျံချီဘွဲ့**

| | | |
|---|---|---|
| ၁။ | Colonel General Alexnder Vasilyevich Fomin | Deputy Minister of Defence Russian Federation |

စာမျက်နှာ ၁၈ ကော်လံ ၁ ☞

## ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မော်စကိုမြို့တွင်ကျင်းပသည့် (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် Transport Week 2022 ပြပွဲသို့ တက်ရောက်




**နေပြည်တော် နိုဝင်ဘာ ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H. E. Mr. Vitaly Saveliev ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ နိုဝင်ဘာ ၁၅ ရက်မှ ၁၈ ရက်ထိ ကျင်းပခဲ့သော (၁၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာဖိုရမ်နှင့် Transport Week 2022 ပြပွဲသို့ တက်ရောက်ခဲ့သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ ❑




ရတနာပုံ
၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# တိုင်းရင်းဆေးဝါးဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရေး

(၂၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၈ ရက်နှင့် ဒီဇင်ဘာ ၉ ရက်တို့တွင် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်လျက် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့သည့် အစဉ်အလာများအတိုင်း ဆောင်ရွက်နိုင်ရန် ကျင်းပရေးဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ ပါဝင်သော အစည်းအဝေး ကျင်းပနေပြီဖြစ်သည်ကို တွေ့ရသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်း မြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရန်၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ အရည်အချင်းနှင့် ကျင့်ဝတ်ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုနည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်း၊ ပြည်ပရှိ ဆက်စပ်နီးနွယ်ပညာရှင်များ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်သလို မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို မြန်မာ့တိုင်းရင်းဆေးပညာကုထုံးများဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို ပိုမိုထိရောက်စွာစောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ဖြစ်လာစေရေး လေ့ကျင့်ပေးရန်၊ အန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ပဏာမကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကို ကျေးလက်ဒေသထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်အတွက် ဒေသခံတိုင်းရင်းဆေးဆရာများနှင့်ပူးပေါင်းဆောင်ရွက်ရန် ဟူသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာ့တိုင်းရင်းဆေးပညာ၏ အနှစ်သာရရှိမှုနှင့် အလားအလာအတွက် အားတက်ဖွယ်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်က အထူးအားပေးဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီအနေဖြင့် တိုင်းရင်းဆေးပညာရှင်များ၏ ဆေးပညာကျင့်ဝတ်ထိန်းသိမ်းခြင်းများကို ဤညီလာခံများမှတစ်ဆင့် ကြီးကြပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့နောက် မိမိတို့နိုင်ငံ၏ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို အမျိုးသားယဉ်ကျေးမှုတစ်ရပ်အနေဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်သည်။ ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးသမားတော်များက ခေတ်အဆက်ဆက်တိုင်းရင်းဆေးဝါးများကိုအသုံးပြု၍ ပြည်သူလူထုကို စောင့်ရှောက်ခဲ့ကြသည့်နည်းတူ ယနေ့အချိန်တွင်လည်း ခေတ်မီတိုင်းရင်းဆေးဝါးများကို အသုံးပြု၍ ပြည်သူ့ကျန်းမာရေးကို ဆက်လက်ကုသစောင့်ရှောက်မှုတို့ ပေးကြမည်ဖြစ်ရာ ပြည်သူ့ကျန်းမာရေးအတွက် ဆေးဝါးနှင့် ကုသမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ အနာနှင့်ဆေးတည့်အောင်ပေး ပျောက်ရေးမခက်ပါ ဟူသည့်စကားရပ်အတိုင်း အနှစ်သာရပြည့်ဝ၍ ပြည်တွင်းမှာပင် ထုတ်လုပ်နိုင်သော တိုင်းရင်းဆေးဝါးများဖြင့် ပြည်သူ့ကျန်းမာရေးကို စဉ်ဆက်မပြတ်စောင့်ရှောက်ပေးနိုင်မည့်အခွင့်အလမ်းများ ပေါ်ပေါက်လာစေနိုင်သော (၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြု ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၁၄၅၁၉၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေလဲ နေ့စဉ်လာရောက် ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာဆိုရင် ကျောင်းပိတ်ရက်လဲဖြစ်၊ ရုံးပိတ်ရက်လဲဖြစ်တော့ လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ ပြတိုက်က သမိုင်းဝင်ပြခန်းတွေကို ဝင်ရောက်လေ့လာကြတာလဲ တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်ကိုသွားပြီး ငါးစာ၊ လိပ်စာတွေ ဝယ်ကျွေးကြပါတယ်။ ရှခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေကလဲ ဘုရားသောက်တော်ရေခွက်၊ ကြေးစည် စတဲ့ပစ္စည်းတွေကို အမှတ်တရအဖြစ် ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်တွေဆို ဘုရားဖူးဦးရေများပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၁၄၂၈၀၂ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူးဦးရေ ၁၇၄၀ လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၆၅၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် မြေထောက်ပဲများ အဝယ်လိုက်လာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ဖြင့် ဈေးကောင်းရရှိ

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေး ဈေးကွက်တွင် မြေထောက်ပဲများ အဝယ်လိုက်လာမှုကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မြေထောက်ပဲများကို တရုတ်နိုင်ငံက ဝယ်ယူမှုများရှိလာကြောင်း၊ ပြည်တွင်း၌လည်း မြေထောက်ပဲများအရောင်းအဝယ်ကောင်းမွန်လျက်ရှိသဖြင့် မန္တလေးဈေးကွက်အတွင်း မြေထောက်ပဲများ ဈေးကောင်းရရှိနေကြောင်း သိရသည်။

"မြေထောက်ပဲတွေကို အခုလက်ရှိအချိန်မှာ ပြည်ပကကော ပြည်တွင်းကပါ ဝယ်ယူမှု များလာတာကြောင့် အရင်ကထက် ဈေးကောင်းပိုရလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် နိုဝင်ဘာလ ဒုတိယပတ်အတွင်းက မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း နိုဝင်ဘာ ၁၈ ရက်က မြေထောက်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မြေထောက်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းမွန်တဲ့ ပဲအမျိုးအစားထဲမှာ ပါပါတယ်။ အခု ဈေးကွက်ထဲမှာ မြေထောက်ပဲက တော်တော်လေး ဈေးကောင်းပြန်ရနေပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ရွှေကူနှင့် အခြားမြို့များသို့ စားသောက်ကုန်သုံးမျိုးတင်ပို့သည့် သင်္ဘောအစီးရေ ၈၀ ကျော်ရှိလာ

**မန္တလေး နိုဝင်ဘာ ၁၉**

မန္တလေးဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ရွှေကူနှင့် အခြားမြို့များသို့ အခြေခံစားသောက်ကုန်သုံးမျိုးတင်ပို့သည့်သင်္ဘောအစီးရေ ၈၀ ကျော်ထိရှိလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များစည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ငရုတ် ကုန်စည်သုံးမျိုးကို ထီးချိုင့်၊ ကသာ၊ ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ ကုန်တင်သင်္ဘောများဖြင့် တင်ပို့လျက်ရှိပြီး ယခုအခါ တင်ပို့မှု များပြားလာကြောင်း သိရသည်။

"အခု ပွင့်လင်းရာသီကာလမှာ မန္တလေးဆိပ်ကမ်းကနေ အခြားမြို့တွေကို ကုန်စည်တင်ပို့တဲ့အထဲ အခြေခံစားသောက်ကုန်တွေပဲ တင်ပို့မှုများတယ်။ ကျန်တဲ့ အဝတ်အထည်တွေ၊ အလှကုန်နဲ့လူသုံးကုန်ပစ္စည်းတွေက အနည်းငယ်လောက်ပဲရှိတယ်။ ဆန်၊ ကြက်သွန်၊ ငရုတ် အခြေခံစားသောက်ကုန်တွေတင်ပို့မှုကတော့ အခုရက်ပိုင်း တော်တော်လေး များလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ အခြေခံစားသောက်ကုန်သုံးမျိုး တင်ပို့သည့် ကုန်တင်သင်္ဘောမှာ နိုဝင်ဘာလ ပထမပတ်အတွင်းက တစ်ရက်လျှင် အစီးရေ ၅၀ ကျော်သာရှိခဲ့သော်လည်း ယခုလက်ရှိတွင် တစ်ရက်လျှင် ကုန်တင်သင်္ဘောအစီးရေ ၈၀ ကျော်ဖြင့် တင်ပို့လျက်ရှိကြောင်း သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ ကုန်ပစ္စည်းများတင်ပို့သည့် ကုန်တင်သင်္ဘောအစီးရေ ၄၀၀ ကျော်ရှိပြီး ခရီးသည်နှင့်ကုန်စည် တင်ဆောင်ပြေးဆွဲနေသည့် ရှပ်ပြေးအမြန်ရေယာဉ်အစီးရေ ၃၀၀ ကျော်ထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖုန်း- ... ; ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပြည်ပမှတင်သွင်းသော စားအုန်းဆီ၏ လိုအပ်သည့်အရည်အသွေး

မျိုးသူ(ကုန်သွယ်မြှင့်)

မြန်မာနိုင်ငံတွင် အဓိကထုတ်လုပ်သော စားသုံးဆီမှာ မြေပဲဆီနှင့်နှမ်းဆီ နှစ်မျိုးဖြစ်သည်။ အဆိုပါဆီနှစ်မျိုးကို ကြိတ်ခွဲထုတ်လုပ်ရာမှ ရရှိသောဆီများဖြင့် ပြည်တွင်းစားသုံးမှုဖူလုံခြင်းမရှိသဖြင့် နိုင်ငံခြားမှ စားအုန်းဆီအပါအဝင် နေကြာဆီ၊ ပဲပုပ်ဆီ၊ သံလွင်ဆီနှင့် မုန်ညင်းဆီတို့ကို တင်သွင်းစားသုံးရသည်။ ယခင်က တင်သွင်းသောစားအုန်းဆီများမှာ ဈေးသက်သာသဖြင့် စားသုံးသူအများစုနှင့် ဆီသုံးရသောလုပ်ငန်းများသည် စားအုန်းဆီကို အများအပြားတင်သွင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်ကာ ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ ထိခိုက်ပြီး ကုန်ထုတ်လုပ်မှုများ ကျဆင်းသဖြင့် စားသုံးဆီတင်သွင်းမှု ကျဆင်းခဲ့သည်။ သို့ရာတွင် ပြည်တွင်းဈေးကွက်၌ စားသုံးဆီသုံးစွဲမှုမှာ များစွာကျဆင်းသွားခြင်းမရှိသည်ကို တွေ့ရသည်။ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ပြည်တွင်းမှ ဆီထွက်သီးနှံများကြိတ်ခွဲထုတ်လုပ်ခြင်းဖြင့် လုံလောက်မှုမရှိသောကြောင့် ပြည်ပမှစားသုံးဆီများကို တင်သွင်းနေရဆဲဖြစ်သည်။ တင်သွင်းရာတွင် နိုင်ငံခြားငွေများကို သုံးစွဲနေရသဖြင့် သုံးစွဲရသည်နှင့် ထိုက်တန်အောင် အရည်အသွေးကောင်းမွန်သော စားသုံးဆီများဖြစ်ရန် လိုအပ်သည်။

စားသုံးဆီ၌ ပါဝင်သောဓာတ်များတွင် ကောင်းကျိုးပေးသောဓာတ်များပါဝင်သကဲ့သို့ ကောင်းကျိုးမပေးသောဓာတ်များလည်း ပါဝင်တတ်ကြသည်။ သို့ရာတွင် ကျွန်တော်တို့နားလည်ထားရမည့် အချက်တစ်ခုမှာ စားသုံးဆီများသည် ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သကဲ့သို့ ကောင်းမွန်သည့်အချက်များလည်းရှိသည်ကို တွေ့ရသည်။ ဥပမာ- စားအုန်းဆီသည် ကြော်ရာတွင် အကောင်းဆုံးဟု ပြောနိုင်သည်။ ဆမ်းစားရန်သုံးသောဆီများတွင် နှမ်းဆီ၊ သံလွင်ဆီများသည် ကောင်းသကဲ့သို့ ချက်ပြုတ်ရာတွင် မြေပဲဆီ၊ နေကြာဆီများကိုသင့်တော်သည်ဟု သိရသည်။ ထို့ကြောင့် ယခုနောက်ပိုင်းတွင် စားသုံးဆီအမျိုးမျိုးကို ပြည်တွင်းတွင် ထုတ်လုပ်သကဲ့သို့ ပြည်ပမှလည်း တင်သွင်းစားသုံးကြသဖြင့် စားသုံးဆီများ၏ အရည်အသွေးပိုင်းသည် ပြည်သူတို့၏ကျန်းမာရေးအတွက် အထူးအရေးပါလာသည်ကို တွေ့ရသည်။ နိုင်ငံစီးပွားရေးအတွက် ဆီထွက်သီးနှံနှင့် စားသုံးဆီများလိုအပ်သကဲ့သို့ အရည်အသွေးကောင်းသော စားသုံးဆီများလည်းဖြစ်ရန် လိုအပ်လှသည်။ ယခုနှစ်ထဲတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားသုံးဆီများတင်သွင်းရာ၌ အရည်အသွေးသတ်မှတ်ချက်များဖြင့် တင်သွင်းရန် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ထားသည်ကို သိရှိရသည်။ ထိုအမိန့်ကြော်ငြာစာများဖြင့် ထုတ်ပြန်ထားသည်ကို သက်ဆိုင်ရာစားသုံးဆီရောင်းဝယ်သူများ သိနားလည်ကြမည်ဖြစ်သကဲ့သို့ စားသုံးသူများအနေဖြင့်လည်း ဗဟုသုတအဖြစ်လည်းကောင်း၊ စားမည့်ဆီနှင့် တစ်ကိုယ်ရေကျန်းမာရေးအတွက်လည်းကောင်း သိထားသင့်သည်။

**စားအုန်းဆီအရည်အသွေး**

ပြည်ပမှတင်သွင်းသည့် စားအုန်းဆီများနှင့်ပတ်သက်၍ အရည်အသွေးသတ်မှတ်သည့်အမိန့်ကို ၂၀၂၂ ခုနှစ် မေ ၂၃ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ အဆိုပါအမိန့်တွင် စားအုန်းဆီအရည်အသွေးကို အချက် ၁၂ ချက်ဖြင့် သတ်မှတ်ထားသည်ကို တွေ့ရသည်။

**Cloud Point (C.P), °C**

Cloud Point (C.P),°C ခေါ် တိမ်ခိုးမှတ်ကို 8°C (max) ဟု သတ်မှတ်ထားသည်။ ဆိုလိုသည်မှာ စားအုန်းဆီ 8°C (max) တွင် တိမ်ကဲ့သို့ အမျှင်တန်းများအဖြစ်ခဲသည်ဟုမှတ်နိုင်သည်။ လက်တွေ့တွင်မူ အေးသောဒေသများအလိုက်၊ ထားရှိသည့်ထုထည်ပမာဏအလိုက် ခဲသည့်အမှတ်သည် အနည်းငယ်စောခြင်း၊ နောက်ကျခြင်းဖြစ်တတ်သည်။ ဆိုလိုသည်မှာ တစ်လီတာဘူးနှင့်ထားသည်က ပီပါဖြင့်ထားသည်ထက် ပိုစော၍ခဲတတ်သည်။ ယခင်ကတင်သွင်းသည့်စားအုန်းဆီများကို ၁၀ ဒီဂရီစင်တီဂရိတ်ဟု အမြင့်ဆုံးသတ်မှတ်ထားသဖြင့် အထက်အညာဆောင်းတွင်းများတွင် လုံးဝအေးခဲသွားပြီး မီးဖြင့်အပူပေး၍လည်းကောင်း၊ အခြားသော တိမ်ခိုးမှတ်ကောင်းသည့် ဆီများဖြင့်ရော၍လည်းကောင်းရောင်းချခဲ့ရသည်။ ထို့ကြောင့် ယခုအမြင့်ဆုံးအမှတ်ကို ရှစ်ဒီဂရီစင်တီဂရိတ် သတ်မှတ်ထားသည်။ သို့သော် ခဲတတ်သည့်အတွက် ကိုင်တွယ်ရမှု၊ ရောင်းဝယ်ရမှုအခက်အခဲကို လျော့နည်းစေသည်။ တန်ဖိုးအားဖြင့် ပို၍ပေးရတတ်သည်။ သို့ရာတွင် အအေးဓာတ်များသည့် ဒေသများတွင် ဆောင်းတွင်း၌ ခဲတတ်သည်ကို တွေ့နိုင်သည်။

**Iodine Value (IV)**

အထက်ဖော်ပြပါ စားအုန်းဆီအရည်အသွေး သတ်မှတ်သည့်အမိန့်တွင် အိုင်အိုဒင်းတန်ဖိုးခေါ် Iodine Value(IV) ကို ၅၈ ရာခိုင်နှုန်း (min)ဟု သတ်မှတ်ထားသည်။ အဆိုပါအချက်သည် အလွန်အရေးကြီးသည်။ ပုံမှန်အားဖြင့် စားအုန်းဆီ၏ အိုင်အိုဒင်းတန်ဖိုးသည် ၅၀-၅၅ အတွင်းသာရှိသည်ဟု သိရသည်။ သို့သော် တင်သွင်းသော စားအုန်းဆီများကို ပြည့်ဝဆီပါဝင်မှုနည်းစေရန် အိုင်အိုဒင်းတန်ဖိုးကို အနိမ့်ဆုံးပါဝင်ရမည့်ကိန်း ၅၈ ရာခိုင်နှုန်း (min)ရှိရမည်ဟု သတ်မှတ်ထားသည်။

**အရောင်အသွေးနှင့် သိပ်သည်းဆ**

ဆီအရောင်ကို တင်သွင်းလာသည့် စားအုန်းဆီအတွက် Colour (5 ¼ ", Lovibond)သည် 3°R (max)ရှိရမည်ဟု သတ်မှတ်ထားသည်။ အဓိပ္ပာယ်မှာ ဆီအရောင်သည် ဆီအရောင်ကြည်ကြည်ဖြစ်ရမည်ဟု အကြမ်းဖျင်းသတ်မှတ်ထားခြင်းဖြစ်သည်။ ဤနေရာတွင် သတ်မှတ်ထားသော Lovibond ဆိုသည်မှာ အရောင်သတ်မှတ်ချက်နည်းလမ်းဖြစ်ပြီး ကိရိယာဖြင့် တိုင်းတာရသည်။ မဖြူလွန်း၊ မနီလွန်း၊ မရဲလွန်းဖြစ်ရမည်။ ထို့အတူ သိပ်သည်းဆကို Relative density (x°C/water at 20°C) = 0.899-0.920 ရှိရမည်ဟု ဆိုသည်။ အရောင်နောက်မနေရပါ။

**Free Fatty Acid (F.F.A) နှင့် Saponification**

Free Fatty Acid(F.F.A) သည် သုည ဒသမ ၁ ရာခိုင်နှုန်း (max) ရှိရမည်ဟု သတ်မှတ်ထားသည်။ ဖရီးဖက်တီးအက်စစ်ဆိုသည်နှင့် အက်စစ်တန်ဖိုး (Acid Value) ကို သိထားရန်လိုအပ်သည်။ အကြမ်းဖျင်းအားဖြင့် လွတ်နေသော ဖက်တီးအက်စစ်များ လေလေ အက်စစ်ဓာတ်များလေလေဖြစ်ပြီး စားအုန်းဆီ၏အရည်အသွေးနိမ့်ကျမည်ဖြစ်သဖြင့် နည်းနိုင်သမျှနည်းစေရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်သည်။ အဆိုပါ Free Fatty Acid(F.F.A) သည် သုည ဒသမ ၁ ရာခိုင်နှုန်းအများဆုံးရှိရမည်ထက် ပိုမိုလာလျှင် အရည်အသွေးနိမ့်ကျလာမည်ဖြစ်ပြီး ဆီဈေးနှုန်းနိမ့်လာမည်ဖြစ်သည်။ ဆပ်ပြာအဖြစ်ပြောင်းလဲနိုင်သည့်ကိန်းနှင့် ဆပ်ပြာအဖြစ်မပြောင်းလဲနိုင်သောပစ္စည်းများ (စားအုန်းဆီတွင် ဆပ်ပြာအဖြစ်မပြောင်းနိုင်သည့် ဖယောင်း၊ အခြားအပင်ထွက်



ပစ္စည်းအမှုန်အမွှားများ) ပါဝင်မှုတို့ကို ကိန်းဂဏန်းဖြင့်သတ်မှတ် ထားခြင်းဖြစ်သည်။ သန့်စင်ထားသော စားသုံးဆီများတွင် ဆပ်ပြာအဖြစ်ပြောင်းလဲနိုင်မှု အလွန်နည်းပါးပြီး မသန့်စင်သောစားသုံးဆီများသည် ဆပ်ပြာအဖြစ် ပြောင်းလဲနိုင်မှုများပြားသည်ကို သိထားသင့်သည်။

**Peroxide Value နှင့် Rancidity**

Peroxide Value ပါဝင်ခွင့်ကို လေးရာခိုင်နှုန်း (max) အဖြစ်သတ်မှတ်ထားသည်။ Rancidity ပါဝင်ခွင့်ကို Negative ဟု သတ်မှတ်ထားသည်။ စားသုံးဆီတစ်ခု စတင်ပျက်စီးမှု (Rancidity) ကို သိရှိနိုင်ရန် အဓိကနည်းလမ်းမှာ Peroxide Value ကို တိုင်းတာသိရှိခြင်းပင်ဖြစ်သည်ဟုဆိုသည်။ စားသုံးဆီများမှာ လေနှင့်ထိတွေ့သည့်အခြေအနေမျိုးထားပါက အချိန်ကြာမြင့်သည်နှင့်အမျှ လေထဲမှ အောက်ဆီဂျင်နှင့်ဓာတ်ပြုကာ အောက်ဆီဂျင်ဓာတ်တိုးခြင်း (Oxidation) ဖြစ်ပြီး တဖြည်းဖြည်းပျက်စီးသွားသည်။ စတင်ပျက်စီးသည့်အခြေအနေတွင် ပါရောက်ဆိုက်များအဖြစ် ပြောင်းလဲကြသဖြင့် ပါရောက်ဆိုက်ပါဝင်မှုများလေလေ ပျက်စီးမှုများလေလေဟု ဆိုနိုင်သည်။ ထို့ကြောင့် ပျက်စီးမှုအခြေအနေကို သိရှိနိုင်ရန် ပါရောက်ဆိုက်တန်ဖိုးကို တိုင်းတာသိရှိထားရန်လိုအပ်သည်။ ထို့ကြောင့် စားသုံးဆီများသည် လေဖြင့်ထိတွေ့ပါက အောက်ဆီဂျင်ဖြင့် ဓာတ်ပြု၍ ဓာတ်တိုးခြင်းဖြစ်ကာ ပျက်စီးလာသည်ကိုတွေ့ရသဖြင့် လေဖြင့်ထိတွေ့မှုမရှိစေရန် လုံအောင်ပိတ်ထားသောဘူးများ၊ ပုလင်းများ၊ ပုံးများတွင်ထားခြင်းက ပျက်စီးမှုကို လျော့ကျစေသည်။ ထိုသို့ ပျက်စီးခြင်းကြောင့် ဆီဈေးနှုန်းနိမ့်ပြီး အရသာပျက်ခြင်းများဖြစ်လာသည်။ ပါရောက်ဆိုက်များသည် အဆိပ်အတောက်များဖြစ်သဖြင့် ကင်ဆာရောဂါဖြစ်စေသည်ဟုဆိုသည်။

**အစိုဓာတ်နှင့် အခြားပစ္စည်းများပါဝင်မှု**

အစိုဓာတ် Moisture and Volatile Matter (105°C) ပါဝင်ခွင့်ကို သုည ဒသမ ၁ ရာခိုင်နှုန်း(max) သာလျှင် သတ်မှတ်ထားသည်။ ဆိုလိုသည်မှာ အစိုဓာတ်နှင့် ရေဓာတ်ပါဝင်မှု နည်းနိုင်သမျှနည်းရန် လိုအပ်သည်။ တင်သွင်းသည့်စားအုန်းဆီများမှာ သန့်စင်ပြီးဆီများဖြစ်သဖြင့် ရေဓာတ်ပါခြင်းမရှိရသဖြင့် သုည ဒသမ ၁ ရာခိုင်နှုန်းသာလျှင် ခွင့်ပြုထားခြင်းဖြစ်သည်။ ရေဓာတ်ပါဝင်မှုများလျှင် ပျက်စီးလွယ်သောကြောင့်ဖြစ်သည်။ Refractive-Index (ND 40 °C) အလင်းယိုင်ညွှန်ကိန်းကို 1.4589 - 1.4592 အတွင်းသာခွင့်ပြုထားသည်။ အလင်းယိုင်ညွှန်ကိန်းဖြင့် ဖော်ပြသည်မှာ ဆီမှုန်ခြင်းကို ဆီအတွင်းပါဝင်နေသည့်ဓာတ်အမျိုးမျိုး၏ မတူညီသော အလင်းယိုင်ညွှန်ကိန်းများတိုင်းတာခြင်းဖြင့် ဆီ၏သန့်စင်ကြည်လင်မှုကို ခွဲခြားထားသည်။ ထို့ကြောင့် သန့်စင်ပြီး စားအုန်းဆီ၏ အလင်းယိုင်ညွှန်ကိန်းသည် အထက်ဖော်ပြပါအခြေအနေသာရှိရမည်ဖြစ်သည်။ အနယ်အမှုန်များပါဝင်မှုနည်းပြီး ကြည့်လိုက်လျှင် ကြည်လင်နေရသည်။ Insoluble Impurities ကို သုည ဒသမ ၀၅ ရာခိုင်နှုန်း(max) သတ်မှတ်ထားသည်။ ထိုသို့ သတ်မှတ်ထားသည်မှာ ဆီတွင်ပါဝင်ပြီး ပျော်ဝင်မသွားနိုင်သည့် ဖုန်မှုန့်၊ အမှိုက်မှုန့် စသည့် အခြားပစ္စည်းများကို ပါဝင်မှုမရှိသလောက်ဖြစ်ရမည်ဟု သတ်မှတ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ပြည်ပမှတင်သွင်းလာသော သန့်စင်ပြီးစားအုန်းဆီများသည် လုံးဝနီးနီး အမှုန်အမွှားကင်းစင်ကာ ကြည်လင်နေရမည်ဖြစ်သည်။

မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီနှင့် ပဲပုပ်ဆီတို့၏ အရည်အသွေးများကိုလည်း ပြည်တွင်းတွင် ကြိတ်ခွဲထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့သည့်အခါတွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းလျှင်လည်းကောင်း သတ်မှတ်ထားသည်။ အဆိုပါ စားသုံးဆီများ၏ အရည်အသွေးသတ်မှတ်သည့်အမိန့်ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်ကို တွေ့ရသည်။

ပြည်ပမှတင်သွင်းသည့် သန့်စင်ပြီး စားအုန်းဆီ၏ အရည်အသွေးကို သိရှိထားခြင်းဖြင့် ရောနှောဆီများ၊ ပြန်လည်ပြင်ဆင်ထားသော ဆီများ၊ စားသုံးရန်မဟုတ်သည့်ဆီများ စသည်တို့ကို အကြမ်းဖျင်းခွဲခြားသိရှိနိုင်မည်ဖြစ်သည်။ အဓိကအားဖြင့် ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများကို RBD Palm Oil ဟုခေါ်သဖြင့် သန့်စင်ပြီး၊ အရောင်ချွတ်ပြီး မကောင်းသောအနံ့များ ကင်းစင်သည့် ဆီများဖြစ်ရမည်ဖြစ်သည်။ ထို့ကြောင့် စားအုန်းဆီများကို လက်ရှိ ကန်ဆီအဖြစ်ဘူးသွတ်ထားခြင်းမရှိဘဲ ပီပါများတွင် ထည့်သွင်းရောင်းဝယ်ခြင်း၊ လက်လီဆိုင်များတွင် ခွက်ဖြင့် ချိန်တွယ်သည့်စနစ်ဖြင့် ရောင်းချခြင်းများကို လျော့နည်းသွားစေရန် Brand Name ဖြင့် တင်သွင်းရောင်းဝယ်ခြင်းများကိုသာ မကြာမီအချိန်တွင်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်၍ ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော်လည်း တန်ဆေးလွန်ဘေးဆိုသည့်စကားနှင့်အညီ ချင့်ချိန်၍စားသုံးသင့်သော စားသုံးဆီများရွေးချယ်ရာတွင် အရည်အသွေးကောင်းသော စားသုံးဆီများကိုသာ မှန်ကန်စွာ ရွေးချယ်နိုင်စေရန်အတွက် သတ်မှတ်ထားသော အရည်အသွေးများကို ဖော်ပြရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ခင်ဦးမြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ စပါးဧက ၃၉၂၀၀ စိုက်ပျိုးမည်

**ခင်ဦး နိုဝင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ စပါးဧက ၃၉၂၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် စပါးဧက ၃၉၂၀၀ စိုက်ပျိုးရန်လျာထားပြီး ပြီးခဲ့သည့်နှစ်က ခင်ဦးမြို့နယ်တွင် နွေစပါး ၅၈၂ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ်မှာ မနှစ်က နွေစပါးဧက ၅၀၀ ကျော်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနှစ်မှာ နွေစပါးဧက ၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနှစ် နွေစပါးဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီနှစ်မှာဆိုရင် ရာသီဥတုကောင်းမွန်တဲ့အတွက် သီးနှံတွေ တိုးချဲ့စိုက်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်။ ဒါ့ပြင် ဒီနှစ်မှာ ရာသီဥတုကောင်းမွန်တဲ့အတွက် သီးနှံတွေ လျာထားချက်ပြည့်မီအောင်စိုက်ပျိုးသွားမှာပါ"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်အတွင်းရှိ တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များရရှိစေရန်အတွက် ချိတ်ဆက်ဆောင်ရွက်ပေးနေသကဲ့သို့ နွေစပါးနှင့် နွေသီးနှံများစိုက်ပျိုးရန်အတွက် ကြိုတင်ပြင်ထားကြရန်၊ သီးနှံပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ မြေဆီလွှာအာဟာရဖြည့်တင်းရေးဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန် နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစုံ ၁၆၃၈၉ ဧကစိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၉၆၀၈၇ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)



ယခုနှစ်စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

# သဲကုန်းမြို့နယ် ရွာသာကုန်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းပြီးစီးမှု စစ်ဆေး

**သဲကုန်း နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရွာသာကုန်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ရွာသာကုန်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုး၊ မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ရွာသာကုန်းကျေးရွာ ရေပေးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ရေဖိုးရေခကောက်ခံခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြင်ဆင်ထိန်းသိမ်းခြင်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး ရပ်မိရပ်ဖများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

သဲကုန်းမြို့နယ် ရွာသာကုန်းကျေးရွာ၌ ရေပိုက်လိုင်း အရှည်ပေ ၃၆၉၀ သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို နိုင်ငံတော်နှင့် UNICEF ပံ့ပိုးရန်ပုံငွေကျပ် ၉ ဒသမ ၉ သန်းဖြင့် မင်္ဂလာရွှေသွန်းကုမ္ပဏီက အောက်တိုဘာလတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နယ်မြေဒေသနှင့် သင့်တော်သည့် နည်းလမ်းများကို စနစ်တကျရွေးချယ်ပြီး နည်းလမ်းမျိုးစုံဖြင့် ရေရရှိရေးလုပ်ငန်းများကို အစဉ်တစိုက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

သုတ

## ကမ္ဘာ့ကလေးများနေ့

- ကျောင်းနေအရွယ် ကလေးများ
  အလေးထား ပြုစုပါ၊
  အသွေးရောင်စုံ ဖူးပွင့်ဖို့
  ထူးတင့်စေကာ၊
  နုနယ်သည့် ပန်းများပမာ
  လန်းဆန်းစွာ ပွင့်လန်းဖို့၊
  အနာဂတ်ကို ရှေ့မြော်တွေး
  စေ့ဆော်ထွေးစို့။

- ပေါင်းနွယ်ချုံ လောင်းရှင်းလို့
  ကောင်းခြင်းကို မျှော်ကာရည်၊
  အဖျက်ပိုးရန် ကာကွယ်ပေး
  သာယာအေးမည်၊
  မျှတသည့် နေရောင်ခြည်
  မြေဆီကို ပုံမှန်ကျွေး၊
  သဘာဝဘေးရန် အားမကြီးဖို့
  တားဆီးလို့ပေး။

- ကမ္ဘာ့နိုင်ငံ ကလေးများနေ့
  အလေးထား၍ သတ်မှတ်ကာ
  နိုင်ငံပေါင်းစုံ ဆုံးဖြတ်ကြ
  နေ့မြတ်မဟာ၊
  "နှစ်ဆယ်ရက်" "နိုဝင်ဘာ"
  ကြိုတင်ကာ သတ်မှတ်ထား၊
  လူငယ်ကို ဂုဏ်လွှမ်းစေဖို့
  ထုံမွှမ်းမြှောက်စား။

- အစားအစာ ဆေးဝါးများ
  ကူညီသွား ဆင်းရဲသူ၊
  အန္တရာယ်စုံ ရောဂါဘေး
  ကယ်မဖေးကူ၊
  မလဲအောင်လို့ ဝိုင်းဝန်းထူ
  ရိုင်းပင်းလှူ ကယ်တင်သွား၊
  ကလေးငယ် ကျန်းမာမှု
  ရေးရှုစေသား။ ။

(၃၃) နှစ်မြောက် ကမ္ဘာ့ကလေးများနေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။

**ရွှေတိုး(ထုံးဘို)**


လုကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# နိုင်ငံတကာ သတင်းများ

## တရုတ်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးများ ကမ္ဘောဒီးယားလုံခြုံရေးဆွေးနွေးပွဲ တက်ရောက်မည်

**ပေကျင်း နိုဝင်ဘာ ၁၉**

ကမ္ဘောဒီးယားနိုင်ငံ၌ လာမည့် ရက်သတ္တပတ်အတွင်း ကျင်းပမည့် အရှေ့တောင်အာရှ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ အမေရိကန် ကာကွယ်ရေးဝန်ကြီးနှင့် တရုတ်ကာကွယ်ရေးဝန်ကြီးတို့ နှစ်ဦးစလုံး တက်ရောက်မည်ဖြစ်ကြောင်း အေပီသတင်းဌာနက နိုဝင်ဘာ ၁၈ ရက်တွင် ဖော်ပြခဲ့သည်။

သို့သော် အဆိုပါလုံခြုံရေး ဆွေးနွေးပွဲ၌တရုတ်နှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီးများအနေဖြင့် သီးခြားတွေ့ဆုံဆွေးနွေးရန် စီစဉ်ထားခြင်းရှိ မရှိ မသိရသေးကြောင်း သိရသည်။

နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက် ထိ ကျင်းပမည့်အရှေ့တောင်အာရှ ကာကွယ်ရေးဝန်ကြီးများဆွေးနွေးပွဲသို့ကာကွယ်ရေးဝန်ကြီးဗိုလ်ချုပ်ကြီး ဝေဖင်ဟီး တက်ရောက်မည်ဟု တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ထားကြောင်း သိရသည်။

ထို့အတူ အဆိုပါဆွေးနွေးပွဲသို့ ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တက်ရောက်မည့် အစီအစဉ်ကိုလည်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုထားသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် အရှေ့တောင်အာရှဒေသ၌ ဩဇာလွှမ်းမိုးထားနိုင်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းနေသည့် နိုင်ငံများဖြစ်ကြသည်။

ထို့ပြင် တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် ယူကရိန်းပြဿနာ၊ တရုတ်(ထိုင်ဝမ်) ပြဿနာတို့နှင့် ပတ်သက်၍လည်း တစ်ဖက်နှင့် တစ်ဖက် မကျေမလည်ဖြစ်နေကြခဲဖြစ်ကြောင်း သိရသည်။

KKO

## အီကွေဒေါနိုင်ငံ ကွီတိုမြို့အကျဉ်းထောင်၌ ထောင်တွင်းရန်ပွဲကြောင့် လူ ၁၀ ဦး သေဆုံး

**ကွီတို နိုဝင်ဘာ ၁၉**

အီကွေဒေါနိုင်ငံ ကွီတိုမြို့ အကျဉ်းထောင်တစ်ခု၌ နိုဝင်ဘာ ၁၈ ရက်က ထောင်တွင်းအဓိကရုဏ်း ဖြစ်ပွားခဲ့ရာ အကျဉ်းသား ၁၀ ဦး သေဆုံးခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

ဒုစရိုက်ခေါင်းဆောင်သုံးဦးကို လုံခြုံရေးတင်းကျပ်သည့် အကျဉ်းထောင်တစ်ခုသို့ ရွှေ့ပြောင်းထားရှိရန် အီကွေဒေါအစိုးရက ဆုံးဖြတ်ခဲ့ပြီးနောက် ကွီတိုအကျဉ်းထောင်အတွင်း အဓိကရုဏ်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင်များအတွင်း ပြိုင်ဘက်အကျဉ်းသား အုပ်စုများကြား ရန်ပွဲများသည် အီကွေဒေါ အကျဉ်းထောင်အတွင်း ရင်ဆိုင်နေရသော အဓိကပြဿနာကြီးတစ်ရပ်ဖြစ်သည်။

ကွီတိုအကျဉ်းထောင်ဆူပူမှုကို စစ်ဘက်နှင့်ရဲတပ်ဖွဲ့တို့က ထိန်းချုပ်ထားနိုင်ခဲ့ကြောင်းအီကွေဒေါအစိုးရက သတင်းထုတ်ပြန်ထားသည်။

အီကွေဒေါသမ္မတဂီလာမိုလက်ဆိုဦးဆောင်သော အစိုးရအဖွဲ့သည် အနည်းဆုံး ဒုစရိုက်ဂိုဏ်း၁၀ ဂိုဏ်းတို့မှ ဂိုဏ်းခေါင်းဆောင်များကို အကျဉ်းထောင်နေရာများရွှေ့ပြောင်းရန် ဆုံးဖြတ်ထားသည်။

အီကွေဒေါ အကျဉ်းထောင်စနစ်သည် အကျဉ်းသား ဦးရေ ၃၀၀၀၀ ခန့်ထိကိုသာ တာဝန်ယူထိန်းသိမ်းနိုင်သော်လည်း ပြီးခဲ့သည့်လထိ အီကွေဒေါနိုင်ငံတစ်ဝန်း အကျဉ်းထောင် ၅၃ ခုတို့၌ အကျဉ်းသား ဦးရေ ၃၅၀၀၀ ခန့်ထိရှိနေကြောင်း သိရသည်။

KKO



## တရုတ်နိုင်ငံသို့ ၂၀၂၃ ခုနှစ်အတွင်းလာရောက်ရန် ချီလီသမ္မတကို တရုတ်သမ္မတ ရှီကျင့်ဖျင် ဖိတ်ကြား



**ဗန်ကောက် နိုဝင်ဘာ ၁၉**

တရုတ်နိုင်ငံသို့ ၂၀၂၃ ခုနှစ်အတွင်းလာရောက်ရန် ချီလီသမ္မတ ဂါဘရီရယ်လ်ဘောရစ်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်က နိုဝင်ဘာ ၁၈ ရက်တွင် တရားဝင်ဖိတ်ကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်သမ္မတနှင့် ချီလီသမ္မတတို့သည် ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်)ထိပ်သီးညီလာခံအတွင်း သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲအတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်သည် သမ္မတ ဂါဘရီရယ်လ်ဘောရစ်ကို လာမည့်နှစ်အတွင်း တရုတ်နိုင်ငံသို့ လာရောက်ရန် တရားဝင်ဖိတ်ကြားခဲ့ကြောင်း ချီလီအစိုးရက သတင်းထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံသည် တောင်အမေရိကဒေသ နိုင်ငံတစ်နိုင်ငံဖြစ်သည့် ချီလီနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံစဉ် သမ္မတ ဂါဘရီရယ်လ်ဘောရစ်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများဆွေးနွေးခဲ့ကြောင်း ချီလီနိုင်ငံခြားရေးဝန်ကြီး အန်တိုနီယာ အာရီဂိုလာက ပြောကြားခဲ့သည်။

လက်ရှိတွင် ချီလီနိုင်ငံသည် ကမ္ဘာပေါ်၌ ပြည်ပသို့ ကြေးနီ အများဆုံးတင်ပို့နေသော တောင်အမေရိကဒေသ နိုင်ငံဖြစ်ကြောင်း သိရသည်။

KKO

## လီမာမြို့ နိုင်ငံတကာလေဆိပ်ပြေးလမ်း၌ ခရီးသည်တင်လေယာဉ်နှင့် မီးသတ်ယာဉ်ဝင်တိုက်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး၍ တစ်ဦးဒဏ်ရာရရှိ

**လီမာ နိုဝင်ဘာ ၁၉**

ပီရူးနိုင်ငံ လီမာမြို့နိုင်ငံတကာလေဆိပ်၌ နိုဝင်ဘာ ၁၈ ရက်က ခရီးသည်တင်လေယာဉ်တစ်စီးနှင့် မီးသတ်ယာဉ်တစ်စီးတို့ ပြေးလမ်းပေါ်၌ ဝင်တိုက်ခဲ့ရာ လူနှစ်ဦး သေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ခရီးသည်တင် လေယာဉ်နှင့် မီးသတ်ယာဉ်သည် လေယာဉ်ပြေးလမ်းပေါ်၌ဝင်တိုက်မှုကြောင့်မီးသတ်ယာဉ်ပေါ်မှမီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး၍တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း လီမာနိုင်ငံတကာလေဆိပ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။




ခရီးသည်တင် လေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည်များနှင့် လေယာဉ် အမှုထမ်းများထဲတွင် သေဆုံးမှုမရှိခဲ့သော်လည်း လူဦးရေ ၂၀ ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

လက်တမ်အမည်ရှိ လေကြောင်းလိုင်းပိုင် အဲဘတ်စ်အေ-၃၂၀ အမျိုးအစားခရီးသည်တင်လေယာဉ်သည်ပျံတက်ရေးအတွက် ပြေးလမ်းပေါ်၌အရှိန်ယူနေစဉ် မီးသတ်ယာဉ်နှင့် ဝင်တိုက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးသည်တင်လေယာဉ်နှင့် မီးသတ်ယာဉ်နှစ်စင်းစလုံးသည် မောင်းနှင်နေချိန်တွင် ဝင်တိုက်ခဲ့ခြင်းဖြစ်ပြီးယင်းမီးသတ်ယာဉ်သည် လေယာဉ်ပြေးလမ်းပေါ် အဘယ်ကြောင့်ရောက်နေသည်ကို မသိရသေးကြောင်း ပီရူးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အခင်းဖြစ်ပွားချိန်တွင် ခရီးသည်တင်လေယာဉ်ပေါ်၌ ခရီးသည် ၁၀၂ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး လိုက်ပါလာကြောင်း သိရသည်။

KKO

## ၂၀၂၃ ခုနှစ် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အေပက်)ထိပ်သီးညီလာခံကို ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပမည်

**ဆန်ဖရန်စစ္စကို နိုဝင်ဘာ ၁၉**

၂၀၂၃ ခုနှစ် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အေပက်)ထိပ်သီးညီလာခံကို အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပမည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

၂၀၂၃ ခုနှစ် အေပက်ထိပ်သီးညီလာခံအား ဆန်ဖရန်စစ္စကို၌ ကျင်းပမည့်အစီအစဉ်ကို အမေရိကန်ဒုတိယသမ္မတ ကာမာလာဟားရစ်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပနေသော ယခုနှစ် အေပက် ထိပ်သီးညီလာခံတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။

ဗန်ကောက် အေပက်ညီလာခံ ပြီးဆုံးချိန်တွင် ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက ၂၀၂၃ ခုနှစ် အေပက်အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို အမေရိကန်နိုင်ငံထံ တရားဝင်လွှဲပြောင်းပေးခဲ့သည်။

အေပက်အလှည့်ကျဥက္ကဋ္ဌရာထူးကို အမေရိကန်နိုင်ငံထံ လွှဲပြောင်းပေးရသည့်အတွက် မိမိကျေနပ်ဝမ်းသာသည်ဟု အေပက်အလှည့်ကျဥက္ကဋ္ဌတာဝန်လွှဲပြောင်းပွဲ၌ ထိုင်းဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အေပက်ထိပ်သီးဆွေးနွေးပွဲကို လာမည့်နှစ်နိုဝင်ဘာ ၁၂ ရက်မှ၁၇ ရက်ထိ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပရန် စီစဉ်ထားကြောင်း အမေရိကန် ဒုတိယသမ္မတက အဆိုပါအခမ်းအနားတွင် အတည်ပြုကြေညာခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ် အေပက်ထိပ်သီးညီလာခံများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ပီရူးနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့က ကမ်းလှမ်းထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## လဆီသို့ခရီးနှင်နေသော အားတီးမစ်-၁ မစ်ရှင်၏ အိုရီယွန်အာကာသယာဉ်က ပထမဆုံးဓာတ်ပုံကို ကမ္ဘာမြေဆီသို့ ပြန်လည်ပေးပို့ခဲ့



**ဝါရှင်တန် နိုဝင်ဘာ ၁၉**

လဆီသို့ခရီးနှင်နေပြီဖြစ်သော အားတီးမစ်-၁ မစ်ရှင်၏ အိုရီယွန် အာကာသယာဉ်သည် ၂၅ ရက်ကြာ မစ်ရှင်၏ ပထမဆုံးသောဓာတ်ပုံကို ကမ္ဘာမြေဆီသို့ ပြန်လည်ပေးပို့ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် အားတီးမစ်-၁ မစ်ရှင်အရ အိုရီယွန်အာကာသယာဉ်ကို နိုဝင်ဘာ ၁၆ ရက်က SLS ဒုံးပျံဖြင့်လွှတ်တင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ကိုးနာရီကျော်အကြာ နိုဝင်ဘာ ၁၇ ရက်တွင် အိုရီယွန် အာကာသယာဉ်သည် ကမ္ဘာမြေကို ပြန်လည်ဓာတ်ပုံရိုက်ကူး၍ မြေပြင်သို့ပြန်လည်ပေးပို့ခဲ့ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

အိုရီယွန်အာကာသယာဉ်သည် အဆိုပါဓာတ်ပုံကို တစ်နာရီလျှင်မိုင် ၅၅၀၀ အမြန်နှုန်းဖြင့် ပျံသန်းရင်း ကမ္ဘာမြေနှင့်မိုင်ပေါင်း ၅၇၀၀၀ ကျော် အကွာသို့ရောက်ရှိချိန်မှာပင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

အိုရီယွန်အာကာသယာဉ်သည် နိုဝင်ဘာ ၂၁ ရက်တွင် လနှင့်အနီးဆုံးအကွာအဝေးသို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ အဆိုပါအာကာသယာဉ်သည် လပတ်လမ်းအတွင်း ရက်အတန်ငယ် ပျံသန်းပြီးနောက် ပျံသန်းရာလမ်းကြောင်းပြင်ဆင်မှုများပြုလုပ်၍ ဒီဇင်ဘာ ၁၁ ရက်တွင် ကမ္ဘာမြေပေါ်ပြန်လည်ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

KKO


## မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီး နှစ်သန်း ၃၅၀ ခန့်က ပေါ်ထွက်ခဲ့သော ကြယ်စုတစ်စုကို ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ် ရှာဖွေတွေ့ရှိခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် Big Bang ခေါ် မဟာပေါက်ကွဲမှုကြီး ဖြစ်ပွားပြီး နှစ်သန်း ၃၅၀ ခန့်က ပေါ်ထွက်ခဲ့သည့် ကြယ်စုတစ်စုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ် ရှာဖွေတွေ့ရှိခဲ့သည့် အဆိုပါကြယ်စုသည် လူသားတို့ ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ ကြယ်စုများအနက် ရှေးအကျဆုံးကြယ်စုဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါကြယ်စုကို NIR Cam ခေါ် ကင်မရာစနစ်ဖြင့် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ရှာဖွေဖော်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အဆိုပါကြယ်စုအပြင် မဟာပေါက်ကွဲမှုကြီးဖြစ်ပွားပြီး နှစ်သန်း ၄၅၀ အကြာတွင် ပေါ်ထွက်လာသည့် ကြယ်စုတစ်စုကိုလည်း ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကြယ်စုနှစ်စုစလုံးသည် အလင်းအား လွန်စွာကောင်းသည်ဖြစ်ရာ ဒြပ်ထုအားဖြင့် အလွန်ကြီးမားနိုင်မည့် ကြယ်စုများဖြစ်ကြကြောင်း နာဆာသိပ္ပံပညာရှင်များက ယူဆထားသည်။

၎င်းကြယ်စု နှစ်စုအတွင်းရှိကြယ်များသည် စကြဝဠာပေါ်ထွက်ပြီးနောက် ပထမဆုံးထွက်ပေါ်လာသည့် ကြယ်များဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO

## အရွယ်အစားလွန်စွာကြီးမားသော ကမ္ဘာဦးရေနေလိပ်မျိုးစိတ်တစ်ခု၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို စပိန်နိုင်ငံ၌ တူးဖော်တွေ့ရှိထား

**မက်ဒရစ် နိုဝင်ဘာ ၁၉**

အရွယ်အစား လွန်စွာကြီးမားသော ကမ္ဘာဦးရေနေလိပ်မျိုးစိတ်တစ်ခု၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို သိပ္ပံပညာရှင်များက စပိန်နိုင်ငံ၌ တူးဖော်တွေ့ရှိထားကြောင်း The Daily Mail သတင်းစာက နိုဝင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ကမ္ဘာဦးရေနေလိပ်မျိုးစိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်းမှာ နှစ်ပေါင်း ၈၃ သန်းထိ ရှိပြီဖြစ်ကြောင်း စပိန်နိုင်ငံ ဘာစီလိုနာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Leviathanochelys Aenigmatica ဟု၍ အမည်ပေးထားသည့် အဆိုပါလိပ်မျိုးစိတ်သစ်သည် ကိုယ်ခန္ဓာအလျား ၁၂ ဒသမ ၂၇ ပေထိရှိရာ ကမ္ဘာပေါ်၌ ရှင်သန်ခဲ့ဖူးသမျှ ရေနေလိပ် မျိုးစိတ်များအနက် အရွယ်အစားအကြီးဆုံး မျိုးစိတ်များထဲတွင် ပါဝင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် Leviathanochelys Aenigmatica သည် ဥရောပ၌ တွေ့ရှိဖူးသမျှ ကမ္ဘာဦးလိပ်များအနက် အရွယ်အစားအကြီးမားဆုံးဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အရွယ်အစား အကြီးမားဆုံး ကမ္ဘာဦး ရေနေလိပ်မျိုးစိတ်အဖြစ် သတ်မှတ်ခံထားရသော လိပ်မျိုးစိတ်မှာ Archelon အမည်ရှိကမ္ဘာဦးလိပ်မျိုးစိတ်ဖြစ်ကြောင်း၊ Archelon လိပ်များသည် လွန်ခဲ့သော နှစ်သန်း ၁၀၀ ဒသမ ၅ နှစ်နှင့် ၆၆ သန်းကြားကာလ ခရီတေးရီးယပ်စ်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြပြီး ကိုယ်ခန္ဓာအလျား ၁၅ ဒသမ ၁ ပေထိနှင့် ကိုယ်အလေးချိန် ၃ ဒသမ ၂ တန်ထိ ရှိတတ်ကြောင်း သိရသည်။

KKO

# HEALTH

## ကိုဗစ်-၁၉ ကူးစက်ခံရပြီးနောက် ခြောက်လအတွင်း သတိလစ်မေ့မြောနိုင်ခြေ မြင့်တက်လာဖွယ်ရှိ

**လန်ဒန် နိုဝင်ဘာ ၁၉**

ကိုဗစ်-၁၉ ကူးစက်ခံရပါကနောင်လာမည့် ခြောက်လအတွင်း သတိလစ်မေ့မြောနိုင်ခြေ မြင့်တက်လာဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

ဗြိတိန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ကိုဗစ်-၁၉ သို့မဟုတ် တုပ်ကွေးရောဂါ ခံစားခဲ့ရသူပေါင်း ၃၀၀၀၀၀ ကျော်တို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ ကိုဗစ်-၁၉ ရောဂါ ခံစားခဲ့ရသူများသည် ရောဂါစစ်ဆေးတွေ့ရှိပြီးနောက် ခြောက်လအတွင်း သတိလစ်မေ့မြောနိုင်ခြေ သို့မဟုတ် တက်နိုင်ခြေ ၅၅ ရာခိုင်နှုန်းမြင့်တက်လာတတ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများအပြင် ကိုဗစ်လက္ခဏာများသာ ပေါ်ထွက်လာသူများတွင်လည်း ရောဂါစစ်ဆေး တွေ့ရှိပြီးနောက် ခြောက်လအတွင်း သတိလစ်မေ့မြောနိုင်ခြေနှင့်တက်နိုင်ခြေမြင့်မားလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် သတိလစ်မေ့မြောနိုင်ခြေ မြင့်တက်မှုတို့ကြား ဆက်စပ်မှုကို ကလေးများတွင် ပိုတွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အထက်ပါအခြေအနေနှစ်ရပ်ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို ရှင်းမပြနိုင်သေးကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်။

KKO

## တုပ်ကွေးရောဂါကာကွယ်ဆေး နှစ်စဉ်ထိုးနှံပါက နှလုံးရပ်တန့်မှုဖြင့် အသက်ဆုံးပါးနိုင်ခြေလျှော့ချနိုင်

**အောတာဝါ နိုဝင်ဘာ ၁၉**

တုပ်ကွေးရောဂါကာကွယ်ဆေးကို နှစ်စဉ်ထိုးနှံပါက နှလုံးရပ်တန့်မှုပြဿနာရှိနေသူများ အသက်ဆုံးပါးနိုင်ခြေ လျှော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က နိုဝင်ဘာ ၁၈ ရက်က ရေးသားတင်ပြထားသည်။

တုပ်ကွေးကာကွယ်ဆေးထိုးနှံမှုသည် နှလုံးရပ်တန့်မှုပြဿနာရှိသူ လူနာများကို တုပ်ကွေးရောဂါမှ ကာကွယ်ပေးနိုင်သည့်အပြင် အဆုတ် ကူးစက်ရောဂါများနှင့် နှလုံးကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေကိုလည်း လျှော့ချပေးနိုင်ကြောင်း ကနေဒါနိုင်ငံ မက်မာစတာတက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ကနေဒါ သုတေသနပညာရှင်များသည် နှလုံးရပ်တန့်မှုပြဿနာရှိသူ လူနာပေါင်း ၅၀၀၀ ကျော်တို့၏ ဆေးဝါးကုသမှုမှတ်တမ်းများကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ တုပ်ကွေးကာကွယ်ဆေး ထိုးနှံထားသူ လူနာများသည် ထိုးနှံခြင်းမရှိသည့် လူနာများနှင့်နှိုင်းယှဉ်ပါက အဆုတ်ရောဂါဖြစ်နိုင်ခြေ ၄၀ ရာခိုင်နှုန်း ကျဆင်းနေတတ်ပြီး နှလုံးရပ်တန့်မှုကြောင့် ဆေးရုံတက်ရနိုင်ခြေမှာလည်း ၁၅ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးရပ်တန့်မှု ပြဿနာရှိသူများသည် အခြားကျန်းမာရေး ပြဿနာများလည်း ခံစားရလွယ်သည်ဖြစ်ရာ ငါးနှစ်အတွင်းအသက်ဆုံးပါးနိုင်ခြေ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်းထိပိုများကြောင်း၊ အလားတူ နှလုံးရပ်တန့်မှု ပြဿနာရှိသူများအနက် ၂၀ ရာခိုင်နှုန်းမှာ နှလုံးကျန်းမာရေး ပြဿနာများကြောင့် နှစ်စဉ် ဆေးရုံတက်ရောက်နေရကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အာဆင်နယ်အသင်းက ပထမဆုံး အားကစားဒါရိုက်တာအဖြစ် အီဒူးကို ခန့်အပ်

**လန်ဒန် နိုဝင်ဘာ ၁၉**

အာဆင်နယ်အသင်းက အသင်းသမိုင်းတစ်လျှောက် ပထမဆုံး အားကစား ဒါရိုက်တာအဖြစ် အသင်းနည်းစနစ်ဒါရိုက်တာ အီဒူးကို ခန့်အပ်ခဲ့သည်ဟု ဒေးလီးမေးလ်သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၄ နှစ်ရှိ အီဒူးသည် ကစားသမားဘဝက အာဆင်နယ်အသင်းတွင် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်ထိ ကစားခဲ့သူဖြစ်ပြီး အနားယူခဲ့ပြီးနောက် ပြီးခဲ့သည့် ၂၀၁၉ခုနှစ်က အာဆင်နယ်အသင်း နည်းစနစ်ဒါရိုက်တာအဖြစ် ခန့်အပ်ခံခဲ့ရခြင်းဖြစ်သည်။

အီဒူးသည် အာဆင်နယ်အသင်း နည်းစနစ်ဒါရိုက်တာရာထူးခန့်အပ်ခံခဲ့ရပြီးနောက် အသင်း၏ အပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုများတွင် ဦးဆောင်လုပ်ကိုင်ခဲ့ရပြီး နည်းပြ အာတီတာကို ခန့်အပ်ခဲ့ကာ အသင်းကို အပြောင်းအလဲများစွာပြုလုပ်ပြီး တိုးတက်အောင် လုပ်ဆောင်ခဲ့ရာတွင် အဓိက အခန်းကဏ္ဍမှ ပါဝင်ခဲ့သည့်အတွက် အာဆင်နယ်အသင်းတာဝန်ရှိသူများက အီဒူးကို အသင်းအားကစားဒါရိုက်တာအဖြစ် ရာထူးတိုးမြှင့်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် အသင်းသမိုင်းတစ်လျှောက် အားကစားဒါရိုက်တာ ရာထူးထားခြင်းမရှိခဲ့ဘဲ ယခုအခါမှသာ ပထမဆုံးအကြိမ်အဖြစ် ခန့်အပ်ခဲ့ပြီး အီဒူးကလည်း အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအားကစားဒါရိုက်တာ ဖြစ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။STA

# ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**အင်္ဂလန် Vs အီရန်**

**ကစားမည့်ရက်/အချိန် ၂၁-၁၁-၂၀၂၂ (ည ၀၇:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အင်္ဂလန်** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(သရေ)** |
| **အီရန်** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(နိုင်)** |

အင်္ဂလန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးခဲ့တယ်ဆိုပေမဲ့ လက်ရှိကစားသမားစုဖွဲ့မှုအရ အီရန်အသင်းကို အနိုင်ရယူဖို့ မခက်ခဲနိုင်ပါဘူး။ အီရန်အသင်းကလဲ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲနိုင်လို့ အင်္ဂလန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း – အင်္ဂလန် ၃ – ၁ အီရန်**

### နိုင်ငံတကာခြေစမ်းပွဲစဉ် ရလဒ်များ

| | | | |
|---|---|---|---|
| အယ်ဘေးနီးယား | ၂ | ၀ | အာမေးနီးယား |
| ယူအေအီး | ၂ | ၁ | ကာဇက်စတန် |
| အက်စတိုးနီးယား | ၂ | ၀ | လစ်သူယေးနီးယား |
| အိုင်ဝရီကို့စ် | ၁ | ၂ | ဘာကီနာဖာဆို |

(ဝ၄ဝ)

### အားကစားသတင်း အတိုအထွာများ

- စီရော်နယ်ဒို၏ အင်တာဗျူးအစီအစဉ်ပေါ်ထွက်ခဲ့ပြီးနောက် မန်ယူအသင်းကတိုက်စစ်မှူး စီရော်နယ်ဒိုနှင့် တရားဝင်စာချုပ်ဖျက်သိမ်းရန် ဆုံးဖြတ်ထားကြောင်း သိရသည်။
- စပိန်အသင်းအနေဖြင့် ကမ္ဘာ့ဖလားမရရှိခဲ့ပါက တိုက်စစ်မှူး မက်ဆီ၏ အာဂျင်တီးနားအသင်းသို့မဟုတ် ဆွာရက်ဇ်၏ ဥရုဂွေးအသင်းတို့ ကမ္ဘာ့ဖလားရရှိသည်ကို မြင်စေချင်ကြောင်း နည်းပြအင်းနရစ်က ပြောကြားခဲ့သည်။
- မန်စီးတီးအသင်းက ရောင်းချရန် ပြင်ဆင်နေသောကြောင့် အသင်း၏အနာဂတ်နှင့် ပတ်သက်၍ စိုးရိမ်နေရကြောင်း ကွင်းလယ်ကစားသမားဂရီလစ်က ပြောကြားခဲ့သည်။

ML

# ရာဘီယို့စ်ကိုရောင်းချ၍ မီလင်ကိုဗစ်ဆာဗစ်ကိုခေါ်ယူရန် ဂျူဗင်တပ်အသင်းကြိုးပမ်း




**ရောမ နိုဝင်ဘာ ၁၉**

ဂျူဗင်တပ်အသင်းသည် လာဇီယိုအသင်း ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ဆာဗစ်ကို ခေါ်ယူရန် ဘဏ္ဍာရေး လိုအပ်ချက်အတွက် လာမည့်နွေရာသီတွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည့် ရာဘီယို့စ်ကိုရောင်းချ၍ ခေါ်ယူရန် ကြိုးပမ်းနေကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ဂျူဗင်တပ်အသင်းသည် ကွင်းလယ်ကစားသမား မီလင်ကိုဗစ်ဆာဗစ်ကိုခေါ်ယူရန် ကာလရှည်စောင့်ကြည့်နေသော်လည်း ကစားသမား၏ပြောင်းရွှေ့ကြေးမြင့်မားမှုကြောင့် အခက်တွေ့နေပြီး အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရမည့် ရာဘီယို့စ်ကို လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရောင်းချ၍ ဘဏ္ဍာရေးလိုအပ်ချက်ကို ဖြည့်သွားရန်ဆုံးဖြတ်ထားသည်။

ထို့ပြင် ဂျူဗင်တပ်အသင်းနှင့် လာဇီယိုအသင်းတို့ နိုဝင်ဘာ ၁၄ ရက်က ကစားခဲ့သည့် ပွဲစဉ်အပြီးတွင်လည်း အသင်းဒါရိုက်တာ ချာရူဘီနီက မီလင်ကိုဗစ်ဆာဗစ်၏ အေးဂျင့်ဖြင့် တွေ့ဆုံခဲ့ပြီးအပြောင်းအရွှေ့အတွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဂျူဗင်တပ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမား ရာဘီယို့စ်ကို မန်ယူ၊ အာဆင်နယ်၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ အပါအဝင် ဥရောပထိပ်သီးကလပ်များက စိတ်ဝင်စားနေသကဲ့သို့ ကစားသမားကိုယ်တိုင်ကလည်း အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကာ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ဆုံးဖြတ်ချက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ML

# DP World Tour Championship ပြိုင်ပွဲအမှတ်ပေးဇယားကို ဖစ်ပက်ထရစ်နှင့် ဟက်တန်တို့ ပူးတွဲဦးဆောင်

**ဒူဘိုင်း နိုဝင်ဘာ ၁၉**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပနေသည့် DP World Tour Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ဖစ်ပက်ထရစ်နှင့် ဟက်တန်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျှော့ရိုက်ကာအမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Skysports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆွီဒင် ဂေါက်သီးရိုက်ကစားသမား နီရင်နှင့် စပိန်ဂေါက်သီးရိုက်ကစားသမား အာနော့တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျှော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဖစ်ပက်ထရစ်က "ဒုတိယနေ့ထိ ကစားထားနိုင်တဲ့ စွမ်းဆောင်ရည်နဲ့ ရလဒ်ပိုင်းကိုအားရကျေနပ်မှုရှိပါတယ်။ အခက်အခဲတွေကြားထဲကနေ အခုလိုရလဒ်ကောင်းထွက်ပေါ်အောင် ကစားထားနိုင်လို့ တကယ်ကို ဝမ်းသာမိပါတယ်။ ပြိုင်ပွဲဝင် တော်တော်များများကလဲ ရလဒ်ကောင်းခဲ့ကြတယ်။ နောက်ဆုံးနေ့ထိ အကြိတ်အနယ်ကစားသွားရမယ့် အခြေအနေပါ။ ကစားရမယ့် ကျင်းက ၃၆ ကျင်းထိကျန်နေသေးလို့ ချန်ပီယံအတွက်ကတော့ ခန့်မှန်းရခက်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့တစ်ရက်ချင်းစီ တစ်ကျင်းစီ အာရုံစိုက်သွားမယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဟက်တန်သည် ဒုတိယနေ့တွင် ကျင်းနံပါတ်(၁၇) ၌ ပေ ၂၀ အကွာမှ ကျင်းဝင်အောင်ရိုက်နိုင်ခဲ့သည့်အတွက် Birdies ရခဲ့ပြီးအမှတ်ပေးဇယားအားဖစ်ပက်ထရစ်နှင့် အတူ ပူးတွဲဦးဆောင်ခွင့်ရခဲ့သည်။

ဖစ်ပက်ထရစ်သည် ဒုတိယနေ့တွင် Greenway အတွင်း ပုံမှန်ရောက်အောင် ရိုက်နိုင်ခဲ့ခြင်း မရှိသော်လည်း အခက်အခဲများကြားမှ ရလဒ်ကောင်းများရအောင် အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဇယားကိုဦးဆောင်ထားနိုင်ကြောင်း သိရသည်။

AZL



# LPGA Tour Championship ပြိုင်ပွဲအမှတ်ပေးဇယားကို နယူးဇီလန်ကစားသမား လိုင်ဒီယာကို ဦးဆောင်

**ဝါရှင်တန် နိုဝင်ဘာ ၁၉**

တစ်နှစ်တာ အကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် နယူးဇီလန်ဂေါက်သီးရိုက်မယ် လိုင်ဒီယာကိုသည် အမေရိကန်နိုင်ငံဖလော်ရီဒါပြည်နယ်တွင် ကျင်းပနေသည့် LPGA Tour Championship အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ကြောင်း RFIသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲ ရာသီကုန်ဆုံးရန် နီးကပ်လာသည်နှင့်အမျှ ကမ္ဘာ့အဆင့်(၁)နေရာဖြင့် ရာသီတစ်ခုကိုအဆုံးသတ်နိုင်ရေးနှင့် တစ်နှစ်တာအကောင်းဆုံး ဂေါက်သီးရိုက်မယ်ဆုအတွက် ဂေါက်သီးရိုက်ကစားသမားများကြား အကြိတ်အနယ်ရှိလာခဲ့သည်။

လိုင်ဒီယာကိုက "အကောင်းဆုံးပုံစံပြန်ရနေပြီလို့ခံစားမိပါတယ်။ကစားပုံတော်တော်လေးကိုတိုးတက်လာပါပြီ။ အရင်တုန်းကထက်ပိုကောင်းတာ မကောင်းတာတော့ ကျွန်မကိုယ်တိုင်လဲမသိဘူး။ ကျွန်မသိလာတာတစ်ခုကတော့ အရင်တုန်းကထက် အတွေ့အကြုံပိုင်း သိသိသာသာတိုးတက်လာတယ်။ ဒုတိယနေ့မှာဆို လေတိုက်နှုန်းအားကောင်းတယ်။ လေတိုက်နှုန်းအားကောင်းတဲ့အချိန်မှာ အယူအဆပိုင်းကပုံမှန်အတိုင်းယူဆလို့မရဘူး။ အပြောင်းအလဲလေးတွေလုပ်ရတယ်။ ဒါကလဲ အတွေ့အကြုံက စကားပြောသွားတယ်။ ပြိုင်ပွဲထဲမှာ ကျင်းတစ်ကျင်းချင်းစီအလိုက်ကိုသေချာအာရုံစိုက်ကစားခဲ့တယ်။ ကိုယ့်ကိုယ်ကိုယ် အရမ်းကြီးတော့ ဖိအားမပေးပါဘူး။ လွတ်လွတ်လပ်လပ်နဲ့ ပေ့ါပေ့ါပါးပါးပဲ ကစားတယ်။ နောက်ဆုံးနေ့ထိ ဒီလိုပဲ ပေ့ါပေ့ါပါးပါးကစားသွားနိုင်အောင် ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့သည်။

အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေသည့် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်ယိုဂျူက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျှော့ရိုက်ထားနိုင်ခဲ့သည်။

ကမ္ဘာ့အဆင့် (၁) ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါအပါအဝင် ပြိုင်ပွဲ ဝင်လေးဦးထိက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်နေကြောင်း သိရသည်။ AZL

# Nitto ATP Finals တင်းနစ်ပြိုင်ပွဲတွင် မျက်ဒဗျက်က ဂျိုကိုဗစ်အားရှုံးနိမ့်


**တူရင် နိုဝင်ဘာ ၁၉**

အီတလီနိုင်ငံ တူရင်မြို့တွင် ကျင်းပနေသည့် Nitto ATP Finals တင်းနစ်ပြိုင်ပွဲ အနီရောင်အုပ်စု၏ နောက်ဆုံးအုပ်စုပွဲစဉ်အဖြစ် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်နှင့် ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျိုကိုဗစ်က (၆-၃၊ ၆-၇၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း The National သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မျက်ဒဗျက်အနေဖြင့် ဂျိုကိုဗစ်ကို အနိုင်ရရှိခဲ့ပါက အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်ရေးအတွက် မျှော်လင့်ချက်အနည်းငယ်ရှိနေသေးသော်လည်း ဂျိုကိုဗစ်အားရှုံးနိမ့်ခဲ့ရသည့်အတွက် ပြိုင်ပွဲမှထွက်ခွာသွားခဲ့ရပြီဖြစ်သည်။

ဂျိုကိုဗစ်သည် မျက်ဒဗျက်ကို ပထမပွဲငယ်တွင် အနိုင်ရရှိခဲ့ပြီး ဒုတိယပွဲငယ်တွင် သက်လုံပိုင်းသိသိသာသာကျဆင်း၍ ရှုံးနိမ့်ခဲ့ရသော်လည်း တတိယပွဲငယ်တွင် မျက်ဒဗျက်က အမှားများခဲ့ခြင်းကြောင့်သာ ဂျိုကိုဗစ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်က "ပထမပွဲငယ်မှာ အကောင်းဆုံးပုံစံနဲ့ ကစားနိုင်ခဲ့တယ်။ ဒုတိယပွဲငယ်မှာတော့ အမှားများခဲ့သလို သက်လုံပိုင်းက စကားပြောလာတယ်။ မျက်ဒဗျက် ကစားသွားတာ အရမ်းကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ကြံ့ခိုင်မှုပိုင်းက အားနည်းချက်တွေရှိနေတယ်လို့ခံစားရတယ်။ ထင်ထားတာထက်ပိုပြီး မောဟိုက်လာတယ်လို့လဲခံစားရတယ်။ ဒုတိယပွဲငယ်မှာ



Tie-break ထိ ကစားခဲ့ရပြီးမှရှုံးနိမ့်ခဲ့ရတယ်။ တတိယပွဲငယ်မှာလဲTie-break ထိ ကစားခဲ့ရတယ်။ ရလဒ်ကို ကြည့်ခြင်းအားဖြင့် ကျွန်တော့်အနေနဲ့ သက်လုံပိုင်းအားနည်းနေတဲ့အတွက် ရှုန်းကန်ခဲ့ရတယ်ဆိုတာ သိသာပါတယ်။ ဒါပေမဲ့လဲ ဆီမီးဖိုင်နယ်အဆင့်မှာ အကောင်းဆုံးကစားသွားနိုင်အောင် ပြင်ဆင်သွားမယ်"ဟု ပြောကြားခဲ့သည်။ AZL

# နိုဝင်ဘာလအတွက် မန်ယူအသင်းအကောင်းဆုံး ကစားသမားဆုကို ဂါနာချို ဆွတ်ခူး

**မန်ချက်စတာ နိုဝင်ဘာ ၁၉**

မန်ယူအသင်းက လစဉ်ပေးအပ်သည့် နိုဝင်ဘာလအတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို စီနီယာကစားသမားများကို ကျော်ဖြတ်ပြီး လူငယ်တောင်ပံကစားသမား ဂါနာချိုက ဆွတ်ခူးနိုင်ခဲ့သည်ဟု မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂါနာချိုသည် မန်ယူအသင်းကစားသမားဘဝ ပထမဆုံးသွင်းဂိုးအဖြစ် ပြီးခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်အဖြစ်ကစားခဲ့သည့် ဆိုစီဒက်အသင်းနှင့်ပွဲစဉ်တွင် စတင်သွင်းယူနိုင်ခဲ့ပြီးနောက် အသင်း ဘယ်တောင်ပံတိုက်စစ်နေရာတွင် ဆန်ချို ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့်အချိန်၌ ပါဝင်ကစားခွင့်ရရှိခဲ့သည့် ပွဲစဉ်များတွင်လည်း ခြေစွမ်းပြသ၍ ဂိုးများလည်း သွင်းယူနိုင်ခဲ့သူဖြစ်သည်။

ဂါနာချိုသည် နိုဝင်ဘာလအတွင်း ကစားခဲ့သည့် မန်ယူအသင်းနှင့်ပွဲစဉ်တွင် ကွာရာဘောင်းဖလားပြိုင်ပွဲအဖြစ် အေဗီလာအသင်းနှင့် ပွဲစဉ်တွင်လည်း ခြေစွမ်းပြသပြီး သွင်းဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်တွင်လည်း အသင်းအတွက် အဖိုးတန် အနိုင်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ကစားသမားဘဝမှ ပထမဆုံးပရီးမီးယားလိဂ် သွင်းဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်း၏ နိုဝင်ဘာလအတွက် အကောင်းဆုံးကစားသမားဆု ဆန်ခါတင်ကစားသမား စာရင်း၌ ဂါနာချိုသည် ဂိုးသမား ဒီဂီယာနှင့် ကွင်းလယ်ကစားသမား ကက်စ်မဲရိုးတို့နှင့် ပါဝင်လာခဲ့ပြီး ၎င်းတို့ကို ကျော်ဖြတ်ကာ ပထမဆုံးအကြိမ်အဖြစ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

STA



# အိုဆာဆူနာနှင့်ပွဲစဉ်တွင် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံရသည့် လီဝမ်ဒေါစကီး သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရ

**မက်ဒရစ် နိုဝင်ဘာ ၁၉**

ကမ္ဘာ့ဖလားမတိုင်မီ ကျင်းပခဲ့သည့် လာလီဂါအမှတ်ပေးပွဲစဉ် (၁၄) တွင် ဘာစီလိုနာအသင်းက အိုဆာဆူနာအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း တိုက်စစ်မှူး လီဝမ်ဒေါစကီးသည် နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရပြီးနောက် သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခံရကြောင်း Barcablaugranes.com က ယနေ့တွင် ဖော်ပြခဲ့သည်။



အဆိုပါပွဲစဉ်တွင် လီဝမ်ဒေါစကီးသည် ပွဲချိန် ၁၁ မိနစ်တွင် အဝါကတ်တစ်ကြိမ်၊ ပွဲချိန် ၃၁ မိနစ်တွင် အဝါကတ်တစ်ကြိမ်ဖြင့် နှစ်ဝါတစ်နီ ပြသခံရကာကွင်းအတွင်းမှ ထွက်ခွာခဲ့ချိန်တွင် ကွင်းလယ်ဒိုင်ကို မထီမဲ့မြင်ပြုသည့် အမူအရာကြောင့် လာလီဂါ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ၎င်းကိုစွဲချက်တင်၍ သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

လီဝမ်ဒေါစကီးက "ကျွန်တော် ကွင်းထဲကထွက်ခွာချိန်မှာကျွန်တော့်ရဲ့အမူအရာက ကွင်းလယ်ဒိုင်ကို မရည်ရွယ်ပါဘူး။ ကျွန်တော့်နည်းပြအတွက် ကျွန်တော်လုပ်ပြတယ်ဆိုတာ အားလုံးသိပါတယ်။ စည်းကမ်းထိန်းသိမ်းရေးကော်မတီအနေနဲ့လဲ အခုလိုအမြင့်ဆုံး ပြစ်ဒဏ်ချမှတ်မယ်လို့ မထင်ခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ လာမဲ့ ပွဲစဉ်တွေဟာ အက်စ်ပန်ညို၊ အေတီကို၊ ဘက်တစ်တို့နဲ့ ပွဲကျပ်ကစားရမှာပါ။ လက်ရှိ သုံးပွဲပယ်ပြစ်ဒဏ်ဟာ အမြင့်ဆုံး ဖြစ်နေတာကြောင့် စိတ်ပျက်မိပါတယ်" ဟု ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် တိုက်စစ်မှူး လီဝမ်ဒေါစကီးက ဘာစီလိုနာအသင်းအနေဖြင့် အဆိုပါပြစ်ဒဏ်ကို အတတ်နိုင်ဆုံးလျှော့ချနိုင်မည်ဟု ယုံကြည်နေပြီးအသင်းတာဝန်ရှိသူများကလည်း တိုက်စစ်မှူး လီဝမ်ဒေါစကီးအတွက် အယူခံတင်သွင်းထားသော်လည်း စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြန်လည်တုံ့ပြန်ခြင်း မရှိသေးကြောင်း သိရသည်။

ML

# တူးလော့အသင်းကစားသမား ချာအီဘီကို ခေါ်ယူရန် အာဆင်နယ်အသင်း ပြင်ဆင်

**လန်ဒန် နိုဝင်ဘာ ၁၉**

ပရီးမီးယားလိဂ် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် အာဆင်နယ်အသင်းသည် အသင်းတိုက်စစ်ပိုင်းကို မြှင့်တင်ရန်အတွက် တူးလော့အသင်း ကွင်းလယ်ကစားသမားချာအီဘီကိုခေါ်ယူရန် ပြင်ဆင်နေကြောင်း FootMercato.net က ယနေ့တွင် ဖော်ပြခဲ့သည်။

မာရက်ဇ်လက်သစ်ဟု တင်စားခံထားရသည့် အသက် ၁၉ နှစ်ရှိ ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီ ပြင်သစ်လီဂူးပြိုင်ပွဲတွင် ပထမဆုံးပွဲထွက်ခွင့်ရရှိခဲ့သော်လည်း ၁၃ ပွဲပါဝင်ခဲ့ရာသွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှု လေးကြိမ်ထိ ခြေစွမ်းပြနိုင်ခဲ့သဖြင့် လူငယ်ကစားသမားများဖြင့် အသင်း၏ကစားကွက်ပိုင်းကိုပုံဖော်နေသည့် နည်းပြအာတီတာက ၎င်းကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

လူငယ်ကစားသမား ချာအီဘီသည် အသင်းနှင့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း တူးလော့အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းလာပါက ရောင်းချသွားမည်ဖြစ်ပြီး လက်ရှိတွင်အာဆင်နယ်အသင်းအနေဖြင့် ချာအီဘီကို ခေါ်ယူရန် စိတ်ဝင်စားနေသည့် စပိန်ကလပ် ဆီဗီလာအသင်းနှင့် အပြိုင်ကြိုးပမ်းရမည်ဖြစ်သည်။



အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ပုံစံကောင်းများပြသ၍ အမှတ်ပေးဇယားကို ဦးဆောင်နေသော်လည်း ပရီးမီးယားလိဂ်ချန်ပီယံဆုကို စိန်ခေါ်နိုင်ရန်အတွက် အသင်းမှ လူငယ်ကစားသမားများဖြစ်သည့် ဆာကာ၊ မာတင်နယ်လီတို့ကို သက်တမ်းတိုးရန် ကြိုးပမ်းနေသည့်အပြင် ချာအီဘီအပါအဝင် ရှက်တာဒိုးနက်ကွင်းလယ်ကစားသမား မက်ဒရိုင်းနှင့် ဂျူဗင်တပ် ကွင်းလယ်ကစားသမားရာဘီယို့စ်တို့ကိုလည်း ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ML

# ကမ္ဘာ့ဖလားပြိုင်ပွဲတွင် Adidas က အထူးသီးသန့်ထုတ်လုပ်ပေးထားသည့် ရွှေရောင်ဖိနပ်ကို မက်ဆီ ဝတ်ဆင်ကစားမည်

**ဗျူနိုဗ်အေရိစ် နိုဝင်ဘာ ၁၉**

အာဂျင်တီးနား အသင်းတိုက်စစ်ကစားသမား မက်ဆီသည် လာမည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် Adidas က ၎င်းအတွက် သီးသန့် ထုတ်လုပ်ထားသည့် ရွှေရောင်ဖိနပ်ကို ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မက်ဆီသည်၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အာဂျင်တီးနားအသင်းနှင့်အတူ နောက်ဆုံးနိုင်ငံတကာပွဲစဉ်အဖြစ် ကစားမည်ဖြစ်ပြီး နောက်ဆုံးပြိုင်ပွဲတွင် Adidas က မက်ဆီအတွက် ရွှေရောင်ဖိနပ်ကို သီးသန့်ထုတ်လုပ်ပြီး ဂုဏ်ပြုမှုတစ်ရပ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

Adidas က မက်ဆီအတွက် သီးသန့် ထုတ်လုပ်ပေးထားသည့် ဖိနပ်ကို ရွှေရောင်အသုံးပြုထားပြီး ဖိနပ်ကို Adidas X Speedportal ဟုအမည်ပေးထားကာ ဖိနပ်ပေါ်တွင်လည်း စပိန်ဘာသာဖြင့် Ley-enda (ဂန္ထဝင်) ဟု ရေးသားထားခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မက္ကဆီကိုအသင်း၊ ပိုလန်အသင်း၊ ဆော်ဒီအာရေဗျ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိနေပြီး အဖွင့်ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် ဆော်ဒီအာရေဗျ အသင်းနှင့်ကစားရမည်ဖြစ်သည်။

လက်ရှိတွင် မက်ဆီအနေဖြင့် အသေးစား ဒဏ်ရာရရှိနေသည့်အတွက် အဖွင့်ပွဲစဉ်အဖြစ်ကစားမည့် ဆော်ဒီအာရေဗျအသင်းနှင့် ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေပြီး နိုဝင်ဘာ ၂၇ ရက်တွင် ကစားမည့် မက္ကဆီကိုအသင်းနှင့် ပွဲစဉ်မှသာ ပြန်လည် ပါဝင်ဖွယ်ရှိနေကြောင်း သိရသည်။

STA

# အလယ်အာရှနိုင်ငံများကို ရိုက်ခတ်လာသော ယူကရိန်းအရေး




**ရုရှား-အလယ်အာရှခေါင်းဆောင်များ ထိပ်သီးအစည်းအဝေး ကာဂျစ်စတန်နိုင်ငံတွင် ကျင်းပစဉ်။**

ရုရှား-ယူကရိန်းပဋိပက္ခသည် ပထဝီနိုင်ငံရေးဆိုင်ရာ ကမောက်ကမများ ဖြစ်ပေါ်စေလျက်ရှိသည့်အပြင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးတွင် ပြဿနာများစွာကို ဖန်တီးလျက်ရှိသည်။ ပဋိပက္ခစတင်ဖြစ်ပွားကတည်းကပင် စွမ်းအင်နှင့် လယ်ယာထွက်ကုန်ပစ္စည်းများဈေးနှုန်းခေါင်ခိုက်လာခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးမတည်ငြိမ်မှုသည် ဒေသများစွာတွင် သက်ရောက်မှုမျိုးစုံ ဖြစ်ပေါ်စေလျက်ရှိသည်။ ရုရှား-ယူကရိန်းပဋိပက္ခကြောင့် သက်ရောက်မှုအများဆုံးဖြစ်ပွားလျက်ရှိသော ဒေသတစ်ခုသည် အလယ်အာရှဒေသပင်ဖြစ်သည်။

အလယ်အာရှဒေသနိုင်ငံများရှိ ပြည်သူများသည် အပြုသဘောမဆောင်သော ရုရှား-ယူကရိန်းပဋိပက္ခကို ဆန့်ကျင်ကန့်ကွက် ရှုတ်ချလျက်ရှိကြသည်။ သာဓကအနေဖြင့် အလယ်အာရှသုတေသနပြုအဖွဲ့ (CAB) သည် ၂၀၂၂ ခုနှစ် မေလမှ ဇွန်လအတွင်း အလယ် အာရှနိုင်ငံများမှ ပြည်သူများကိုမေးမြန်း၍ လေ့လာဆန်းစစ်ချက်လုပ်ဆောင်ခဲ့ရာ အများစုက စစ်ပွဲကို အနုတ်သဘောဆောင်ကြောင်း တုံ့ပြန်ဖြေကြားခဲ့သည်။

ကာဂျစ်စတန်ပြည်သူ ၃၄ ရာခိုင်နှုန်းခန့်က စစ်ပွဲသည် ၎င်းတို့တိုင်းပြည်အပေါ် အလွန်အမင်းဆိုးကျိုးဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ကာဇက်စတန်ပြည်သူ ၂၀ ရာခိုင်နှုန်းခန့်ကလည်း ၎င်းတို့နိုင်ငံအပေါ် ဆိုးကျိုးများစွာဖြစ်ပေါ်စေလျက်ရှိကြောင်း အသီးသီးတုံ့ပြန်ဖြေကြားခဲ့ကြသည်။ ပြည်သူများသည် ၎င်းတို့၏ နေ့စဉ်လူနေမှုဘဝနှင့် အခြေခံလိုအပ်ချက်ဖြစ်သည့် ကုန်ပစ္စည်းများ ဝယ်ယူနိုင်စွမ်းတို့အပေါ် ဆိုးကျိုးသက်ရောက်လာနိုင်မှုနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်လျက်ရှိကြသည်။ အလယ်အာရှနိုင်ငံများတွင် ကုန်ဈေးနှုန်းများ မြင့်တက်လျက်ရှိသောကြောင့် ပြည်သူများ အတိဒုက္ခရောက်နေပြီဖြစ်သည်။ ကုန်ဈေးနှုန်းများမြင့်တက်လာမှုအပေါ် စိုးရိမ်ပူပန်မှုဖြစ်သလားဟု CAB က စစ်တမ်းကောက်ယူခဲ့ရာတွင် အများစုက စိုးရိမ်ပူပန်ကြောင်းဖြေကြားခဲ့ပြီး ဥဇဘက်ကစ္စတန်ပြည်သူ ၂၉ ရာခိုင်နှုန်းနှင့် ကာဇက်စတန်ပြည်သူ ၂၅ ရာခိုင်နှုန်းတို့သည် ကုန်ဈေးနှုန်းများ မြင့်တက်လာမှုအပေါ် အလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြသည်။

အလယ်အာရှနိုင်ငံများရှိ ပြည်သူများ၏ အဓိကစိုးရိမ်ပူပန်မှုသည် အစားအစာနှင့်အဝတ်အစားကဲ့သို့သော အခြေခံလိုအပ်သည့် ကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်လာမှုပင်ဖြစ်သည်။ ဥဇဘက်ကစ္စတန်ပြည်သူ ၁၈ ရာခိုင်နှုန်းနှင့် ကာဂျစ်စတန်ပြည်သူ ၂၄ ရာခိုင်နှုန်းတို့သည် ရုရှား-ယူကရိန်းပဋိပက္ခ၏အကျိုးဆက်ကြောင့် အခြေခံလိုအပ်ချက် ကုန်ပစ္စည်းများဈေးနှုန်းမြင့်တက်လျက်ရှိသည်ဟု ယုံကြည်ယူဆထားကြသည်။

ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာမှုနှင့်စပ်လျဉ်း၍ ပြည်သူများ၏ ထင်မြင်ချက်သည် လက်တွေ့ဖြစ်လာပြီဖြစ်သည်။ စစ်ပွဲစတင်ဖြစ်ပွားကတည်းက ငွေကြေးဖောင်းပွမှုကြောင့် ဒေသတွင်းရှိ လူနေမှုစရိတ်များ မြင့်တက်လာလျက်ရှိသည်။ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဥရောပဘဏ် (EBRD) ၏ အဆိုပြုချက်အရ ဒေသတွင်း ငွေကြေးဖောင်းပွမှုနှုန်းသည် ၁၆ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့သည်ဟုဆိုသည်။

စင်စစ်အားဖြင့် စွမ်းအင်နှင့်စားနပ်ရိက္ခာသည် မိသားစုများ၏ နေ့စဉ်လူနေမှုဘဝအတွက် များစွာအရေးပါလျက်ရှိသည်။ ရုရှားနိုင်ငံသည် ယူရေးရှားစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ ကောက်ပဲသီးနှံတင်ပို့မှုရပ်ဆိုင်းခဲ့ပြီးနောက် လယ်ယာထွက်ကုန်များသည် ဈေးနှုန်းမြင့်တက်လာခဲ့သည်။ စားနပ်ရိက္ခာဈေးနှုန်းများအပြင် ခေါင်ခိုက်နေသော လောင်စာဆီဈေးနှုန်းသည် လူနေမှုစရိတ်များ ပိုမိုမြင့်တက်လာစေခဲ့သည်။ သဘာဝဓာတ်ငွေ့သည် အလယ်အာရှနိုင်ငံများအတွက် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် ဥဇဘက်ကစ္စတန်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့သည် လူနေမှုစရိတ်နှင့် စားသုံးကုန်များဈေးနှုန်း အဆမတန်မြင့်တက်မှုနှင့် ရင်ဆိုင်ရလျက်ရှိသည်။

မကြာသေးမီအချိန်အတွင်းက ကာဇက်စတန်နှင့် တာဂျစ်ကစ္စတန်သို့ ရုရှားနိုင်ငံသားများ စုပြုံရောက်ရှိလာခြင်းသည် ဒေသခံများအတွက် ကောင်းကျိုးနှင့်ဆိုးကျိုးများစွာ ရောထွေးဖြစ်ပေါ်စေလျက်ရှိသည်။ ရုရှားတို့သည် ဒေသခံများထက် ဝင်ငွေမြင့်မားသောကြောင့် ဒေသတွင်းနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သော်လည်း အခြားတစ်ဖက်တွင်မူ ငွေကြေးဖောင်းပွမှုပိုမိုဖြစ်ပေါ်စေပြီး စားနပ်ရိက္ခာနှင့် အိမ်ခြံမြေဈေးနှုန်းများ မြင့်တက်လာစေသောကြောင့် ဒေသခံများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။

ပြည်ပတွင် အလုပ်လုပ်သူများက လွှဲပြောင်းပို့ငွေများသည် အဓိကစိုးရိမ်ပူပန်စရာပင်ဖြစ်သည်။ ရာသီအလိုက် ရုရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်းသည် အလယ်အာရှနိုင်ငံများမှပြည်သူများ၏ လူနေမှုဘဝအတွက် များစွာအရေးပါလျက်ရှိသည်။ အကြောင်းမူကား ရုရှားနိုင်ငံတွင် အလုပ်လုပ်ခြင်းသည် ဝင်ငွေပိုမိုရရှိသောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ရုရှားနိုင်ငံသည် အလယ်အာရှနိုင်ငံများမှပြည်သူများအတွက် ရာသီအလိုက် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာတွင် အဓိကရွေးချယ်ရန်နေရာတစ်ခုပင်ဖြစ်သည်။ ဥဇဘက်ကစ္စတန်နိုင်ငံသား ၄၀ ရာခိုင်နှုန်းနှင့် ကာဂျစ်စတန်နိုင်ငံသား ၅၆ ရာခိုင်နှုန်းတို့သည် ရုရှားနိုင်ငံတွင် သွားရောက်ကာ အလုပ်လုပ်ကိုင်လျက်ရှိကြသည်။ ဆိုရလျှင် ပြည်ပတွင်အလုပ်လုပ်သူများက လွှဲပြောင်းငွေသည် အလယ်အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် များစွာအရေးပါလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ပတွင်အလုပ်လုပ်သူများထံမှ လွှဲပြောင်းငွေသည် GDP ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာဂျစ်စတန်တွင် ၃၁ ရာခိုင်နှုန်းနှင့် တာဂျစ်ကစ္စတန်တွင် ၂၆ ရာခိုင်နှုန်း ပါဝင်ခဲ့ကြောင်း တွေ့ရှိသည်။

အလယ်အာရှနိုင်ငံများသို့ ပြည်ပဝင်ငွေစီးဆင်းမှုများ မြင့်တက်လာလျက်ရှိသော်လည်း ယူကရိန်းအရေးနှင့် ရုရှားနိုင်ငံအပေါ်ပိတ်ဆို့မှုများသည် မသေချာမရေရာမှုများ ဖြစ်ပေါ်စေလျက်ရှိပြီး အနာဂတ်တွင် အလယ်အာရှနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများတွင် မျှော်မှန်းမထားသော အန္တရာယ်များဖြစ်ပေါ်လာနိုင်ပေသည်။ စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ပြီးနောက် ယိုယွင်းလာသော စီးပွားရေးဝန်းကျင်သည် ရွှေ့ပြောင်းလုပ်သားများ မတည်မငြိမ်ဖြစ်ပေါ်စေလျက်ရှိပြီး ပြည်ပတွင်အလုပ်လုပ်ကိုင်မှုမှရရှိသော ဝင်ငွေသည်လည်း တည်ငြိမ်မှုမရှိနိုင်တော့ပေ။ ဆက်လက်ဖြစ်ပွားလျက်ရှိသော ယူကရိန်းအရေးသည် ပြည်သူများ၏စိုးရိမ်ပူပန်မှုကို ပိုမိုမြင့်တက်စေလျက်ရှိသည်။ ထို့ကြောင့် ပြည်ပတွင် အလုပ်လုပ်နေသူများထံမှ ဝင်ငွေလွှဲပြောင်းမှုသည် ကာဂျစ်စတန်တွင် ၃၃ ရာခိုင်နှုန်း၊ ဥဇဘက်ကစ္စတန်တွင် ၂၁ ရာခိုင်နှုန်းနှင့်



**ရုရှားတပ်ဖွဲ့ဝင်များ ယူကရိန်းနယ်စပ်သို့ ချီတက်နေသည်ကို တွေ့ရစဉ်။**

တာဂျစ်ကစ္စတန်တွင် ၂၂ ရာခိုင်နှုန်းထိ အသီးသီးကျဆင်းလာမည်ဟု မျှော်မှန်းထားကြောင်း ကမ္ဘာ့ဘဏ်က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ထားရှိသည်။

ထို့ပြင် CAB ကလည်း နိုင်ငံတကာစီးပွားရေးလုပ်ငန်းများတွင် မသေချာမရေရာမှုများဖြစ်ပေါ်လာခြင်းသည် အလယ်အာရှနိုင်ငံများအပေါ် သက်ရောက်မှုမျိုးစုံဖြစ်ပေါ်စေလျက်ရှိကြောင်း ထုတ်ပြန်ထားရှိသည်။ သို့သော် နိုင်ငံတကာစွမ်းအင်ဈေးကွက်တွင် စက်သုံးဆီနှင့် သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာခြင်းသည် ကာဇက်စတန်နှင့် တာ့ခ်မင်နစ္စတန်နိုင်ငံတို့တွင် ဝင်ငွေခွန်များပိုမိုရရှိခဲ့ပြီး တရုတ်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံသို့ ပြန်လည်တင်ပို့ခြင်းသည် ကာဂျစ်စတန်ရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။

အပြုသဘောဆောင်သော အဆိုပါအကျိုးသက်ရောက်မှုများရှိနေသော်လည်း ဆိုးကျိုးသက်ရောက်မှုများလည်း ဖြစ်ပေါ်စေလျက်ရှိသည်။ ယူကရိန်းအရေးကြောင့် ရုရှားစီမံကိန်းအများစုကို ရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်းများ လုပ်ဆောင်ခဲ့ရသည်။ ထိုသို့လုပ်ဆောင်ခြင်းအားဖြင့် အလုပ်သမားခန့်ထားမှုအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင် ကုန်ထုတ်လုပ်မှုစရိတ်များ မြင့်တက်လာခြင်းသည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေလျက်ရှိသည်။ ယခုနှစ် ဖေဖော်ဝါရီလကတည်းက ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်နှင့် ကာဂျစ်စတန်တို့ရှိ ကုမ္ပဏီများသည် ကုန်ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားမှုအပြင် ရုရှားနှင့်ယူကရိန်းတို့မှ ကုန်ပစ္စည်းများတင်သွင်းရာတွင် အခက်အခဲ ကြုံတွေ့ရလျက်ရှိသည်။ အကျိုးဆက်အနေဖြင့် ယှဉ်ပြိုင်မှုပိုမိုပြင်းထန်လာခြင်း၊ မသေချာ မရေရာမှုများ မြင့်တက်လာခြင်း၊ လုပ်ငန်းများပိတ်သိမ်းရခြင်းအပြင် အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေလျက်ရှိသည်။

ထို့ကြောင့် အပြုသဘောဆောင်သော အကျိုးကျေးဇူး အနည်းငယ်သာရှိသော်လည်း စစ်ပွဲ၏အနိဋ္ဌာရုံသည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများအပေါ် ဝန်ထုပ်ဝန်ပိုးများသာ ဖြစ်ပေါ်စေလျက်ရှိသည်။ စစ်ပွဲနှင့်စီးပွားရေးဆိုင်ရာပြဿနာများသည် အလယ်အာရှနိုင်ငံများရှိ ပြည်သူများ၏ စီးပွားရေးဆိုင်ရာစိုးရိမ်ပူပန်မှုများအပေါ် တစ်ချိန်တည်းတစ်ပြိုင်တည်းဆိုးကျိုးသက်ရောက်လျက်ရှိသည်။ စွမ်းအင်ထုတ်ကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်လာခြင်းသည် အလယ်အာရှနိုင်ငံတချို့၌ စစ်ပွဲ၏ဆိုးကျိုးများကုစားနိုင်ရေးအတွက် ရေတိုကာလတွင် အတိုင်းအတာတစ်ခုထိ ဖာထေးနိုင်သော်လည်း ရေရှည်ကာလတွင်မူ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးလုပ်ငန်းများ မသေချာမရေရာမှုနှင့် ရုရှားနိုင်ငံအပေါ်ပိတ်ဆို့မှုအသစ်များချမှတ်ခြင်းသည် အလယ်အာရှနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများအပေါ် စိန်ခေါ်မှုများဖြစ်ပေါ်လာနိုင်သည့်အပြင် မမျှော်မှန်းနိုင်သည့်ရိုက်ခတ်မှုများလည်း သက်ရောက်လာနိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**–

**Russia's War in Ukraine and its Impact on Central Asia by The Diplomat.**

**မောင်စိန်အိ(နဘဲမြေ)**

# Gold plates, gold foils to be offered to Sule Pagoda


An aerial view of the Sule Pagoda.

**Yangon November 19**

Gold plates and gold foils will be offered to the whole structure of Sule Pagoda, according to a press release issued by the pagoda board of trustees on 18 November 2022.

Gold plate and gold foil offering will be held at the umbrella, the whole structure and encircled pagodas will start in November 2022 and complete in coming April.

Scaffolding was installed at the body of pagoda and encircled pagodas on 17 November.

The workers of installing the scaffolding paid homage to the pagoda and took position at the north-east corner of the pagoda.

Officials sprinkled scented water on the scaffolding poles and equipment with praying for free from danger.

By seeking the advice of the Ovadacariya Sayadaws, gold plates and gold foils will be offered to the pagoda.

Well-wishers may donate cash for the project may contact 01-8371007, 8371009, 8371561 and 8371562.

336

# Plan to give permit for growing of bamboo plants on a commerce scale

**Yangon November 19**

Yangon Region government stated that a plan is underway to coordinate with businesspersons to grow bamboo plants on a commerce scale.

A total of 21 species and 102 varieties of 75 species and 1,250 varieties of bamboo plants can be seen in Myanmar.

Currently, businesspersons grow bamboo plantations on a commerce scale and produce value-added bamboo products.

The region government will arrange export of value-added bamboo products to foreign markets and domestic markets.

As such, the region government will coordinate with the local bamboo plant growers to supply raw bamboo pieces to the industries.

Currently, local businesspersons have grown bamboo plants on 110 acres of land in Magari forest reserve in Taikkyi Township of Yangon. A private company purchases bamboo raw materials and exports the value-added bamboo products to China.

At present, bamboo raw materials imported from China are processed to be finished goods through England techniques with the use of modern machinery equipment.

Such company purposes export of products to European market but the domestic market. As it is difficult to produce bamboo raw materials, bamboo is imported abroad.

The Yangon Region government, the Forest Department and Bamboo Grower Groups will coordinate special cultivation of bamboo plantations at home in order to expand the bamboo plantations.

336

# Myeik border trade camp handles more than US$65 million worth of trade volume till 4 November

**Myeik November 19**

The Ministry of Commerce stated that Myeik border trade camp handled more than US$65 million worth of trade volume till 4 November in 2022-23 fiscal year.

Myanmar operates border trade in Tachilek, Myawady, Kawthoung, Myeik, Hteekhee and Meisei regions to trade with Thailand through border lands.

During the period from 1 April to 4 November 2022 of the 2022-23 fiscal year, Myeik border trade camp managed US$10.406 million worth of export and US$54.773 million worth of import, totaling US$65.179 million of trade volume.

Myanmar sends marine products, oyster shells, fish meal and fish flesh to Thailand and imports investment materials, work materials, fuel and personal goods.

From 1 to 15 November 2022, the border camp handled 36 tons of fish flesh and 25.76 tons of oyster shells to Thailand by car and 990 tons of fish meal via Ranong in shilling.

Oyster and fish flesh export of Myanmar enjoys the zero tariff due to Form D. Likewise, Myeik contacts Thailand by border lands and shipping.

In the second week of November 2022, the trade camp managed import of two tons of fishing nets, six barrels of diesel, iron rods, iron sheets weighing seven tons and 1,350 tons of fuel and cooking oil from Thailand.

At present, preparations are being made to build the international level fish auction market and industrial zone project near Sandawut Village of Myeik Township with US$300 million of investment. It is slated to complete the project in 2028.

The project will comprise fish auction, fish processing factories, marine product factories and shops, and jetties for 2,000 offshore and inshore trawlers so as to increase the trade volume via the project.

336

# Lima airport: Two firefighters dead as plane crashes during take-off

**Lima November 19**

Two firefighters have died after a plane crashed into a fire truck while taking off at Peru's busiest airport.

The Latam Airlines plane collided with the truck just before 15:30 (20:30 GMT) on Friday at Jorge Chávez International Airport in the capital, Lima.

Video posted on social media shows the plane careering down the runway, catching fire and smoking as it ground to a halt.

No passengers or flight crew were killed, the airline said on Twitter.

A 31-year-old firefighter is in a critical condition, according to an executive director of the hospital agency EsSalud.

Peru's Health Ministry added that 20 passengers are being treated for injuries - two of them are believed to be serious.

It remains unclear why the fire truck entered the runway while the plane was taking off, bound for the southern Peruvian city of Juliaca.

During a news conference, Latam CEO Manuel Van Oordt said the flight had been cleared for take-off.

"We don't know why [the fire truck] was there," he said. "We didn't ask for their services."

BBC

# Special counsel Jack Smith to oversee criminal investigations into Trump


Jack Smith most recently served as a war crimes prosecutor at The Hague.

**Washington November 19**

An independent lawyer has been appointed to oversee the US justice department's criminal investigations into former President Donald Trump.

Jack Smith, a former war crimes prosecutor, was named special counsel by Attorney General Merrick Garland in a news conference.

He will lead inquiries into how Mr Trump handled classified documents and his alleged role in the Capitol riot.

Mr Trump, who is the subject of several other probes, denies any wrongdoing.

Mr Smith will ultimately decide whether the former Republican president, who announced his 2024 candidacy just three days ago, will face criminal charges.

"In certain extraordinary cases it is in the public interest to appoint a special prosecutor to independently manage an investigation and prosecution," Mr Garland said on Friday.

"Due to recent developments, including the former president's announcement that he is a candidate in the next election, and the sitting president's intention to be a candidate as well, I have concluded that it is in the public interest."

BBC

# Border trade amount of Kampaiti and Lweje border trade stations reaches US$ 3.192 m within a week



Kampaiti border trade camp.

**Myitkyina November 19**

Border trade amount of Kampaiti and Lweje border trade stations in Kachin State reached US$ 3.192 million during the period from November 5 to 11, according to U Myo Swe, Minister of Economy and a cabinet member of the of Kachin State government.

Exports to China from the Kampaiti and Lweje border trade stations exceeded US$ 2.759 million, and imports from China amounted to US$ 0.433 million.

"In the period from November 5 to 11, exports to China from the Lweje border trade station amounted to US$ 1.184 million and from the Kampaiti border trade station amounted to US$ 1.575 million. Tissue-culture bananas were the most export product to China, followed by rice, broken rice, rubber and cocoons," said U Myo Swe.

In this way, petrified wood, tissue-culture bananas, rice and broken rice, black sesame and green beans were mainly exported to China, and machinery and equipment, plastic raw materials, iron and steel, fertilizers and agricultural tools from China were imported. ASH

# Over 180 cultural and historical buildings with ancient architectural works being maintained in Yangon

**Yangon November 19**

Measures are being taken to maintain and conserve more than 180 cultural buildings with ancient architectural works in the city of Yangon, according to the Yangon City Development Committee.

Yangon used to be one of the most charming and pleasant cities of Asia in the early 20th century. Despite changing situations for various reasons, Yangon with ancient and historical places has remained an economic and transport hub. Among the ancient cultural and religious buildings, the colonial-era buildings and the Shwedagon Pagoda are the most famous and significant.

With a rapidly developing construction sector, the city has seen a network of high-rise buildings. As such, the YCDC is taking conservation measures for those ancient religious and cultural structures in collaboration with regional and international organizations.

Currently, 189 buildings of cultural and religious heritage with ancient architectural works are being maintained. Moreover, maintenance measures are being taken for both tangible and intangible cultural heritages.

To protect the social life of original dwellers in Yangon city, social life and environmental development tasks are also being carried out including establishing backyard gardens. Meanwhile, the Yangon urban development strategic plan is being carried out. 336

# 89 labour exchange offices opened in 15 regions and states including Nay Pyi Taw

**Nay Pyi Taw November 19**

The Ministry of Labour stated that a total of 89 labour exchange offices are opened in 15 regions and states including Nay Pyi Taw Union Territory.

The ministry is carrying out seeking jobs for workable people and arranging the entitlements for labours in addition to providing training to them for emergence of skilled labours.

At present, 89 labour exchange officers are running functions to provide assistance to workable people for their deserved jobs.

Moreover, the creation of job opportunities is being undertaken for the people regardless of disabilities or abilities, people from rural or urban without gender discrimination.

Currently, Yangon Region is a hub for many kinds of businesses which create jobs for the local people where local companies and local and overseas employment agencies also seek jobs for the people.

Hence, the ministry opens 17 labour exchange offices in Yangon Region for seeking jobs for the local people and sending labours to the jobs depending on the offers.

Moreover, 10 free for service payment clinics, 12 capitation payment clinics and seven labour rooms are operated in Yangon Region for insured workers. 336



Workers visit a labour exchange office.

# Lablab bean getting good prices due to increasing demand

**Yangon November 19**

Lablab beans are getting better prices than other beans such as mung bean as both local and international demands increase, according to Bayintnaung wholesale market in Yangon and local growers.

Lablab bean is a both domestically and globally marketable crop. With an increasing demand this year for local consumers, fritter shops and exporters, prices have increased more significantly than last year. The price was about K30,000 per basket in the previous year and it is now over K70,000 or nearly K80,000.

Currently in the Yangon market, the price of mung bean also called green gram is just over K57,000. So, lablab bean is getting better prices.

Therefore, warehouses storing lablab bean have started selling their product to grab good prices.

According to the data from the Ministry of Commerce, lablab beans go to foreign countries via maritime and border trade routes in the current 2022-2023 fiscal year. From 1 April to 4 November this FY, lablab beans worth US$4.376 million—US$1.119 million via maritime routes and US$1.257 via border routes.

On 17 November, a bag of 19 viss of lablab bean was priced at K78,000 to K79,000 in the local market. 336

# Muse border trade zone grants over 220 import and export licenses between November 1 and 13

**Muse November 19**

More than 220 import and export licenses were granted from the Muse border trade zone from November 1 to 13, according to the reports from Ministry of Commerce released on November 16.

Domestic import and export companies engaged in trade with foreign customer market countries can be applied for import and export licenses for online via Tradenet 2.0 System, as well as at border trade stations and border trade zones.

According to these measures, ten import licenses were applied for the import of fruits worth yuan 0.125 million from China on November 13 at the Muse border trade zone.

In the Muse border trade zone, one export license and 226 import licenses were issued from November 1 to 13.

Among the export/import licenses that have been granted, most of the products applied for exports are beans and pulses, rice, broken rice and maize, and most of the products applied for imports are apples, pears, oranges, construction materials, iron and steel products and consumer goods. 336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ပစိဖိတ်စစ်ရေယာဉ်စုအတွက် တည်ဆောက်ထားသော ရေငုပ်သင်္ဘော Ufa ရုရှားရေတပ်၌ တရားဝင်တပ်တော်ဝင်နိုင်ခဲ့




ပစိဖိတ်စစ်ရေယာဉ်စုအတွက် တည်ဆောက်ထားသော Project 636.3 (Improved Kilo-class) ဒီဇယ်လျှပ်စစ်စွမ်းအင်သုံးရေငုပ်သင်္ဘော Ufa သည် ရုရှားရေတပ်၌ တရားဝင်တပ်တော်ဝင်နိုင်ခဲ့ပြီဖြစ်ကြောင်း ယခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် Interfax က ထုတ်ဝေသော အချက်အလက်များအရ သိရသည်။

ရုရှားရေတပ်ဦးစီးချုပ်၏ ထုတ်ဖော်ပြောကြားချက်အရ Ufa သည် ပစိဖိတ်ရေတပ်စစ်ရေယာဉ်စုတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်ဟု သိရသည်။ ပစိဖိတ်ရေတပ်အတွက် တည်ဆောက်ဆဲ Project 636.3 ရေငုပ်သင်္ဘော ခြောက်စီးတွင် Ufa သည် စတုတ္ထမြောက်ဖြစ်လာခဲ့သည်။

Ufa ၏ တပ်တော်ဝင်အခမ်းအနားကို စိန့်ပီတာစဘတ်ရှိ United Shipbuilding Corpor-ation ၏ Admiralty Shipyards သင်္ဘောကျင်း၌ ကျင်းပပြုလုပ်ခဲ့သည်။

၁၉၇၀ ပြည့်နှစ်အတွင်း 877 ကို Rubin Central Design Bureau က တီထွင်ထုတ်လုပ်ထားပြီး Warsaw Pact နိုင်ငံများသို့ တင်ပို့ရန်အတွက် (၎င်း၏အမည်မှာ Varshavyanka) ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပရောဂျက် 636 ဟု အမည်ပြောင်းလဲပြင်ဆင်ခဲ့သည်။

Project 636 မှ ရေငုပ်သင်္ဘော ၁၆ စီး တပ်တော်ဝင်အသုံးပြုလျက်ရှိပြီး ရုရှားတွင်နှစ်စီး (ရက်စ်တော့ဗ်အွန်ဒန် အပါအဝင်)၊ တရုတ်နိုင်ငံတွင် ၁၀ စီးနှင့် အယ်လ်ဂျီးရီးယားတွင် နှစ်စီး (နောက်ထပ် နှစ်စီးမှာယူထား)နှင့် ဗီယက်နမ် (နောက်ထပ် လေးစီး မှာယူထား)တို့ပါဝင်သည်။

Project ၏ လက်ရှိအဆင့်မြှင့်ထားသော ဗားရှင်းကို 636.3 ဟု သတ်မှတ်ထားကာ NATO စံနှုန်းများအရ ပိုမိုကောင်းမွန်သော ကီလိုအတန်းအစားဖြစ်သည်။ Project သည် သတ်မှတ်ထားသော အဓိကဝိသေသလက္ခဏာများအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့သည့်အတွက် နည်းပညာနှင့် လက်နက်အသစ်အဆန်းများ ထွက်ပေါ်လာသည်နှင့်အမျှ လိုအပ်သော အဆင့်မြှင့်တင်မှုများဆက်လက်ထုတ်လုပ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

Project 636 ၏ "ရေရှည်တပ်တော်ဝင် အသုံးပြုနိုင်ခြင်း"၏အကြောင်းရင်းများတွင် ပိုမိုကောင်းမွန်သော Kilo-class ရေငုပ်သင်္ဘောများသည် တိုက်ခိုက်ရေးနှင့် နည်းပညာဆိုင်ရာဝိသေသလက္ခဏာ များဖြင့် အကောင်းဆုံးပေါင်းစပ်မှုကို ပြသနိုင်သောကြောင့်ဖြစ်သည်။ အဆိုပါ စွမ်းဆောင်ရည်များက အလွန်အန္တရာယ်များသော ရေငုပ်သင်္ဘောများဖြစ်လာစေခဲ့ပြီး ပြိုင်ဘက်အခြားနိုင်ငံထုတ် ရေငုပ်သင်္ဘောများထက် သာလွန်စေလျက်ရှိသည်။

ရေငုပ်သင်္ဘောတစ်စီး၏ အရေးကြီးဆုံး အလုပ်တစ်ခုမှာ ပါဝင်ဖွဲ့စည်း၊ လုပ်ဆောင်နေသည့် စက်ပစ္စည်းများဆူညံမှုမရှိ၊ ရေအောက်တွင် မည်သူမျှသတိမပြုမိနိုင်ဘဲ ရည်မှန်းချက်တာဝန် ထမ်းဆောင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် Varshavyanka Project အောက်ရှိ ရေငုပ်သင်္ဘောများသည် ဆူညံသံနိမ့်သောညွှန်းကိန်းများဖြင့် ကမ္ဘာပေါ်ရှိ ရေငုပ်သင်္ဘောအများစုထက် အားသာချက်ရှိသည်။ သင်္ဘောကိုယ်ထည် နှစ်ထပ်၊ ပြန်ဆုတ်နိုင်သော Rudders များ၊ အင်ဂျင်များအတွက် တုန်ခါမှုလျှော့ချပေးသည့်စနစ်များနှင့် အထူးပြုလုပ်ထားသော Hydroacoustic Coatings အပေါ်ယံ အလွှာများသည် ဖြစ်နိုင်ခြေအများဆုံးသော အသံလှိုင်းဖမ်းကိရိယာများအဖြစ် အသုံးပြုထားကာ ရန်သူက မိမိရေငုပ်သင်္ဘောကို ရှာဖွေတွေ့ရှိရန် ခက်ခဲစေမည်ဖြစ်သည်။

လျှပ်စစ်စွမ်းအင်သုံး Mode တွင် ရေငုပ်သင်္ဘောသည် အင်ဂျင်ခုတ်မောင်းသံမှာ မကြားရသလောက်ဖြစ်ပြီး ရန်သူ့ထံ အနီးကပ်ဆုံးအကွာအဝေးထိ တိုးဝင်ခုတ်မောင်းစစ်ဆင်နိုင်မည်ဖြစ်သည်။ ဆိုဗီယက်ခေတ်ကာလ ကမ်းလွန်တွင် မကြာသေးမီက ရုရှားတို့၏ Warshavyanka-class ရေငုပ်သင်္ဘောကို ရှာဖွေတွေ့ရှိခြင်းမရှိဘဲ ထိုနေရာမှပြန်လည်ထွက်ခွာသွားသည်ကို ကျွမ်းကျင်သူများကြားအငြင်းပွားစရာဖြစ်ခဲ့ရသည်။

Project 636 ရေငုပ်သင်္ဘောသည် ရေအောက်မီတာ ၃၀၀ အနက်သို့ ခုတ်မောင်းစစ်ဆင်နိုင်ပြီး ၄၅ ရက်ကြာ အလိုအလျောက် လမ်းကြောင်းထိန်းခုတ်မောင်းနိုင်စွမ်းရှိသည်။ ၎င်း၏သင်္ဘောကိုယ်ထည်သည် ရေအောက်ဆူညံသံကို တတ်နိုင်သမျှနည်းပါးစေကာ အကောင်းဆုံး Hydrodynamic ပုံသဏ္ဌာန်ဖြင့် ဒီဇိုင်းထုတ်တည်ဆောက်ထားသည်။ ထို့ကြောင့် ပင်လယ်ရေမျက်နှာပြင်ပေါ်တွင် ရေငုပ်သင်္ဘော၏ ကြံ့ခိုင်မှုတချို့ ဆုံးရှုံးစေနိုင်ပြီး အလျင်နှုန်း 17 knots ဖြင့် ရေငုပ်အနေအထားတွင် ကီလိုမီတာ ၂၀ ထိ ရောက်ရှိနိုင်သည်။

Running Mode တွင် ရေငုပ်သင်္ဘောသည် ရေအောက်မိုင် ၄၀၀ ထိ ခုတ်မောင်းနိုင်ပြီး စုစုပေါင်းအကွာအဝေးမိုင် ၇၅၀၀ ထိ ရောက်ရှိနိုင်သည်။ ရေငုပ်သင်္ဘောသည် အရှည် ၇၃ ဒသမ ၈ မီတာ၊ အကျယ် ၉ ဒသမ ၉ မီတာရှိပြီး ရေမျက်နှာပြင်အထက် အလေးချိန် တန်ချိန် ၂၃၅၀ ရှိသည်။ ရေငုပ်သင်္ဘောတွင် တာဝန်ထမ်းဆောင်ရန် သင်္ဘောသား ၅၂ ဦး လိုအပ်မည်ဖြစ်သည်။

**Russian Navy officially commissions Kilo class submarine Ufa ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးနိုင်ငံက ရေတပ်သုံး Iron Dome စနစ် C-DOME ၏အဆင့်မြှင့်ကြားဖြတ်စမ်းသပ်မှုကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့

အစ္စရေးရေတပ်နှင့်အတူ အစ္စရေးကုမ္ပဏီ၊ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန IMDO တို့သည် ရေတပ်သုံး Iron Dome စနစ် C-DOME ၏ အဆင့်မြှင့်ကြားဖြတ်စမ်းသပ်မှုကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်ကြောင်း ယခုနှစ် နိုဝင်ဘာ ၁၇ရက်တွင် Rafael Advanced Defense Systems Ltd. က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

C-DOME သည် RAFAEL ၏Iron Dome လေကြောင်းရန်ကာကွယ်ရေးစနစ်၏အဆင့်မြှင့်ရေတပ်ဖွဲ့စည်းမှုပုံစံတွင် ပါဝင်ပြီး Sa'ar6 'Magen' Class ကော်ဗက်စစ်ရေယာဉ်ဒုံးကျည်တင် Missile Ship (INS) 'Oz' ၌ တပ်ဆင်အသုံးပြုထားသည်။

ကြားဖြတ်စမ်းသပ်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အဆိုပါစနစ်ကို ပြီးခဲ့သည့်နှစ်နှစ်အတွင်း အစ္စရေးရေတပ်က လက်ခံရရှိခဲ့သော အဆင့်မြှင့်ဒုံးကျည်တင်ကော်ဗက်စစ်ရေယာဉ် လေးစီးအနက် ဒုတိယမြောက် INS'Oz' ကော်ဗက်စစ်ရေယာဉ်တွင် တပ်ဆင်ခဲ့သည်။ စနစ်ကို ဖြန့်ကြက်/တပ်ဆင် အသုံးပြုနိုင်ခြင်းသည် ကော်ဗက်စစ်ရေယာဉ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင် သိသာထင်ရှားသော မှတ်တိုင်တစ်ခုဖြစ်သည်။

စမ်းသပ်မှုတွင် လက်တွေ့ခြိမ်းခြောက်မှုများကို သဏ္ဌာန်တူပြုလုပ်ကာ စနစ်၏လက်ရှိ လေကြောင်းခြိမ်းခြောက်မှုအန္တရာယ်များ၏ စိန်ခေါ်မှုအခြေအနေများတွင် ပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်းနှင့် ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးခြင်းများ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သည်။ C-DOME စနစ်သည် မဟာဗျူဟာမြောက်ပိုင်ဆိုင်မှုများ၊ သီးသန့်စီးပွားရေးဇုန်နှင့် အစ္စရေးနိုင်ငံ၏ ဒေသဆိုင်ရာပင်လယ်ရေကြောင်းဆိုင်ရာ သာလွန်မှုကိုထိန်းသိမ်းခြင်း အပါအဝင် ကျယ်ပြန့်သောမစ်ရှင်များတွင် အစ္စရေးရေတပ်၏ အရေးပါသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

အဆိုပါ စမ်းသပ်မှုအောင်မြင်ခဲ့ခြင်းသည် အစ္စရေးရေတပ်၏ပူးတွဲနည်းပညာနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ကြိုးပမ်းမှုများ၏ရလဒ်ဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာန R&D (DDR&D)၊အဓိက ကန်ထရိုက်တာ Rafael Advanced Defence Systems၊ Israel Aerospace Industries လက်အောက်ခံ Elta တို့မှ ရေဒါထုတ်လုပ်သူနှင့် mPrest ကုမ္ပဏီမှ ကွပ်ကဲမှုစနစ်ထုတ်လုပ်သူ စသည်ဖြင့် ပူးပေါင်းပါဝင်အကောင်အထည်ဖော်ခဲ့ကြခြင်းလည်းဖြစ်သည်။

အဆိုပါစနစ်ကို အစ္စရေးရေတပ်၏ အမျိုးသမီးနှင့် အမျိုးသားသင်္ဘောသားများ အသုံးပြုမည့် စစ်ဆင်ရေးစွမ်းရည်အပြည့်အဝကိုအသုံးပြု၍ မတူညီသောစနစ်မျိုးစုံကို ပေါင်းစပ်ခြင်းဖြင့် ဖန်တီးခဲ့ခြင်းဖြစ်သည်။ C-DOME သည် စစ်ဆင်ရေးကာကွယ်ရေးအဆင့်လေးခုကိုအခြေခံ၍ အစ္စရေးနိုင်ငံ၏ ဘက်စုံသုံးဒုံးကျည်နှင့် လေကြောင်းရန်ကာကွယ်ရေးအလွှာစုံခင်းကျင်းမှု၏ ထပ်ဆောင်းအလွှာတစ်ခုဖြစ်သည်။ IRON DOME၊ DAVID'S SLING၊ Arrow 2 နှင့် Arrow 3 စသည့်အစ္စရေးနိုင်ငံ၏အလွှာစုံလေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ထပ်မံအင်အားဖြည့်နိုင်ခဲ့ခြင်းလည်းဖြစ်သည်။ DDR&D တွင် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန Israel Missile Defense Organization (IMDO) သည် စနစ်များဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ခဲ့သည်။

INS 'Oz' သည် အစ္စရေးရေတပ်၏ Sa'ar6 'Magen' Class ဒုံးကျည်တင်ကော်ဗက်စစ်ရေယာဉ် အမျိုးအစားဖြစ်သည်။ ၎င်းအမျိုးအစားတွင် ဒုတိယမြောက်စစ်ရေယာဉ်ဖြစ်သည်။ စစ်ရေယာဉ်ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ဂျာမနီနိုင်ငံ Kiel ရှိ Thyssen-Krupp သင်္ဘောကျင်းများမှ ရေချခဲ့သည်။ ၂၀၂၂ ခုနှစ် မေ ၄ ရက်တွင် အစ္စရေးရေတပ်ထံ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

Sa'ar6 'Magen' Class ကော်ဗက်စစ်ရေယာဉ်များ၏ဒီဇိုင်းသည် ဂျာမနီ Braunschweig-class ကော်ဗက်စစ်ရေယာဉ်များပေါ်တွင် ပေါ့ပေါ့ပါးပါး အခြေခံ တည်ဆောက်ထားသော်လည်း အစ္စရေးထုတ် အာရုံခံကိရိယာများနှင့် ဒုံးကျည်များဖြစ်သည့် Barak 8 နှင့် ရေတပ်သုံး Iron Dome စနစ်တို့ကို လိုက်လျောညီထွေ ဖြစ်စေရန်အတွက် အင်ဂျင်နီယာဆိုင်ရာ အပြောင်းအလဲများဖြင့် ပြုလုပ်ထားသည်။



Sa'ar6 'Magen' Class အမျိုးအစားရေယာဉ်များသည် ဝန်အပြည့်တင်နိုင်မှုဖြင့် တန်ချိန် ၁၉၀၀ ခန့် ရွှေ့ပြောင်းနိုင်ပြီး မီတာ ၉၀ (၂၉၅ ပေ သုံးလက်မ) ရှည်လျားသည်။ ၎င်းတို့တွင် OtoMelara 76 mm ပင်မသေနတ် တစ်လက်၊ Typhoon Weapon Stations နှစ်ခု၊ Barak-8 မြေပြင်မှဝေဟင်ပစ် ဒုံးကျည်များအတွက် ဒေါင်လိုက်ပစ်လွှတ်သည့် ဒုံးပြွန် ၃၂ ခု၊ C-Dome အချက်အချာနေရာ ကာကွယ်ရေးစနစ်အတွက် ဒုံးပြွန်အခု ၄၀၊ Gabriel V သင်္ဘောဖျက်ဒုံးကျည် ၁၆ စင်း၊ EL/M-2248 MF-STARAESA ရေဒါနှင့် 324 mm (12.8 in) တော်ပီဒိုဒုံးပစ်လောင်ချာများ သယ်ဆောင်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ ၎င်းတို့တွင် ရဟတ်ယာဉ်ရုံတစ်ခုစာ နေရာလွတ်ပါရှိပြီး အလယ်အလတ်တန်းစားဘက်စုံသုံး SH-60 အမျိုးအစား ရဟတ်ယာဉ်တစ်စင်း သယ်ဆောင်စစ်ဆင်နိုင်မည်ဖြစ်သည်။

**Israel completes new test of C-DOME Naval Iron Dome System ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရောဝတီတိုင်းဒေသကြီးမှ ငါးတန်များ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာ ၃ ရက်မှ ၁၈ ရက်ထိ ပိဿာချိန် ၉၀၀၀၀၀ တင်ပို့ရောင်းချခဲ့



**ပုသိမ် နိုဝင်ဘာ ၁၉**

ရောဝတီတိုင်းဒေသကြီးမှ ထွက်ရှိသည့်ငါးတန်များ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ပိဿာချိန် ၉၀၀၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ရောဝတီတိုင်းဒေသကြီး ငါးမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ရောဝတီတိုင်းဒေသကြီးမှ မွေးမြူထွက်ရှိသည့် ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပုံမှန်တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းက ငါး ပိဿာချိန် ၄၃၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ ငါးတန် ပိဿာချိန် ၉၀၀၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"လက်ရှိလဲ ဝယ်လိုအားကောင်းနေတယ်။ ဆက်လက်ပြီးလဲ ဝယ်လိုအားကောင်းဖို့ရှိပါတယ်။ ပင်လယ်ပြင်ကရတဲ့ ငါးတွေကော မွေးမြူရေးလုပ်ငန်းက ငါးတွေပါ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ကနေတစ်ဆင့် အခြားဒေသတွေနဲ့ ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ အရင်က ရပ်နားခဲ့တဲ့ ပြည်ပတင်ပို့တဲ့ ငါးလုပ်ငန်းကုမ္ပဏီတွေက အခုလုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်လာတာကြောင့် ရောဝတီတိုင်းဒေသကြီးက ငါးတွေ အဝယ်လိုက်လာတာပါ"ဟု ရောဝတီတိုင်းဒေသကြီး ငါးမျိုးစုံရောင်းဝယ်ရေး လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးမင်းမင်းက ပြောပြသည်။

ရောဝတီတိုင်းဒေသကြီးတွင် မော်လမြိုင်ကျွန်းမြို့နယ်၊ ဓနုဖြူမြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဝါးခယ်မမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဘိုကလေးမြို့နယ်၊ ပုသိမ်မြို့နယ်တို့မှ မွေးမြူရေး ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချရကြောင်း၊ အဆိုပါ ငါးတန်ဈေးနှုန်းမှာ နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၁၈ ရက်ထိ တစ်ပိဿာလျှင် ငွေကျပ် ၅၇၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မကွေးမြို့နယ် ကျစ်စုံပွေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မကွေး နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ကျစ်စုံပွေးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်စိုးနှင့် အင်ဂျင်နီယာများက ကျစ်စုံပွေးကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ကွန်ကရစ်လမ်းရေရှည်အသုံးပြုနိုင်ရန်၊ တန်ပိုယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုရန်နှင့် ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။



မကွေးမြို့နယ် ကျစ်စုံပွေးကျေးရွာတွင်းလမ်းအရှည်ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သန်း စုစုပေါင်းငွေကျပ် သန်း ၂၀ အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အထွေး**

# ထန်းတပင်မြို့နယ် သရက်ပင်ကျေးရွာ၌ ဆိုလာစနစ်သုံးရေတင်စက်တပ်ဆင်ပြီးစီးမှု စစ်ဆေး

**ထန်းတပင် နိုဝင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့နှင့် သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်စေရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သရက်ပင်ကျေးရွာ၌ ဆီထွက်သီးနှံနေကြာစိုက်ပျိုးရန် ဆိုလာစနစ်သုံးရေတင်စက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ထန်းတပင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အဖွဲ့ဝင်များ၊ ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းကိုကို၊ ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သရက်ပင်ကျေးရွာရှိ နေကြာစိုက်တောင်သူများအတွက် လိုအပ်သော စိုက်ပျိုးရေရရှိနိုင်ရေး ဆိုလာစနစ်သုံး ရေတင်စက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်က ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ကျေးရွာတာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ် ကြီးပေါင်းစုကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေကျပ် ၅ ဒသမ ၇၈ သန်း အသုံးပြုပြီး 2.43 KW ဆိုလာတပ်ဆင်ခြင်းလုပ်ငန်း၊ 1.5 KW ဆိုလာရေတင်ပန့် တပ်ဆင်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၆၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းတို့ကို ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကတာဝန်ယူ၍ နိုဝင်ဘာလဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၁၁-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၀၈၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၆၀၀/၆၈၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၆၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၉၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

| | | |
|---|---|---|
| (ခ) | **ရှေ့ဖုံးမှအဆက်** | |
| ၂။ | H.E. Mr. Hideo Watanabe | Chairman<br>Japan – Myanmar Association |
| ၃။ | ဦးကဝိဓဇ | ဇွဲကပင်ကျောင်းတိုက်ဆရာတော်၊ တော်ပုံကျေးရွာ၊<br>ကရင်ပြည်နယ် |
| ၄။ | ဦးသာထူးကျော် | ဥက္ကဋ္ဌ(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး |
| ၅။ | ဦးကျော်သန်း | စစ်ဦးစီးချုပ်(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး |
| ၆။ | ဗိုလ်မှူးကြီးစောထွန်းလှိုင် | ဥက္ကဋ္ဌ(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၇။ | စောဖားနွီး | ဒုတိယဥက္ကဋ္ဌ(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၈။ | စောပြားပြား | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၉။ | စောမောင်ကြည် | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၁၀။ | ဗိုလ်မှူးကြီးစောချစ်သူ | အတွင်းရေးမှူး(DKBA)<br>တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၁၁။ | ဒုတိယဗိုလ်မှူးကြီးကျော်ထူး | (DKBA)တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားအစည်းအရုံး<br>နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့ |
| ၁၂။ | ဒုတိယဗိုလ်မှူးကြီးစောဒေါဒေါ | နယ်ခြားစောင့်တပ်များဗဟိုအကြံပေးနှင့်ကွပ်ကဲရေးအဖွဲ့<br>ဟောင်သရောအထူးဒေသ |
| ၁၃။ | ဒေါက်တာတင်မိုးသီ | ငြိမ်းချမ်းရေးအကျိုးတော်ဆောင် |
| ၁၄။ | ဦးယွတ်ဇော်ခေါင် | အဖွဲ့ခေါင်းဆောင်<br>Peace Talk Creation Group |
| ၁၅။ | ဦးလမိုင်ခွန်ဂျာ | အဖွဲ့ဝင်၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>Peace Talk Creation Group |
| ၁၆။ | ဦးစခုန်တိန့်ယိန်း | ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>New Democratic Army – Kachin |
| ၁၇။ | ဒေါက်တာဆာဘွဲ့ဂျမ် | နာယက၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>(ငြိမ်းဖောင်ဒေးရှင်း) |
| ၁၈။ | သိက္ခာတော်ရဆရာတော်<br>ဆိုတေးရှိုဖမော | ငြိမ်းချမ်းရေးအကျိုးတော်ဆောင်<br>လွိုင်ကော်ကက်သလစ်သာသနာဂိုဏ်းအုပ်(ငြိမ်း) |
| ၁၉။ | ဦးဝိစိတ္တာဘိဝံသ(ခ) ဦးဝီရသူ | နာယကဆရာတော်<br>မစိုးရိမ်တိုက်သစ် ဓမ္မသဟာယကျောင်းတိုက်<br>မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီး |
| ၂၀။ | ဦးပညာသာမိ | နာယကချုပ်<br>တောင်ကလေးပရိယတ္တိစာသင်တိုက် ဘားအံမြို့ ကရင်ပြည်နယ် |
| ၂၁။ | ဦးစိုင်းအိုက်ပေါင်း | ဥက္ကဋ္ဌ<br>ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၂၂။ | ဒေါက်တာအေးမောင် | ဥက္ကဋ္ဌ<br>ရခိုင့်ဦးဆောင်ပါတီ |
| ၂၃။ | ဦးခွန်ထွန်းလူ(ခ) ဒီကီ | ဥက္ကဋ္ဌ<br>"ဝ"အမျိုးသားပါတီ |
| ၂၄။ | ဦးစံကျော်လှ | ဗဟိုအလုပ်အမှုဆောင်<br>ရခိုင်အမျိုးသားပါတီ |
| ၂၅။ | ဦးရွှေမင်း(ခ) ဆီဖာလာလူး | ဥက္ကဋ္ဌ<br>လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) |
| ၂၆။ | ဦးသုဝေ | ဥက္ကဋ္ဌ<br>ဒီမိုကရက်တစ်ပါတီ(မြန်မာ) |
| ၂၇။ | ဦးသိမ်းဝေ | ဥက္ကဋ္ဌ<br>ရိုးမဘဏ်(YOMA Bank) |
| ၂၈။ | ဦးဇော်ဝင်းရှိန် | ဥက္ကဋ္ဌ<br>ရောဝတီတောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်(A Bank) |
| ၂၉။ | ဦးဇော်မင်းဝင်း | ဥက္ကဋ္ဌ<br>ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်<br>စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | |
|---|---|---|
| ၁။ | ဒေါက်တာရင်ရင်နွယ် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၂။ | ဒေါ်ယဉ်ယဉ်ဦး | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၃။ | ဒေါက်တာဆလိုင်းငွန်ကျုံးလျန် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၄။ | ဒေါ်ခင်ဦးလှိုင် | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၅။ | ဗိုလ်မှူးကြီးထိန်လင်း(ငြိမ်း) | အကြံပေးပုဂ္ဂိုလ်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးအဖွဲ့ |
| ၆။ | ဦးစစ်အေး | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဒေါ်ခင်မျိုးမြင့် | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဦးညဏ်ထွန်း | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဦးသန်းကျော် | အကြံပေးပုဂ္ဂိုလ်<br>ကာကွယ်ရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | Mr. Alexander Vladimirovich OSTROVSKY | Expert<br>Federal Service for Military –Technical Cooperation(FSMTC) Russian Federation |

**လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**

| | | |
|---|---|---|
| ၁။ | ဦးရဲမိုး(ခ)နေရီ | စာရေးဆရာ/ Journalist |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❖ **ကြိုးပြင်ကာကွယ်တောသတ်မှတ်မှ** ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာစေရန်နှင့် သဘာဝတောများကို အဓွန့်ရှည်စွာတည်တံ့ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ရေဝေရေလဲထိန်းသိမ်းရေး ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။

ပန်ကြူရေဝေရေလဲထိန်းသိမ်းရေး ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းဖြင့် သဘာဝပေါက်ပင်များဖြစ်သည့် တောရှောက်၊ တပင်တိုင်မြနန်း၊ ဝံအူ၊ ကျားမနိုင်မြစ်၊ တောချင်းနက်နှင့် တောနနွင်းစသည့် ဆေးဖက်ဝင်အပင်များအပြင် တားမြစ်ရာပါသစ်ဖြစ်သည့် ထင်းရှူးပင်နှင့် အခြားသစ်ပျိုးများဖြစ်သည့် ပရုတ်၊ လောက်ယား၊ စွယ်တော်၊ သစ်ချ၊ သစ်အယ်၊ နဘဲ၊ ရေနဲပင်များပေါများစွာ ပေါက်ရောက်လာနိုင်ခြင်း၊ တောဝက်၊ ချေ၊ ဒေါင်း၊ တောကြက်၊ တောကြောင်၊ မျောက် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသ တိုးပွားလာနိုင်ခြင်းနှင့် မဲခေါင်မြစ်အတွင်း စီးဝင်သည့် နမ့်လွေချောင်း ရေဝေရေလဲဧရိယာအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တောကို တွေ့ရစဉ်။

# သန့်ရှင်းသာယာသောမြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီး ကွင်းခြံကုန်းမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသောလူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာမျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန်အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်းနေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသောမြို့ရွာ Clean city၊ Clean Village များ ဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးတာဝန်ရှိသူများက မပြတ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် တနိုင်းမြို့တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် တန့်ယန်းမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့အပါအဝင် မြို့နယ် သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ကိုးမြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အပါအဝင် မြို့နယ် ၁၂ မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။



ရခိုင်ပြည်နယ်ရှိ စစ်တွေကမ်းခြေတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၂၈ ဦး၊ ခွဲစိတ်ရောဂါ ၁၇ ဦး၊ သားဖွား၊ မီးယပ်ရောဂါ ၄၈ ဦး၊ ကလေးရောဂါ ၅၈ ဦး၊ အရိုးရောဂါ ၁၈၅ ဦး၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ ၃၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၇ ဦး၊ စုစုပေါင်း ၉၄၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၄၅ ဦး၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၂၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကိုနီးစပ်ရာတပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မောတောင်မြို့ မြို့မရပ်ကွက်နေ ဟိန်းဇော်ဦး(ခ)ဖိုးအော်သည် ၎င်းအသုံးပြုသည့် "Hein Zaw Oo" Facebook အကောင့်၊ မြိတ်မြို့နယ် နောက်လယ်ရပ်ကွက်နေ မင်းမင်းလွင်(ခ)ကိုသာထူးသည် ၎င်းအသုံးပြုသည့် "Min Min Lwin" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# မဲစာရင်းပြည့်စုံမှန်ကန်စေရေးနှင့် နိုင်ငံသားတစ်ဦး၏တာဝန်

**နိဒါန်း**

လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် အဓိကအရေးကြီးဆုံးစာရင်းဇယားမှာ မဲစာရင်းဖြစ်ပြီး ထိုမဲစာရင်းသည် ပြည့်စုံမှန်ကန်ရန်လိုအပ်သည်။ ရွေးကောက်ပွဲဥပဒေအရ မဲဆန္ဒရှင်များဖြစ်ကြသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် သက်ဆိုင်ရာမဲရုံအသီးသီး၌ အလိုအလျောက် ဆန္ဒမဲပေးပိုင်ခွင့်မရနိုင်ပါ။ ဆန္ဒမဲပေးနိုင်ရန်အတွက် ရွေးကောက်ပွဲဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိပြီး သက်ဆိုင်ရာမဲရုံ၏ မဲဆန္ဒရှင်စာရင်းတွင် အမည်ပါရှိသူများသာ ဆန္ဒမဲပေးပိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် ဆောင်ရွက်လျက်ရှိပြီး မဲစာရင်းများပြုစုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပြုစုလျက်ရှိပါသည်။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁(က)တွင် **"ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့ရက်၌ အသက် ၁၈ နှစ်ပြည့်၍ ဥပဒေအရ အရည်အချင်းပျက်ယွင်းသူမဟုတ်သည့်အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသောနိုင်ငံသားနှင့်ဥပဒေအရဆန္ဒမဲပေးခွင့်ရှိသူတိုင်းသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"** ဟု ပြဋ္ဌာန်းထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၆ တွင် **" ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲစာရင်းတွင်ပါဝင်သူစသော အရည်အချင်းများနှင့် ပြည့်စုံသူများသည် အမျိုးသား၊ အမျိုးသမီးမရွေး ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည် "** ဟု ပြဋ္ဌာန်းထားသည်။

**ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများ**

ဆန္ဒမဲပေးပိုင်ခွင့်မရှိသူများမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၂ နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇ တွင် **"သာသနာ့ဝန်ထမ်းများ၊ ထောင်ဒဏ်ကျခံနေရသူများ၊ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူများ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူများ၊ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ်ခံယူထားသူ"** ဟု ပြဋ္ဌာန်းထားသည်။

**မဲစာရင်းပြုစုခြင်း**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေအရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့သည် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကိုပြုစုရာတွင် ကော်မရှင်ကသတ်မှတ်သည့် လူဦးရေစာရင်းပုံစံဇယားများအတိုင်း ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့ကပြုစုထားသည့် လူဦးရေစာရင်းများကိုရယူအခြေခံပြီး ပြုစုခြင်းဖြစ်သည်။ **ထို့ကြောင့်**

ပုံစံ (၁)

လွှတ်တော်ရွေးကောက်ပွဲမဲဆန္ဒရှင်စာရင်း

၂၀ ခုနှစ်လွှတ်တော်မဲဆန္ဒနယ်မဲဆန္ဒရှင်စာရင်း

[ နည်း၂၁ပဒေ၄ ]

------------------------------------ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ် (  )

------------------------------------ မြို့နယ် ------------------------------ ရပ်ကွက်/ကျေးရွာအုပ်စု

| စဉ် | ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည် | ကျား/မ | မွေးသက္ကရာဇ် | နိုင်ငံသားစိစစ်ရေးကတ်/ မှတ်ပုံတင်အမှတ် | အဘအမည် | အမိအမည် | နေရပ်လိပ်စာ | ထိုးမြဲလက်မှတ်သို့မဟုတ်လက်ဝဲလက်မလက်ဗွေ |
|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |
| | | | | | | | | |

ဥက္ကဋ္ဌ
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

အတွင်းရေးမှူး
ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

မှတ်ချက်။ ရှင်းလင်းချက်များကိုကျောဘက်တွင်ဖော်ပြထားပါသည်။

**ရယူအခြေခံသောလူဦးရေစာရင်းများမှန်ကန်မှသာ မဲစာရင်းပြည့်စုံမှန်ကန်မည်ဖြစ်သောကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးတို့၏ လူဦးရေစာရင်းများမှန်ကန်ရန်မှာ အဓိကအရေးကြီး၍ သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ရန်လိုအပ်ပါသည်။**

**မဲစာရင်းပြုစုရန်နည်းလမ်း**

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေအရ မဲစာရင်းကို ပုံစံ(၁)ဖြင့်ပြုစုရမည်ဖြစ်ပြီး မဲစာရင်းပြုစုရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ပြုစုထားသည့် လူဦးရေစာရင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ မြို့နယ်ဦးစီးမှူးရုံးကပြုစုထားသည့် လူဦးရေစာရင်း(မသန်စွမ်းသူများအပါအဝင်)တို့ကိုရယူအခြေခံပြီးပြုစုပါသည်။ မဲစာရင်းများကို ပုံမှန်စိစစ်ပြုစုရန်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၏ သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးသည် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆) အရ အသက် ၁၈ နှစ်ပြည့်သူများ၏ အမည်စာရင်းများနှင့် ပြောင်းရွှေ့ဝင်ရောက်လာသူများ၏အမည်စာရင်း၊ ပြောင်းရွှေ့ထွက်ခွာသွားသူများ၏ အမည်စာရင်းများကို လစဉ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့တင်ပြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကိုစိစစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏အမည်စာရင်းကို မဲစာရင်းတွင်ထည့်သွင်းရမည်ဖြစ်ပါသည်။ ကွယ်လွန်သူများ၏ အမည်စာရင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့၏အတည်ပြုချက်ဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးက မဲစာရင်းမှပယ်ဖျက်ရမည်ဖြစ်ပါသည်။

**မဲဆန္ဒရှင်တိုင်း မဲစာရင်းတွင်ပါဝင်ရေး**

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးနိုင်ရန်အတွက် မိမိလက်ရှိနေထိုင်ရာဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(အထစ)ရှိရမည့်အပြင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်နှင့်အမျိုးသားမှတ်ပုံတင်ကတ်တစ်မျိုးမျိုးကိုင်ဆောင်ထားမှ မဲစာရင်းတွင်ပါဝင်ပြီးမဲပေးနိုင်မည်ဖြစ်သည်။ ဤအချက်ကို မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အထူးသတိပြုစေလိုပါသည်။

**မဲစာရင်းကြေညာခြင်း**

ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကို ကော်မရှင်က ကြေညာပြီးနောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့် ကြေညာပါသည်။ ထိုသို့ကြေညာချိန်တွင် လွှတ်တော်မဲစာရင်းနှင့်စပ်လျဉ်းသော ကြေညာစာပုံစံ(၂)ကိုပါတစ်ပါတည်းကြေညာသည်။ မဲစာရင်းများထုတ်ပြန်ကြေညာချိန်တွင် မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ၊ မရှိ သွားရောက်ကြည့်ရှုရမည်ဖြစ်သည်။ မိမိအမည်ပါဝင်ခြင်းမရှိပါက မဲစာရင်း၌အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မဲစာရင်း၌အချက်အလက်များ ပြင်ဆင်ပေးရန်တောင်းဆိုခြင်းနှင့် မဲစာရင်း၌ပါရှိသော ပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင် ကန့်ကွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ ပြည့်စုံမှန်ကန်သောမဲစာရင်းဖြစ်ပြီး မဲစာရင်းတွင်ပါဝင်သော မဲဆန္ဒရှင်တိုင်း မဲပေးနိုင်မည်ဖြစ်သည်။

**နိုင်ငံသားတစ်ဦး၏တာဝန်**

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉(က)တွင် **"နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဖြစ်စေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်ဖြစ်စေ မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"** ဟူ၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၅ တွင် **"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆို ဥပဒေနှင့်အညီအခြေစိုက်နေထိုင်ခွင့်ရှိသည်"** ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။ နိုင်ငံသားများ(နိုင်ငံ့ဝန်ထမ်းများအပါအဝင်)သည် အရပ်ဒေသတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့ရာတွင် ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေများနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆) ပြောင်းရွှေ့ရန်တာဝန်ရှိပါသည်။ ထို့ပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၃(ဆ)တွင် **" ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအနေဖြင့် အခြားရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ညဥ့်အိပ်ညဥ့်နေလာရောက်တည်းခိုသော ဧည့်သည်များအတွက် ဧည့်စာရင်းတိုင်ကြားခြင်းကို လက်ခံခြင်း၊ ခွင့်ပြုခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ ဧည့်စာရင်းတိုင်ကြားရန်ပျက်ကွက်လျှင် အရေးယူခြင်းကို သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း"** ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်းသည် အခြေစိုက်နေထိုင်သည့်မြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(အထစ)ရှိရမည်ဖြစ်ပြီး ပြောင်းရွှေ့မည်ဆိုလျှင် ပြောင်းရွှေ့မည့်မြို့နယ်သို့ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(အထစ) ပြောင်းရွှေ့ရမည်ဖြစ်သည်။ သို့မှသာ လက်ရှိနေထိုင်သည့်မြို့နယ်၏ မဲစာရင်းတွင်ပါဝင်မည်ဖြစ်သည်။

**အိမ်ထောင်စုလူဦးရေစာရင်း လဝကပုံစံ(၆၆/၆) (အထစ)**

အိမ်ထောင်စုလူဦးရေစာရင်း လဝက ပုံစံ(၆၆/၆)(အထစ)ကို ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေအရ ထုတ်ပေးခြင်းဖြစ်ရာ နိုင်ငံအတွင်းနေထိုင်သူများသည် နေထိုင်သည့်လိပ်စာပြောင်းသွားပါက ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေများပါအတိုင်း သတင်းပို့အကြောင်းကြားရမည်ဖြစ်သည်။ အိမ်ထောင်စုလူဦးရေစာရင်း လဝကပုံစံ(၆၆/၆)(အထစ)တွင် **"ဤအိမ်ထောင်စုလူဦးရေစာရင်းသည် ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများမှတ်ပုံတင်ရေးအက်ဥပဒေအရ ထုတ်ပေးခြင်းဖြစ်၍ (ကာယကံရှင်) မြေ/အဆောက်အဦ၊ အိမ်ခန်းပိုင်ဆိုင်ခွင့်နှင့် လုံးဝမသက်ဆိုင်စေရ"** ဟု ဖော်ပြထားပါသည်။ နိုင်ငံသားများ(နိုင်ငံ့ဝန်ထမ်းများအပါအဝင်)သည် အခြေစိုက်နေထိုင်ရာဒေသမှ အခြားဒေသတစ်ခုခုသို့ပြောင်းရွှေ့ပါက ရောက်ရှိရာဒေသတွင် ဥပဒေနှင့်အညီနေထိုင်ရန်အတွက် အိမ်ထောင်စုလူဦးရေစာရင်း လဝက ပုံစံ(၆၆/၆) (အထစ)များပြောင်းရွှေ့ရမည်ဖြစ်သည်။ ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးအက်ဥပဒေတွင် **"အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုကျူးလွန်သည်ဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်သည်ဖြစ်စေ ပြစ်မှုကျူးလွန်သူတိုင်းကို ပြစ်မှုထင်ရှားစီရင်သောအခါ နှစ်နှစ်ထက်မပိုသောအလုပ်ကြမ်းနှင့် ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေငါးရာထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ စီရင်ရမည်ဟုလည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးတွင် မည်သို့ပင်ပါရှိစေကာမူ ထိုပြစ်မှုကျူးလွန်သူကို အကျဉ်းစစ်ဆေး၍ ပြစ်မှုထင်ရှားစီရင်သောအခါ ခြောက်လထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်ဖြစ်စေ၊ အလုပ်မဲ့ထောင်ဒဏ်ဖြစ်စေ၊ ငွေနှစ်ရာထိငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ်လုံးကိုဖြစ်စေစီရင်ရမည်"** ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

**ပြောင်းရွှေ့ခြင်း သို့မဟုတ် မှတ်ပုံတင်ထားသည့်လိပ်စာမှထွက်ခွာခြင်း**

၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးနည်းဥပဒေ ၂၅ တွင် **"လူတစ်ဦးတစ်ယောက်သည် တစ်ဆက်တည်း တစ်လတည်း တစ်လထက်ပို၍ မိမိမှတ်ပုံတင်ထားသည့်လိပ်စာမှ ခေတ္တထွက်ခွာသွားလျှင် ထိုသူသည် မိမိမှတ်ပုံတင်ထားသည့်လိပ်စာတည်နေရာရှိ ဆိုင်ရာစာရင်းထိန်းထံဖြစ်စေ၊ မိမိရောက်နေသောနေရပ်၌ဆိုင်ရာစာရင်းထိန်းထံမှဖြစ်စေ၊ မှတ်ပုံတင်ထားသည့်လိပ်စာမှ**

စာမျက်နှာ ၂၁ သို့

စာမျက်နှာ ၂၀ မှအဆက်

**ထွက်ခွာကြောင်းကို အကြောင်းကြားရမည်**"ဟုလည်းကောင်း၊ နည်းဥပဒေ ၂၆(၁)တွင် "**မှတ်ပုံတင်ထားသူတစ်ဦးတစ်ယောက်သည် မိမိမှတ်ပုံတင်ထားသည့် လိပ်စာပြောင်းလဲသောအခါ ထိုသို့ပြောင်းလဲကြောင်းကို နည်းဥပဒေခွဲ(၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အကြောင်းကြားရမည်**"ဟုလည်းကောင်း၊ နည်းဥပဒေ ၂၆(၂)တွင် "**လူတစ်ဦးတစ်ယောက်သည် မိမိ၏နေရပ်သစ်သို့ရောက်ရှိပြီးနောက် သုံးရက်အတွင်းထိုသို့ လိပ်စာပြောင်းလဲကြောင်းကို ထိုနေရပ်သစ်တည်ရှိသည့်နယ်ရှိ စာရင်းထိန်းထံ စာဖြင့်ရေးသားတိုင်ကြားရမည်။ ထိုသို့တိုင်ကြားသည်နှင့်တစ်ပြိုင်နက် မိမိလက်တွင်ရှိသော သက်သေခံကတ်ပြားကို သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို စာရင်းထိန်းထံပေးအပ်ရမည်**" ဟုလည်းကောင်း ဖော်ပြထားပါသည်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၇(၁)တွင် "**မှတ်ပုံတင်ထားသူတစ်ဦးတစ်ယောက်သည် မှတ်ပုံတင်သည့်အချိန်အခါ၌ ပေးထားသောမှတ်ပုံတင်ထားသည့် လိပ်စာမှတစ်ပါး အခြားအကြောင်းအရာတစ်ခုခုနှင့်ပတ်သက်၍ ပြောင်းလဲခြင်းရှိခဲ့သော် ထိုသို့ ပြောင်းလဲချက်ကို နည်းဥပဒေခွဲ(၂)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အကြောင်းကြားရမည်**"ဟု လည်းကောင်း၊ နည်းဥပဒေ ၂၇(၂)တွင် "**လူတစ်ဦးတစ်ယောက်သည် ထိုသို့ပြောင်းလဲပြီးနောက် ရက်ပေါင်း ၃၀ အတွင်း ပြောင်းလဲချက်ကို ဆိုင်ရာစာရင်းထိန်းထံစာဖြင့်ရေးသားတိုင်ကြားရမည်။ ထိုသို့တိုင်ကြားသည်နှင့် တစ်ပြိုင်နက် မိမိလက်တွင်ရှိသော သက်သေခံကတ်ပြားကို သို့တည်းမဟုတ် ယာယီသက်သေခံလက်မှတ်ကို ဆိုင်ရာစာရင်းထိန်းထံပေးအပ်ရမည်**"ဟုလည်းကောင်း ဖော်ပြထားပါသည်။ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)ကို ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးအက်ဥပဒေအရထုတ်ပေးခြင်းဖြစ်ရာ နိုင်ငံအတွင်း နေထိုင်သူများသည် နေထိုင်သည့်နေရပ်လိပ်စာပြောင်းသွားပါက ဖော်ပြပါမှတ်ပုံတင်ရေးနည်းဥပဒေ ၂၇ (၁)နှင့် (၂)ပါ အတိုင်း သတင်းပို့အကြောင်းကြားရမည်ဖြစ်ပါသည်။ သို့မှသာ ပြောင်းရွှေ့ရောက်ရှိသော မြို့နယ်၏မဲစာရင်းတွင် ပါဝင်မည်ဖြစ်သည်။

**အခြေခံလူဦးရေစာရင်းများ ပြုစုခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများပြုစုနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံးရှိ နယ်မြေဒေသအချို့မှအပ ၂၀၂၁ ခုနှစ် ဩဂုတ်လမှစတင်ဆောင်ရွက်ခဲ့ရာ မြေပြင်နှင့်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းသည် ၂၀၂၂ ခုနှစ် မေလတွင် ပြီးစီးခဲ့ပါသည်။ မြေပြင်နှင့်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများပြီးဆုံးပြီးနောက် ရရှိလာသောလူဦးရေစာရင်းများကို ကွန်ပျူတာဆော့ဝဲလ်အသုံးပြု၍ နိုင်ကတ်ထပ်နေသူများ၊ နိုင်ကတ်မရှိသူများ/မပြည့်စုံသူများ၊ အသက် ၁၈ နှစ်အထက်၊ အသက် ၁၈ နှစ်အောက်ရှိသူများ၊ မွေးသက္ကရာဇ်မပြည့်စုံသူများ၊ မွေးရက်၊ မွေးလထပ်နေသူများ စသည်တို့ကို ခွဲခြားစိစစ်ခဲ့ပါသည်။ အဆိုပါ စိစစ်ချက်များကိုအခြေခံ၍ မြို့နယ်များအလိုက် အင်အားအတိုးအလျော့ ပြောင်းလဲမှုများအား အချိန်နှင့်တစ်ပြေးညီ မှန်ကန်စေရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်ကာ လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မြေပြင်နှင့်တိုက်ဆိုင်စိစစ်၍ ရရှိလာသောလူဦးရေစာရင်းများကိုစိစစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အစိုးရအဖွဲ့များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးများသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ပေးပို့ခဲ့သောလူဦးရေစာရင်းများ မှန်ကန်စေရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးများက လစဉ် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

**နိဂုံး**

နိဂုံးချုပ်အနေဖြင့် -

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော် ရွေးကောက်ပွဲဥပဒေများနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေး မဆုံးရှုံးစေရန်အတွက် ဥပဒေနှင့်အညီ မဲပေးပိုင်ခွင့်ရရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ လစဉ်လူဦးရေစာရင်းများကို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

(ခ) မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့၏ လူဦးရေစာရင်းများမှန်ကန်ရန်မှာ အဓိကအရေးကြီး၍ သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မဲဆန္ဒရှင်များသည် အခြေစိုက်နေထိုင်ရာမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း လဝက ပုံစံ(၆၆/၆)(အထစ)ရှိမှသာ မဲစာရင်းတွင်ပါဝင်မည်ဖြစ်ပါသည်။

(ဃ) ပြောင်းရွှေ့ရောက်ရှိရာ မြို့နယ်တွင် ဆန္ဒမဲပေးလိုပါက ပြောင်းရွှေ့ရောက်ရှိသော မြို့နယ်သို့ အိမ်ထောင်စုလူဦးရေစာရင်း လဝက ပုံစံ(၆၆/၆)(အထစ) ပြောင်းရွှေ့မှ ၎င်းမြို့နယ်၏ မဲစာရင်းတွင် ပါဝင်မည်ဖြစ်ပါသည်။

(င) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)နှင့်ပုံစံ (၂)တို့ဖြင့် ပူးတွဲကြေညာပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ၊ မရှိ သွားရောက်ကြည့်ရှုရမည်ဖြစ်သည်။

(စ) မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိအမည်ပါဝင်ရေးနှင့် ဆန္ဒမဲပေးနိုင်ရန်အတွက် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရလက်မှတ်နှင့်အမျိုးသားမှတ်ပုံတင်ကတ်တစ်မျိုးမျိုးကိုင်ဆောင်ထားမှ မဲပေးနိုင်မည်ဖြစ်သည်။

(ဆ) ဒီမိုကရေစီစနစ်ကျင့်သုံးသော မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပြီး လိုက်နာရမည့်တာဝန်များလည်းရှိသည်ဖြစ်ရာ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် နိုင်ငံသားတစ်ဦးချင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။ ။

ကံထူးကို

---

ပုံစံ (၂)

**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများ**
**ပြည်သူ့လွှတ်တော်မဲစာရင်းနှင့်စပ်လျဉ်းသောကြော်ငြာစာ**
[ နည်းဥပဒေ၈(က)]

၁။ ------------------မြို့နယ်၊ ------ တိုင်းဒေသကြီး/ ပြည်နယ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ်( )အတွင်းရှိ ---------------- ရပ်ကွက်/ကျေးရွာအုပ်စုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို ပုံစံ(၁)ဖြင့်ကြေညာထားပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ဆန္ဒမဲပေးနိုင်ရန်အတွက်မဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်း ရှိ မရှိ လာရောက်ကြည့်ရှုရပါမည်။

၂။ မိမိအမည်ပါဝင်ခြင်းမရှိသေးပါက မဲစာရင်း၌အမည်ထည့်သွင်းပေးရန် မိမိကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်လွှဲအပ်ထားသောကိုယ်စားလှယ်ကဖြစ်စေ ပုံစံ(၃)တွင် လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ တောင်းဆိုရမည်။

၃။ မဲစာရင်း၌ပါရှိသောအမည်၊ ကျား/မ၊ မွေးသက္ကရာဇ်၊ နိုင်ငံသားစိစစ်ရေးကတ်/မှတ်ပုံတင်အမှတ်၊ မိဘအမည်၊ နေရပ်လိပ်စာတို့ကို ပြင်ဆင်လိုလျှင်လည်းကောင်း၊ မဲစာရင်း၌ပါရှိသောပုဂ္ဂိုလ်တစ်ဦးဦးကို ကန့်ကွက်လိုလျှင်လည်းကောင်း ပြင်ဆင်လိုသူ သို့မဟုတ် ကန့်ကွက်လိုသူကိုယ်တိုင် ပုံစံ (၄) သို့မဟုတ် ပုံစံ(၄-က)တွင် လိုအပ်သည်များကို ဖြည့်သွင်းရေးသား၍ ပြင်ဆင်လွှာ သို့မဟုတ် ကန့်ကွက်လွှာဖြင့် ပြင်ဆင်/ကန့်ကွက်ရမည်။

၄။ ပုံစံ (၃)၊ပုံစံ(၄)နှင့်ပုံစံ(၄-က)များကို ---------------- ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးမှတစ်ဆင့် -------မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးသို့ - - ရက်နေ့ရုံးချိန်အတွင်း နောက်ဆုံးထား၍တင်သွင်းကြရမည်။

၅။ - - ရက်နေ့ရုံးချိန်ကုန်ဆုံးပြီးနောက်ပိုင်းမှ တင်သွင်းလာသော တောင်းဆိုလွှာ/ပြင်ဆင်လွှာ/ ကန့်ကွက်လွှာကို နည်းဥပဒေ၁၄(က)ပါ ပြဋ္ဌာန်းချက်များမှတစ်ပါး လက်ခံစဉ်းစားလိမ့်မည်မဟုတ်။

ဥက္ကဋ္ဌ
------------------------ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ

ရက်စွဲ၊ ------------------------

---



# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မြနန်းစံကျော်ရွှေနန်းတော်သို့ ရောက်ရှိကာ အရှေ့ပိုင်းမင်းခန်းတော်ဆောင်များ၊မိဖုရားဆောင်များ၊အနောက်ပိုင်းမင်းခန်းတော်ဆောင်များ၊ နန်းတွင်းကျောက်စာရုံ (၁)(၂)၊ အမြောက်ပြတိုက်၊ နန်းမြင့်မျှော်စင်နှင့် မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးတို့၏ ဂူဗိမာန်တော်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြနန်းစံကျော်ရွှေနန်းတော်သည် ကုန်းဘောင်ခေတ်၏ နောက်ဆုံးနန်းတော်ကြီးဖြစ်ကြောင်း၊မြန်မာတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို သက်သေဖော်ညွှန်းရာ မြန်မာတို့၏ အမွေအနှစ်အစစ်အမှန်ဖြစ်သော သမိုင်းတန်ဖိုး၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တန်ဖိုး၊ ဗိသုကာနှင့် အနုလက်ရာတန်ဖိုးများ ပြည့်ဝသော နန်းတော်ကြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဝန်ထမ်းများသာမက မြန်မာနိုင်ငံသားအားလုံး မြတ်နိုးတန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်းဖြင့် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက အမျိုးသားဇာတ်ရုံ(မန္တလေး)၌ အများပြည်သူတို့ကို တင်ဆက်ကပြမည့် "**အသက်ထက်မြတ်သော ဂုဏ်သိက္ခာ**"ကဇာတ်ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် မန္တလေးတိုင်းဒေသကြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးသည်။

အဆိုပါကဇာတ်သည် ပြည်တွင်းအင်အားဖြင့် ဖြေရှင်းနိုင်သောကိစ္စကို တိုင်းတစ်ပါးအားကိုးဖြင့် တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာဖောက်၍ မှားယွင်းပြုမူခဲ့သော အမှုကိစ္စအတွက် မျက်မှောက်ခေတ်အခြေအနေနှင့်ထင်ဟပ်၍ သင်ခန်းစာယူတတ်ကြစေရန် ဖြစ်ရပ်မှန်သမိုင်းနောက်ခံတင်ဆက်ဖျော်ဖြေသော ကဇာတ်ဖြစ်၍ နေပြည်တော်တွင် နှစ်ကြိမ်ဖျော်ဖြေတင်ဆက်ခဲ့ပြီး ယခု မန္တလေးမြို့ အမျိုးသားကဇာတ်ရုံတွင် နှစ်ကြိမ်ထပ်မံဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်းနှင့် အခြားနေရာများတွင်လည်း ဖျော်ဖြေတင်ဆက်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---


## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊နှလုံးသွေးကြောပိတ်ရောဂါ၊ဆီးချိုရောဂါ၊သွေးတိုးရောဂါ၊အဝလွန်ခြင်း၊အသည်းအဆီဖုံးခြင်း၊လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# လင်းခေးမြို့၊ လဲချားမြို့၊ ကာလိမြို့နှင့် ဟိုမိန်းမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို စားသောက် ဖွယ်ရာများ ထောက်ပံ့ ပေးအပ်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့၊ လဲချားမြို့၊ ကာလိမြို့နှင့် ဟိုမိန်းမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းက ယနေ့ နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၉၉၂ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူ ၁၂၆၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။



ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးစဉ်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂၄၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တာဝန်ရှိသူများက ဒေသခံပြည်သူများကို Mask များ အခမဲ့ပေးဝေလှူဒါန်းစဉ်။

# အသံအမတ်ကြီး ဦးအောင်ကျော်ဇံ ဘာရာဗီးဖက်ဒရယ်သမ္မတနိုင်ငံ ဒုတိယသမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဘာရာဗီး ဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးအောင်ကျော်ဇံသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ဘာရာဗီးနိုင်ငံသမ္မတရုံး၌ ဘာရာဗီးဖက်ဒရယ်သမ္မတနိုင်ငံ ဒုတိယသမ္မတ အန်တိုနီယိုဟမျူတိုမာချင်းစ်မော်ရိုထံသို့ပေးအပ်ခဲ့ပြီးဖြစ်သည်။ သံအမတ်ကြီးနှင့်အတူ မက္ကဆီကို၊ ဒိန်းမတ်၊ ဖင်လန်၊ နီပေါ၊ အာဂျင်တီးနား၊ အဇာဘိုင်ဂျန်နှင့် အိုမန်နိုင်ငံတို့မှ သံအမတ်ကြီးများလည်း ၎င်းတို့၏ခန့်အပ်လွှာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုဝင်ဘာ ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ဦးရေ ၃၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၂၉၈၇ ဦး |
| သေဆုံးသူ | ၁၉၄၈၇ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၇၃၀၈ ဦး |

**နေပြည်တော် နိုဝင်ဘာ ၁၉**

နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၈၈၂၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်ဦးရေ ၃၀ တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော်(လေ)မှ လေ့ကျင့်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရ




တပ်မတော်(လေ)မှ လေ့ကျင့်ရေးလေယာဉ်တစ်စင်း လေ့ကျင့်ပျံသန်းစဉ် စက်ချွတ်ယွင်း၍ အရေးပေါ်ဆင်းသက်ခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၁၉**

တပ်မတော်(လေ)မှ လေ့ကျင့်ရေးလေယာဉ်တစ်စင်းသည် ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း လေ့ကျင့်ပျံသန်းစဉ် သရက်ချောင်းမြို့တောင်ဘက် မိုင် ၉၀၀၀ ခန့်အကွာသို့ အရောက် စက်ချွတ်ယွင်းမှုဖြစ်ပွားခဲ့သဖြင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်းနှင့် လေယာဉ်မှူးနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

# ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Ye Min Aung Money Changer စားပြတိုက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ




**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် သိမ်ဖြူလမ်း အမှတ်(၅၀၀) မြေညီထပ်တွင် ဖွင့်လှစ်ထားသော Ye Min Aung Money Changer သို့ အမျိုးသား သုံးဦး ဝင်ရောက်လာပြီး အမျိုးသား နှစ်ဦးက သေနတ်ဖြင့်ချိန်ကာ ကျန်အမျိုးသားတစ်ဦးက ဓားမြှောင်တစ်လက် ကိုင်ဆောင်ခြိမ်းခြောက်၍ ဆိုင်ရှိငွေကျပ်သိန်း ၃၀၀ ခန့်နှင့် I phone တစ်လုံးကို ဓားပြတိုက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချင်းဖြစ်ရပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ဓားပြတိုက်မှုကို တရားခံ လေးဦးက ပူးပေါင်းကျူးလွန်ခဲ့ကြခြင်းဖြစ်ပြီး သုံးဦးက ဆိုင်အတွင်း ဝင်ရောက်လုယက်ကာ တစ်ဦးက ဆိုင်အပြင်ဘက်ရှိ မော်တော်ယာဉ်ပေါ်၌ အသင့်စောင့်ဆိုင်းနေခဲ့သည်ကို တွေ့ရှိပြီး အချင်းဖြစ်နေရာ၌ လုယက်သူများကျန်ရှိခဲ့သည့် ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ 9mm ကျည် ကိုးတောင့်နှင့် ကျည်ခွံတစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဓားပြတိုက်မှု ကျူးလွန်သူတရားခံများကို မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းတွင် (ပ)၃၅၂/၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှ ဓားပြတိုက်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ သတင်းရယူစုံစမ်းခြင်း၊ ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်းအထောက်အထားများကိုအခြေခံကာ ရရှိလာသောသတင်းများအား ကွင်းဆက်မပြတ်ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ဓားပြတိုက်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့်မော်တော်ယာဉ်ကို မောင်းနှင်ပေးခဲ့သူ မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက် ၁၀၃ လမ်း တိုက်အမှတ်(၂၇) ခြောက်လွှာ-အနေ အောင်ပိုင်ဦး(ခ)ပိုင်ပိုင် ၁၉ နှစ် (ဘ)ဦးကျော်မင်းနိုင်ကို ငွေစက္ကူရောရာ ကျပ် ၄၅ သိန်း၊ Redmi K30 အမျိုးအစား အပြာရောင်ဖုန်းတစ်လုံး၊ ဓားပြတိုက်မှုကျူးလွန်စဉ် ဝတ်ဆင်အသုံးပြုခဲ့သည့် အနက်ရောင်တီရှပ်အင်္ကျီလက်တိုတစ်ထည်၊ အဖြူရောင်ဘောင်းဘီရှည်တစ်ထည်တို့နှင့်အတူ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ မြယာကုန်းမီးပွိုင့်တွင် စတင်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်၏ ထွက်ဆိုချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ သာကေတမြို့နယ် (၇/အရှေ့) ရပ်ကွက် သဇင်နီလမ်း အမှတ်(၉)နေ အောင်ရဲနိုင်(ခ)အရှည်ကြီး ၂၄ နှစ် (ဘ)ဦးခင်မောင်သန်းကို Redmi K30 အမျိုးအစား ခရမ်းရောင်ဖုန်းတစ်လုံးနှင့်အတူ ယင်းနေ့နံနက် ၉ နာရီ ၃၅ မိနစ်တွင် သာကေတမြို့နယ် မင်းနန္ဒာလမ်းနှင့် မင်းရဲကျော်စွာလမ်းထိပ်တွင် ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ သာကေတမြို့နယ် (၆/အရှေ့) ရပ်ကွက် အောင်သုခ(၂၂)လမ်း အမှတ်(၁၁၅၄)နေ မင်းဟိန်း(ခ)ဂွပု ၂၄ နှစ် (ဘ)ဦးညဏ်ထွန်းမြင့်ကို ယင်းနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် Oppo A16K အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးနှင့်အတူ ၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ဓားပြတိုက်မှုကို ဝေကြီး(ခ)ဝေဖြိုးအောင် (ဖမ်းဆီးရန်ကျန်)က ဦးဆောင်ပြီး အဖွဲ့ဝင်လေးဦးဖြင့် ကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်စဉ် ဝေကြီး(ခ)ဝေဖြိုးအောင်က ပစ္စတိုသေနတ်ကို ကိုင်ဆောင်ကာ အောင်ရဲနိုင်(ခ)အရှည်ကြီးနှင့်အတူ ဆိုင်အတွင်းဝင်ရောက်လုယက်ဓားပြတိုက်ခဲ့ပြီး မင်းဟိန်း(ခ)ဂွပုက ဆိုင်အပေါက်ဝတွင် အခြေအနေ စောင့်ကြည့်ပေးကာ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်က ဆိုင်အပြင်၌ မော်တော်ယာဉ်ဖြင့် အသင့်စောင့်ဆိုင်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတိုသေနတ်ကို ဝေကြီး(ခ)ဝေဖြိုးအောင် (ဖမ်းဆီးရန်ကျန်)က ယူဆောင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဓားပြတိုက်မှုကျူးလွန်ရာမှ



**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Ye Min Aung Money Changer ဆိုင် ဓားပြတိုက်မှုကျူးလွန်သူ တရားခံသုံးဦးနှင့် သက်သေခံပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။**

ရရှိခဲ့သည့် ငွေကျပ် ၁၇၃ သိန်းအနက်မှ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်ကို ငွေကျပ် ၁၅ သိန်း၊ မင်းဟိန်း(ခ)ဂွပုကို ငွေကျပ် ၁၀ သိန်း၊ အောင်ရဲနိုင်(ခ)အရှည်ကြီးကို ငွေကျပ် ၁၅ သိန်းစီ အသီးသီးခွဲတမ်းအဖြစ် ပေးအပ်ခဲ့ပြီး ကျန်ငွေများကို ဝေကြီး(ခ) ဝေဖြိုးအောင်က ယူဆောင်ခဲ့ခြင်းကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဓားပြတိုက်မှုကျူးလွန်ခဲ့ပြီး ဖမ်းဆီးရမိသူများဖြစ်ကြသည့် တရားခံ အောင်ပိုင်ဦး(ခ)ပိုင်ပိုင်ပါ သုံးဦးတို့ကို သက်သေခံပစ္စည်းများဖြစ်သည့် ငွေစက္ကူရောရာ ကျပ် ၄၅ သိန်း၊ ဖုန်းမျိုးစုံသုံးလုံး၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ 9mm ကျည် ကိုးတောင့်၊ ကျည်ခွံတစ်ခု၊ ပြစ်မှုကျူးလွန်စဉ် အောင်ပိုင်ဦး(ခ)ပိုင်ပိုင် ဝတ်ဆင်ခဲ့သည့် အနက်ရောင်တီရှပ်အင်္ကျီလက်တိုတစ်ထည်နှင့် အဖြူရောင်ဘောင်းဘီရှည်တစ်ထည်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန် တရားခံဖြစ်သည့် ဝေကြီး(ခ)ဝေဖြိုးအောင်ကို အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့် ၎င်းတရားခံပြေးကို တွေ့မြင်သိရှိရပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေးသတင်းပို့တိုင်ကြားနိုင်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ "သစ္စာ" ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင် လုယက်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၉**

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂ ရက် ညနေ ၆ နာရီ ၃၈ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ကုန်သည်လမ်းနှင့် ၂၆ လမ်းထိပ် အမှတ် (၇၁၈/၇၂၀)ရှိ "သစ္စာ" ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင်တွင် ဆိုင်ရှင်ဖြစ်သူ ဦးမောင်မောင်ထွန်း(ခ)အင်မရမ်းနှင့် မိတ်ဆွေဖြစ်သူ ဦးမြင့်ကြည်တို့ရှိနေစဉ် Mask အနက်ရောင်များဝတ်ဆင်ထားသော အသက် ၃၀ နှစ်ခန့်ရှိ အမျိုးသား သုံးဦးမှ ဓားမြှောင်များ ကိုင်ဆောင်ဝင်ရောက်လာကာ ဦးမောင်မောင်ထွန်းနှင့် ဦးမြင့်ကြည်တို့ကို ရန်ပြုတိုက်ခိုက်ခြိမ်းခြောက်ပြီး ဦးမောင်မောင်ထွန်းပိုင် မီးခံသေတ္တာအတွင်းရှိ ငွေကျပ်သိန်း ၂၈၀၊ ဦးမြင့်ကြည်ပိုင် YGN 4H 6543 Toyota Allion ခဲရောင်မော်တော်ယာဉ်နှင့် Iphone နှစ်လုံးတို့ကို လုယက်ယူဆောင်သွားခဲ့သဖြင့် လုယက်မှု ကျူးလွန်သူတရားခံများကို ပန်းဘဲတန်းမြို့မရဲစခန်းတွင် (ပ)၆၈/၂၀၂၂၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်လှစ်၍ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူတရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒုစရိုက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ သတင်းရယူစုံစမ်းခြင်း၊ ခိုင်လုံသည့် လုံခြုံရေးမှတ်တမ်းအထောက်အထားများအားအခြေခံကာ ရရှိလာသောသတင်းများကို ကွင်းဆက်မပြတ်ဖော်ထုတ်ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ သုံးဦးအနက် တရားခံတစ်ဦးမှာ အဆိုပါ"သစ္စာ"ကုန်မာဆိုင်တွင် ယခင်က ယာဉ်မောင်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသော သီဟအောင်ဆိုသူဖြစ်ကြောင်း စတင်ဖော်ထုတ်သိရှိခဲ့ရပြီး တရားခံများ လုယက်ယူဆောင်သွားခဲ့သည့် YGN 4H/6543 Toyota Allion ခဲရောင်မော်တော်ယာဉ်ကို နိုဝင်ဘာ ၃ ရက် နံနက် ၁၁ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၆)ရပ်ကွက် ရန်ကင်းတလေးဆေးရုံအနီး ကန်ဘဲ့လမ်းမပေါ်တွင် ပြန်လည်တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဆက်လက် စုံစမ်းဖော်ထုတ်ချက်အရ နိုဝင်ဘာ ၁၈ ရက် ညနေ ၃ နာရီ ၅၅ မိနစ်တွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ဒဂုံဧရာအဝေးပြေးကားဝင်းရှိ "အင်ကြင်း"

စာမျက်နှာ ၂၄ သို့

## ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ "သစ္စာ" ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင် လုယက်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိမှု

ဦးဆောင်သူ (ဓားဖြင့်ထိုးလုယက်သူ)

သီဟအောင်(ခ)ဝက်ပိန်



(ဖမ်းမိ)

YGN/4H-6543 TOYOTA ALLIONခဲရောင် သက်သေခံယာဉ်အားမောင်းနှင်သူ

ချုပ်နှောင်လုယက်သူ

ဘိုဘို(ခ)မြင့်ထွေး



(ဖမ်းမိ)

ချုပ်နှောင်လုယက်သူ

မျိုးဇော်ထွန်း



(ဖမ်းမိ)

**စာမျက်နှာ ၂၃ မှအဆက်**

စားသောက်ဆိုင်တွင် လသာမြို့နယ် အမှတ်(၃)ရပ်ကွက် စဥ့်အိုးတန်းလမ်း အမှတ်(၆)နေ တရားခံသီဟအောင်(ခ) ဝက်ပိန် ၂၉ နှစ် (ဘ)ဦးသိန်းသန်းထွန်း ကို လုယက်မှုကျူးလွန်ရာမှရရှိသည့် ငွေများ ဖြင့် ဝယ်ယူထားသည့် ရွှေလက်စွပ်နှစ်ကွင်း၊ VIVO Y16 အမျိုးအစား အနက်ရောင် လက်ကိုင်ဖုန်းတစ်လုံး၊ Digitech အမျိုး အစား နာရီတစ်လုံး၊ အနက်ရောင် ပိုက်ဆံ အိတ်တစ်လုံးနှင့် ငွေကျပ် ၆၄၀၀၀၀ တို့နှင့် အတူ စတင်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ သီဟအောင်(ခ)ဝက်ပိန်၏ထွက်ဆိုချက်အရ လုယက်မှုတွင် အတူ ပါဝင် ကျူးလွန်ခဲ့သူများဖြစ်ကြသည့် မင်္ဂလာဒုံမြို့နယ် ပေါင်းကူးညဏ(?)ရပ်ကွက် မဥ္ဇူ(၂)လမ်းနေ မျိုးဇော်ထွန်း ၃၁ နှစ် (ဘ) ဦးတင်သောင်းကို လုယက်မှုကျူးလွန်ရာမှ ရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် Redmi Note 11 Pro Prime အမျိုးအစား အနက်ရောင်ဖုန်းတစ်လုံးနှင့်အတူ ယင်းနေ့ ည ၉ နာရီခွဲတွင် ၎င်း၏နေအိမ်၌ ဖမ်းဆီး ရမိခဲ့ပြီး မရမ်းကုန်းမြို့နယ် အမှတ်(၈) ရပ်ကွက် မြစ်ပယ်လမ်း အမှတ်(၉၃)နေ ဘိုဘို(ခ)မြင့်ထွေး ၂၅ နှစ် (ဘ)ဦးမြင့်သန်း အား လုယက်မှုကျူးလွန်ရာမှရရှိသည့် ငွေများဖြင့်ဝယ်ယူထားသည့် ရွှေနားကပ် တစ်ရန်၊ VIVO Y17 အမျိုးအစားနက်ပြာ ရောင်ဖုန်းတစ်လုံး၊ Techno Spark 7 အမျိုးအစား အစိမ်းရောင်ဖုန်းတစ်လုံးနှင့် အချင်းဖြစ်စဉ် ၎င်းဝတ်ဆင်ခဲ့သည့် ပလေ ကပ်ပုဆိုးတစ်ထည်၊ နက်ပြာရောင်တီရှပ် လက်တိုတစ်ထည်တို့နှင့်အတူ ယင်းနေ့ည ၁၀ နာရီတွင်၎င်း၏နေအိမ်၌ ထပ်မံဖမ်းဆီး ရမိခဲ့သည်။

ဖမ်းဆီးရမိသူတရားခံများ၏ ထွက်ဆို ချက်အရ ၎င်းတို့အနေဖြင့် လတ်တလော ငွေကြေးအသုံးလိုသည့်အတွက် သီဟအောင် (ခ) ဝက်ပိန် ယခင်ယာဉ်မောင်းအလုပ်လုပ် ကိုင်ခဲ့ဖူးသည့် "သစ္စာ"ကုန်မာဆိုင်ကို လုယက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်ရာ တွင် သီဟအောင်(ခ)ဝက်ပိန်က ဦးဆောင် ခဲ့ပြီး ဘိုဘို(ခ)မြင့်ထွေးနှင့် မျိုးဇော်ထွန်းတို့ က ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊ ဆိုင်အတွင်း ဝင်ရောက်လုယက်စဉ် မျိုးဇော်ထွန်းက ဦးမောင်မောင်ထွန်းကို ချုပ်နှောင်၍ သီဟအောင်(ခ)ဝက်ပိန်က ဓားဖြင့် ထိုးခဲ့ ကြောင်း၊ ဘိုဘို(ခ)မြင့်ထွေးမှ ဦးမြင့်ကြည် ကို ချုပ်နှောင်၍ ဆိုင်နောက်ဘက်သို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် ဦးမောင်မောင်ထွန်းကို ခြိမ်းခြောက်ကာ မီးခံသေတ္တာအတွင်းမှ ပိုက်ဆံများကို လုယူပြီး စားပွဲပေါ်တွင်တွေ့ရှိရသော ကားသော့ကိုယူ၍ ဆိုင်ရှေ့တွင်ရပ်ထား သည့် YGN 4H/6543 Toyota Allion ခဲရောင်မော်တော်ယာဉ်ကို သီဟအောင်(ခ) ဝက်ပိန်က မောင်းနှင်ယူဆောင်ကာ ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း။

ရန်ကင်းမြို့နယ် ရန်ကင်းကလေးဆေးရုံ အနီး ကန့်ဘဲ့လမ်းမပေါ်အရောက်တွင် မော်တော်ယာဉ်အားရပ်ထားခဲ့ကြောင်း၊ ထိုမှ တစ်ဆင့်တက္ကစီငှား၍ မြောက်ဥက္ကလာပ မြို့နယ် အမှတ်(၂)ရပ်ကွက် သုဓမ္မာလမ်းရှိ "ရွှေရိုးရာ" ဘီယာဆိုင်တွင် ဘီယာသောက် ခဲ့ကြပြီး အချင်းဖြစ်စဉ်ကရရှိခဲ့သော ငွေကျပ် သိန်း၂၈၀ ကို မျိုးဇော်ထွန်းနှင့် ဘိုဘို(ခ)မြင့်ထွေးတို့ကို တစ်ဦးလျှင် ငွေကျပ်သိန်း ၃၀ စီပေး၍ သီဟအောင် (ခ)ဝက်ပိန်က ကျန်ရှိငွေကျပ် သိန်း ၂၂၀ ကို ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆို ခဲ့သည်။

ဖြစ်စဉ်တွင် လုယက်မှုကျူးလွန်သူ တရားခံ သီဟအောင်(ခ)ဝက်ပိန်ပါ သုံးဦး ကို ငွေစက္ကူရောရာ ကျပ် ၆၄၀၀၀၀၊ ဖုန်းမျိုးစုံ လေးလုံး၊ ရွှေလက်စွပ် နှစ်ကွင်း၊ ရွှေနားကပ်တစ်ရန်၊ နာရီတစ်လုံး၊ ပိုက်ဆံ အိတ်တစ်လုံး၊ လုယက်မှုကျူးလွန်စဉ် ဘိုဘို (ခ)မြင့်ထွေး ဝတ်ဆင်ခဲ့သည့် ပလေကပ် ပုဆိုးတစ်ထည်နှင့် နက်ပြာရောင်တီရှပ် လက်တိုတစ်ထည်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ ပြီး ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ရပ်ရွာအေးချမ်းသာယာ ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှု များ တားဆီးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး တို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင် ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။



ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ "သစ္စာ" ကုန်မာနှင့် အိမ်အလှဆင်ပစ္စည်းအရောင်းဆိုင် လုယက်မှုကျူးလွန်သူတရားခံများ၏ မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၁-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၂၆၂၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၁၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၂ | ၂၀၁၄ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၃၉၄ | ၂၄၇၁ |
| HSD (50 ppm) | ၂၄၆၇ | ၂၅၄၆ |
| HSD (10 ppm) | ၂၄၆၇ | ၂၅၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာငါးများအကြောင်း တစေ့တစောင်း (ငါးရံ့)

**မန်းတင့်မော်**

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ ကုန်းတွင်းရေချိုရှိရာ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ကန်များအပါအဝင် သဘာဝရေပြင်များကြွယ်ဝလျက်ရှိသည်။ ထိုသဘာဝရေပြင်များတွင် ရေနေအပင်နှင့် သတ္တဝါ(ဇီဝမျိုးစုံမျိုးကွဲ)များ ပေါက်ဖွားရှင်သန်နေထိုင်လျက်ရှိကြသည်။ မြန်မာ့ရေချိုသက်ရှိသတ္တဝါသယံဇာတများတွင် ငါးနှင့်ပုစွန်များက လူတို့အတွက် အစာအာဟာရအဖြစ် ပံ့ပိုးပေးလျက်ရှိသည်။ မြန်မာ့အသက်သွေးကြောဟု တင်စားနိုင်သည့် ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံအတွင်း အရှည်လျားဆုံး စီးဆင်းနေသည့် မြစ်ကြီးဖြစ်သည်။ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်း စသောထင်ရှားသည့် မြစ်ကြီးများနှင့် မြစ်ငယ်၊ ချောင်းငယ်များစွာလည်းရှိသေးသည်။

မြန်မာ့ကုန်းတွင်း အကြီးဆုံးရေအိုင်ကြီးဖြစ်သည့် အင်းတော်ကြီးအိုင်နှင့် အင်းလေးကန်တို့တွင်လည်း ရေချိုငါးမျိုးစိတ်များစွာ တည်ရှိလျက်ရှိသည်။ သဘာဝရေပြင်မြစ်ချောင်းအင်းအိုင်ဧရိယာဧက ၂၀ ဒသမ ၅ သန်း၊ ရေဝပ်ဧရိယာဧက ၁၅ သန်း၊ ဆည်တမံနှင့် ရေလှောင်ကန်ဧရိယာဧက ၄ ဒသမ ၅ သန်းနှင့် စပါးစိုက်ဧရိယာဧက ၁၃ ဒသမ ၃ သန်းရှိကြောင်း မှတ်သားမိသည်။ အဆိုပါနေရာများမှ ငါး၊ ပုစွန်များ ထွက်ရှိသည်။ ဂုဏ်ယူဖွယ်ရာ မြန်မာ့ဒေသရင်းငါးမျိုးစိတ်များရှိသကဲ့သို့ နိုင်ငံပြင်ပမှ ဝင်ရောက်လာသော ငါးမျိုးစိတ်များလည်းရှိသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားဆွေမျိုးများအားလုံး ငါးကိုနှစ်ခြိုက်စွာ စားသုံးလေ့ရှိကြသည်။ ငါးကို အမျိုးမျိုးချက်ပြုတ်ကြော်လှော်၍ ဟင်းလျာအဖြစ် စားသုံးလေ့ရှိကြသကဲ့သို့ ငါးပိ၊ ငါးခြောက်အဖြစ်လည်း ပြုပြင်စားသုံးလေ့ရှိကြသည်။ မြန်မာမှန်လျှင် ငါးပိ၊ ငါးခြောက်နှင့်မကင်းဟူ၍ပင် ဆိုနိုင်ပါလိမ့်မည်။

မြန်မာတို့နှင့်ငါးရံ့ ခွဲမရအောင်ရင်းနှီးခဲ့ကြပြီးဖြစ်သည်။ ရှိုးရာကိုးကွယ်ယုံကြည်မှုနှင့် ငါးရံ့ကလည်း ဆက်စပ်လျက်ရှိသည်။ ပဲခူးဒေသတွင် အထူးထင်ရှား၍ မြန်မာနိုင်ငံတစ်ဝန်း ယုံကြည်သူများကိုးကွယ်ကြသော "နံကရိုင်း"မယ်တော်နတ်ကို ပူဇော်ပသရာတွင် ငါးရံ့နှစ်ကောင် တင်လှူရသောဓလေ့ရှိကြောင်းလည်း မှတ်သားမိသည်။ မြေလတ်ဒေသတချို့တွင် ဝါဆိုကာလ ဝါအဝင်ရိုးရာနတ်တင်ချိန်သည် ရေကြီးကာလဖြစ်၍ ငါးဖမ်းမလွယ်သောအခါဖြစ်သည်။ ငါးအစိုမရနိုင်၍ ငါးရံ့ခြောက်ကို အတုံးငယ်များပြုလုပ်၍ ကြော်ပြီး နတ်တင်လေ့လည်းရှိကြပါသေးသည်။ အချို့သော ရေလုပ်ငန်းလုပ်ကိုင်သူများကလည်း ဆိုင်ရာပိုင်ရာပူဇော်ပသမှုများတွင် ငါးရံ့ကို ကြော်ချက်၍ တင်မြှောက်ကြရကြောင်းလည်း သိရှိရသည်။

ငါးရံ့ကို အစိုစားသုံးမှုအမျိုးမျိုးရှိကြသည်။ ငါးရံ့ပေါများစွာရရှိနိုင်သော မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး စသောဒေသများတွင် ငါးရံ့၏ ကလီစာ အူအသည်းများကိုထုတ်၍ မန်ကျည်းမှည့်အနှစ်ဖြင့် ချက်ထားသော ငါးရံ့အူဟင်းမှာ မြန်မာ့ဂုဏ်ထူးဆောင်ဟင်းတစ်မျိုးဖြစ်၍ လူကြိုက်များပြီး တန်ဖိုးမြင့်မြန်မာ့ဟင်းလျာတစ်ခွက်ဖြစ်သည်။ အခြားလူကြိုက်များသော ငါးရံ့ဟင်းမှာ ငါးရံ့ခေါင်းနှင့် ဒန့်သလွန်သီးချက်ဖြစ်သည်။ ငါးရံ့ခေါင်းနှင့် ငါးရံ့အူမှာ ငါးအသားထက်ပင် ဈေးကောင်းနေတတ်ပါသေးသည်။ ငါးရံ့အစိုကိုကြော်၍လည်းကောင်း၊ ရေကျိုချက်၍လည်းကောင်း စားသုံးလေ့ရှိပြီး ရေကျိုငါးပိပြုလုပ်ရာတွင်လည်း ငါးရံ့ကို အသုံးပြုလေ့ရှိကြသည်။ ငါးရံ့ဆန်ပြုတ်မှာ မကျန်းမာသောလူမမာအတွက် ခံတွင်းလိုက်စေပြီး အာဟာရပြည့်ဝစေသော ဓာတ်စာအဖြစ် လူသုံးများသည်။

ငါးရံ့ကို အခြောက်ပြုလုပ်ရာတွင် အကောင်ငယ်ပါက ရင်ခွဲ၍ အခြောက်လှန်းလေ့ရှိသည်။ အကောင်ကြီးပါက အသားမြှောင်းများခွဲ၍ ငါးရံ့ခြောက်ပြားအဖြစ် ဆားနှင့်နယ်ပြီးလှန်းကာ စားသုံးနိုင်သည်။ ဈေးကွက်ဝင်ရန် အရောင်းဆိုးကြသည်လည်းရှိသည်။ ပဲခူးတိုင်းဒေသကြီးထွက် ပျဉ်ပုံကြီးငါးရံ့ခြောက်နှင့် ဧရာဝတီတိုင်းဒေသကြီးထွက် ငါးရံ့ခြောက်များမှာ နာမည်ရငါးရံ့ခြောက်များဖြစ်ကြသည်။ မန္တလေးမြို့အနီး စဉ့်ကူးမြို့နယ်ရှိ အင်းများမှလည်း ငါးရံ့များ ထွက်ရှိသည်ကိုလည်း မှတ်သားမိသည်။ လူသိနည်းသော ငါးရံ့အသုံးပြုမှုတစ်မျိုးမှာ ငါးချဉ်ပြုလုပ်ခြင်းဖြစ်သည်။ ငါးရံ့ကို အရိုးမပါအောင် အသားထွင်ပြီး ထမင်း၊ ဆားတို့နှင့်နယ်ကာ ငါးအသား



ချဉ်ပြုလုပ်ခြင်းဖြစ်သည်။ အခြားငါးများထက် ငါးချဉ်အသားမှာ မာ၍စားသုံးသူအကြိုက်ဖြစ်သည်။အချို့အရပ်က ငါးရံ့ချဉ်ကိုပင် ငါးဖယ်ချဉ်ဟူ၍ ရောင်းချကြသည်များလည်းရှိသည်။

ငါးရံ့၏ ကိုယ်လုံးသွယ်လျပုံကို ထပ်တူပြု၍ ကိုယ်လုံးကိုယ်ပေါက်လှပသော အမျိုးသမီးငယ်များကို ငါးရံ့ကိုယ်လုံးနှင့်မိန်းမပျိုဟု တင်စားပြောဆိုလေ့လည်းရှိသည်။ မျက်နှာများသောသူများနှင့် အလုပ်နှစ်မျိုးတစ်ပြိုင်နက်တည်း မနိုင်မနင်းလုပ်တတ်သူများကို "ငါးရံ့နှစ်ကောင်ဖမ်းသည်"ဟူ၍လည်း ပြောဆိုလေ့ရှိကြပါသေးသည်။ မြန်မာစကားပုံတွင် "ငါးရံ့ရအတူတူ၊ ငါးခူရ ခွဲခြမ်းခွဲခြမ်း"ကို "အိုင်ပက်သူနှစ်ဦးသည် ငါးရံ့ကလေးများရသောအခါ နှစ်ယောက်အတူတူပိုင်သည်ဟု သဘောထားကြသော်လည်း ငါးခူကြီးများရသောအခါ လောဘဝင်၍ ခွဲခြမ်းခွဲခြမ်းလုပ်သကဲ့သို့ အလုပ်အတူတူလုပ်သူအချင်းချင်း အကျိုးအမြတ်နည်းသော် အကျိုးတူသဘောခံယူနိုင်ကြသော်လည်း အကျိုးအမြတ်များသော် အဝေမတည့်ဖြစ်လာသည်"ဟူ၍ ရှင်းလင်းဖော်ပြထားသည်။ ငါးရံ့နှင့်မြန်မာ ရင်းနှီးပြီးဖြစ်သကဲ့သို့ ငါးရံ့တွင်းရွာနှင့် ငါးရံ့အိုရွာဟူသော အမည်များကိုလည်း မှတ်သားမိပါသည်။

ငါးရံ့၏ ဂုဏ်သတ္တိနှင့် အကျိုးအာနိသင်ကို မြန်မာဆေးကျမ်းတွင် "ငါးရံ့သည် ဒေါသသုံးပါးကိုနိုင်၏၊ ကြေညက်လွယ်၏၊ နှုတ်ကိုမြိန်စေ၏၊ ဝမ်းမီးကိုတောက်စေ၏။ သုက်ကိုပွားစေ၏"ဟု ဖော်ပြသည်။ ငါးရံ့သားကို ရောဂါအလိုက် ဆေးဖက်နှင့် အသုံးပြုပုံများတွင် ကလေးသူငယ်အူရောင်ရောဂါအတွက် ပဲကြီးနှင့်ငချိပ်ဆန်ကို ငါးရံ့သားနှင့်ချက်စားရန် ညွှန်းပါသည်။ သူငယ်နို့မစို့၍ ပျို့အန်သောရောဂါအတွက် ချဉ်ပေါင်ကြီးရွက်ကို ငါးရံ့သားကင်နှင့်ချက်၍ ကျွေးရန်ဟု တွေ့ရသည်။ ကျောက်တည်ရောဂါအတွက် ငါးရံ့သားကင်၊ သနပ်ရွက်နှင့် ဆီးသီးရော၍ချက်စားသော် သက်သာပျောက်ကင်းနိုင်သည်ဟုဆိုသည်။ ၄က်ဖျားရောဂါအတွက်မူ ငါးရံ့သည်းခြေကို တစ်နေ့တစ်လုံးကျ ခုနစ်ရက်ဆက်တိုက်မျိုပါက ၄က်ဖျားရောဂါပျောက်၏ဟု ဖော်ပြထားသည်။ သတိပြုရန်အချက်များအနေဖြင့် ငါးရံ့သားကို မြွေသားနှင့်တွဲဖက်၍ မစားရ။ ငါးရံ့သားသည် အဆိပ်အတောက်မရှိ၍ လူနာများနှင့်သင့်၏။ ဓာတ်စာငါးဟူ၍ သတ်မှတ်ခေါ်ဝေါ်ခြင်းကိုခံရ၏"ဟု သတိပေးထားပါသေးသည်။

အနောက်တိုင်းဆေးပညာသဘောအရ ငါးရံ့အလေးချိန် ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၈၉ ဂရမ်၊ ပရိုတင်းအသားဓာတ် ၁၈ ဒသမ ၅ ဂရမ်၊ အဆီ ၁ ဒသမ ၆ ဂရမ်၊ ကစီသကြားဓာတ် သုည ဒသမ ၀၄ ဂရမ်၊ ထုံးဓာတ် ၉၆ မီလီဂရမ်၊ သံဓာတ် ၁ ဒသမ ၉ မီလီဂရမ်၊ ဗီတာမင်ဘီဝမ်း သုည ဒသမ ၁၂ မီလီဂရမ်၊ ဗီတာမင်ဘီတူး သုည ဒသမ ၀၄ မီလီဂရမ်နှင့် နိုင်ယာစင် ၂ ဒသမ ၃ မီလီဂရမ်တို့ပါဝင်ကြောင်း အာဟာရတန်ဖိုးမှတ်တမ်းများအရ သိရသည်။

ငါးရံ့ကို သိပ္ပံနည်းကျမျိုးခွဲရာတွင် မျိုးရင်း Channidae တွင်ပါဝင်၍ မျိုးစဉ် Anabantiformes အောက်တွင် ထည့်သွင်းထားသည်။ မျိုးစု Channa ဟု ခေါ်တွင်ပြီး ကမ္ဘာပေါ်တွင် ငါးရံ့မျိုးစိတ်ပေါင်း ၅၀ ခန့်ရှိသည်ဟုဆိုသည်။ ငါးရံ့၏ မူလဇာတိဒေသမှာ အာရှတိုက်ဖြစ်ပြီး ရေချိုနေအရိုးမာငါးအမျိုးအစားဖြစ်သည်။

ငါးရံ့အားလုံး၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံမှာ အများအားဖြင့် တူညီသည်။ အရွယ်အစားနှင့် အရောင်အဆင်းမှာ ကွာခြားသည်။ ငါးရံ့အားလုံး ဦးခေါင်းထင်ရှား၍ ဘေးနှစ်ဖက်တွင် မျက်ခွံမပါသော မျက်လုံးများ (နှစ်ခု) ပါရှိသည်။ ခန္ဓာကိုယ်ဆလင်ဒါပုံရှိ၍ နောက်ဖက်သို့ သေးသွယ်သွားသည်။ ကျောဖက်တွင် ရေယက်တောင်ရှည်တစ်ခုပါ၍ ရေယက်တန်းပျော့များက ထောက်ကန်ထားသည်။ ဦးခေါင်းဘေးတစ်ဖက်တစ်ချက်တွင် ရင်ပိုင်းရေယက်တောင် တစ်စုံနှင့် ဝမ်းဗိုက်ဖက်တွင် တင်ပိုင်းရေယက်တောင်ပါရှိသည်။ စအိုဝနောက်တွင် စအိုရေယက်တောင် ရှည်ပါရှိပြီး အမြီးရေယက်တောင်မှာ လုံးဝိုင်းသည်။ ဦးခေါင်းပိုင်းအကြေးခွံကြီးမား၍ ဦးခေါင်းခွံနှင့်ကပ်လျက် များစွာပါရှိသည်။ ခန္ဓာကိုယ်အကြေးခွံများမှာ သေးငယ်၍ ဘေးကြောင်းပြွန်စနစ်လည်းပါရှိသည်။ ငါးရံ့အထီး၊ အမကွဲပြား၍ မျိုးပွားချိန်တွင် ယှဉ်တွဲနေထိုင်လျက်ရှိသော်လည်း ကျန်အချိန်များတွင် တစ်ကောင်ချင်းနေလေ့ရှိသည်။ ငါးရံ့များမှာ အသားစား သတ္တဝါများဖြစ်၍ သွားများအလွန်ချွန်ထက်သည်။ ရေနေအင်းဆက်ပိုးများ၊ ငါးပုစွန်များ၊ ဖားကဲ့သို့သော ရေနေ၊ ကုန်းနေသတ္တဝါများ၊ မြွေငယ်လေးများ၊ ၄က် ငယ်လေးများနှင့် ကြွက်ကဲ့သို့သော နို့တိုက်သတ္တဝါငယ်များထိ စားလေ့ရှိကြသည်။ ဥချသားပေါက်ရာသီမှာ နှစ်စဉ်မေလမှ ဇူလိုင်လအတွင်းဖြစ်သည်။ ငါးရံ့၏ ထူးခြားသော သဘာဝတစ်ရပ်မှာ ရေအနည်းငယ်ရှိရုံနှင့် အသက်ရှင်နိုင်ခြင်းဖြစ်သည်။ အဓိကအသက်ရှူအင်္ဂါများဖြစ်သော ပါးဟက်များက မြေတွင်းရွှံ့နွံအတွင်း၌ပင် အသက်ရှင်နိုင်သည်။ ကုန်းပေါ်တွင်လည်း အတန်အသင့်ဝေးသောနေရာထိ သွားလာလှုပ်ရှားနိုင်ကြသည်။ နွေအခါ ရေပြင်များခန်းခြောက်၍ အပေါ်ယံပပ်ကြားအက်သည်ထိ ခြောက်သွေ့သွားသည့်တိုင် မြေအောက်အစိုဓာတ်အနည်းငယ်၌ပင် အသက်ရှင်နိုင်စွမ်းရှိသည်။

မြန်မာနိုင်ငံတွင် ငါးရံ့မျိုးစိတ်ငါးမျိုးရှိသည်။ အရပ်အခေါ် ငါးရံ့ဒိုင်း၊ ငါးရံ့အောက် သို့မဟုတ် ငါးရံ့ဘေးကျား၊ ငါးရံ့ခေါင်းတို၊ ငါးရံ့ပနော်နှင့် ငါးအုံးမတ် သို့မဟုတ် ငါးအုံးမတို့ဖြစ်သည်။ ထူးခြားမှုတစ်ခုအနေဖြင့် ကမ္ဘာပေါ်တွင် ငါးရံ့ပေါများစွာတည်ရှိသော နိုင်ငံအဖြစ် မြန်မာနိုင်ငံပါဝင်နေခြင်းပင်ဖြစ်သည်။

ငါးအုံးမတ် ခေါ် ငါးအုံးမ၏ နိုင်ငံတကာသိ ငါးအမည်ကို မြန်မာနိုင်ငံတွင် စတင်တွေ့ရှိခဲ့၍ Burmese Snake Head ဟူ၍ ဂုဏ်ပြုမှည့်ခေါ်ထားသည်။ သိပ္ပံအမည်မှာ Channa Harcourtbutleri ဖြစ်သည်။ အင်းလေးကန်တွင် အတွေ့ရများသော ငါးမျိုးဖြစ်၍ အခြားဒေသများတွင်လည်း အနည်းငယ်တွေ့နိုင်သည်။ အရွယ်အစားသေးငယ်သည်။ အရောင်မည်းနက်သည်။ အင်းလေးဒေသတွင် အစားများသော်လည်း အခြားဒေသများတွင် စားသုံးမှုနည်းပါးသည်။ သတိပြုဖွယ်အချက်မှာ ငါးအုံးမတ်သည် ကမ္ဘာလုံးဆိုင်ရာ သက်ရှိများကို ခြိမ်းခြောက်မှုအခြေအနေများအရ မျိုးသုဉ်းမှုအန္တရာယ်နှင့်ကြုံတွေ့လုနီးဖြစ်နေသည့် မျိုးစိတ် Near Threatened (NT) စာရင်းတွင် ပါဝင်နေခြင်းဖြစ်သည်။ ကျန်ငါးရံ့များမှာ ပေါများသေးသည့် အနေအထားရှိနေပါသေးသည်။

ငါးအုံးမတ် ခေါ် ငါးရံ့တစ်မျိုးအပါအဝင် ရေသယံဇာတဖြစ်သော ငါး၊ ပုစွန်များကို ရေရှည်စားသုံးခြင်းပြုနိုင်ရန် စနစ်တကျငါးဖမ်းခြင်း၊ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများကို လိုက်နာခြင်းနှင့် တစ်နိုင်တစ်ပိုင် ငါး၊ ပုစွန်မွေးမြူခြင်းလုပ်ငန်းများကို သတိပြုဆောင်ရွက်သင့်ကြပါကြောင်း တိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**


၁။ **Irland Fishes of Myanmar**

၂။ **ပုံပြဆေးအဘိဓာန်**

# ရန်ကုန်မြို့ရှိ ဆံတော်ရှင် ဆူးလေစေတီတော် ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် စေတီရံများကို ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်မည်



**ရန်ကုန် နိုဝင်ဘာ ၁၉**

ရန်ကုန်မြို့ရှိ ဆံတော်ရှင် ဆူးလေစေတီတော် ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် စေတီရံများကို ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆူးလေစေတီတော် ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

ဆံတော်ရှင် ဆူးလေစေတီတော် ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် စေတီရံများကို ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်မှုကို ယခုနှစ် နိုဝင်ဘာ ၁၇ ရက်က စတင်ဆောင်ရွက်ကာ ၂၀၂၃ ခုနှစ် ဧပြီလတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆံတော်ရှင် ဆူးလေစေတီတော် ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် စေတီရံများကို ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန်အတွက် ငြိမ်းဆင်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၉ နာရီ ၉ မိနစ်က ဆူးလေစေတီတော်၏တနင်္ဂနွေထောင့်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆံတော်ရှင် ဆူးလေစေတီတော် ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် စေတီရံများကို ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်ဆောင်ရွက်ရာတွင် စေတီတော်၏ ဩဝါဒစရိယဆရာတော်ကြီးများ၏ ဩဝါဒခံယူကာ ရွှေစင်ရွှေပြားရွှေသင်္ကန်းတော်ကပ်လှူခြင်း၊ ကပ်လှူပြီး ရွှေစင်ရွှေပြားရွှေသင်္ကန်းများမှ ပျက်စီးမှုများကို ဖြည့်ဆည်းကပ်လှူခြင်း၊ အသစ်ကပ်လှူခြင်းနှင့် လုံးတော်ပြည့်မျက်ပါးရွှေသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပြီးလျှင် စေတီရံများကို ဆက်လက်မွမ်းမံ ဆက်ကပ်ပူဇော်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဆံတော်ရှင်ဆူးလေစေတီတော် ရွှေထီးတော်၊ လုံးတော်ပြည့်နှင့် စေတီရံများကို ရွှေစင်ရွှေပြား မျက်ပါးရွှေသင်္ကန်းကပ်လှူပူဇော်မှုတွင် ကုသိုလ်ယူပါဝင်လှူဒါန်းလိုသည့် စေတနာရှင်အလှူရှင်များအနေဖြင့် ဆူးလေစေတီတော်ဂေါပကအဖွဲ့၊ ဖုန်း ၀၁-၈၃၇၁၀၀၇၊ ၀၁-၈၃၇၁၀၀၉၊ ၀၁-၈၃၇၁၅၆၀၊ ၀၁-၈၃၇၁၅၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဆူးလေစေတီတော် ဂေါပကအဖွဲ့၏ သတင်းများအရ သိရသည်။

(၃၃၆)

# သိန္နီမြို့နယ် ကောင်းလောက်စောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သိန္နီ နိုဝင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန္နီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကောင်းလောက်စောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ သိန္နီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် တာဝန်ရှိသူများက ကောင်းလောက်စောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း ပြည့်မီခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ရေရှည်အသုံးပြုနိုင်စေရေးအတွက် ရေသုံးစွဲမှုများ စနစ်တကျရှိစေရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။



သိန္နီမြို့နယ် ကောင်းလောက်စောက်ကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၆ ဒသမ ၄၆ သန်းဖြင့် အကျယ်လေးလက်မ၊ အနက်ပေ ၄၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို တင်ဒါအောင်မြင်သည့် အောင်မြတ်ချာန်ကုမ္ပဏီက ဇူလိုင် ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကောင်းလောက်စောက်ကျေးရွာရှိ လူဦးရေ ၁၀၀၀ ကျော်အတွက် ရာသီမရွေးသောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေကို ရရှိသုံးစွဲနိုင်ပြီဖြစ်၍ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မင်းလှမြို့နယ် ရွာပုလဲကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းလှ နိုဝင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မြို့သစ်ကျေးရွာအုပ်စု ရွာပုလဲကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်စန္ဒီကျော်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာပုလဲကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းမောင်က ပြောပြ၍ သိရသည်။

**ကျော်စိုး**

## လမ်းလျှောက်ကြစို့

\- ဆောင်းရာသီ နှင်းထဲမှာ
မပျင်းဘဲ လမ်းလျှောက်မယ်၊
နံနက်ကို သွက်လက်ခြင်းနဲ့
သက်သွင်းဖို့ရှယ်၊
ကျန်းမာရေး မျှတဖွယ်
လှပတယ် ကိုယ်ကာယ၊
ကြော့မော့စွာ ချောကညာတစ်သင်းလို
ရောဂါကင်းပ။

\- နေထွက်ခါ နှင်းကွဲစမှာ
နှင်းထဲက လေကိုရှူ၊
မြောက်ပြန်လေ ပေါ့ပေါ့ပါးပါး
ဆော့ကစားလို့မြူး၊
ဆောင်းနှင်းက ဖြူဖြူ
မြူတွေက အုံ့ဆိုင်း၊
ဆောင်းကဗျာ ရှုခင်းလေးက
ဆေးပန်းချီအတိုင်း။

\- ရှုလေရာ မှုန်မှိုင်းလို့
ခြုံသိုင်းတဲ့ နှင်းမြူတွေ၊
နေရောင်ခြည် ထိုးမကျခင်
အတိုးချလို့ဝေ၊
ချမ်းသလား ကိုယ့်လူရေ
လျှောက်ထားလေ လက်ကိုလွှဲ၊
ချွေးလေးတွေ ကိုယ်မှာစို့ရင်
နွေးလို့ပါပဲ။

\- ဆောင်းရာသီ ချမ်းဘယ်လောက်ကဲ
လမ်းလျှောက်ပွဲ ကျင်းပမယ်၊
တို့တိုင်းမြန် ပြည်သူသားတို့
ခွန်အားတွေကြွယ်၊
ကျန်းမာလို့ သက်ရှည်တယ်
တက်နေသဖွယ် သန်မာဖို့၊
ဆောင်းရာသီ အအေးဓာတ်နဲ့
ထွေးပတ်တာ မချမ်းလောက်ပါဘူး
ကဲ. . .
လမ်းလျှောက်ပါစို့။ ။

**လွမ်းလေးကို(သရက်)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဝါးစိုက်ခင်းများတိုးချဲ့စိုက်ပျိုးပြီး စီးပွားဖြစ်ထုတ်လုပ်ရောင်းချပေးနိုင်ရေး ဝါးအထူးစိုက်ပျိုးခွင့်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်




**ရန်ကုန် နိုဝင်ဘာ ၁၉**

ဝါးစိုက်ခင်းများတိုးချဲ့စိုက်ပျိုးပြီး စီးပွားဖြစ်ထုတ်လုပ်ရောင်းချပေးနိုင်ရေးအတွက် ဝါးအထူးစိုက်ပျိုးခွင့်များကို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သတင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဝါးကုန်ကြမ်းများဖြင့် တန်ဖိုးမြင့် ပရိဘောဂများထုတ်လုပ်ကာ ပြည်တွင်းဈေးကွက်များနှင့် နိုင်ငံတကာဈေးကွက်များသို့ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဝါးကုန်ကြမ်းများ ရရှိနိုင်စေရေးအတွက် ဝါးစိုက်ပျိုးသူအဖွဲ့များနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ဖြည့်ဆည်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

လက်ရှိတွင် ဝါးစိုက်ပျိုးရေးအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ သစ်တောကြီးဝိုင်းတို့တွင် ဝါးဧက ၁၁၀ ထိ စိုက်ပျိုးဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြည်တွင်း၌ ဝါးကုန်ကြမ်းရရှိရန် အခက်အခဲရှိနေသဖြင့် ပြည်ပမှဝါးများကိုတင်သွင်းဝယ်ယူ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းတွင် ဝါးကုန်ကြမ်း လိုအပ်နေမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်တွင်းတွင် ဝါးစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် ဝါးအထူးစိုက်ပျိုးခွင့်များကို သစ်တောဦးစီးဌာန ဝါးစိုက်ပျိုးရေးအဖွဲ့များနှင့်ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထိုသို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများက သစ်တောဦးစီးဌာန၊ ဝါးစိုက်ပျိုးရေးအဖွဲ့၊ ဝါးလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ညှိနှိုင်းဆောင်ရွက်နေကြောင်း သိရသည်။

(၃၃၆)

# ကော့ကရိတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကော့ကရိတ် နိုဝင်ဘာ ၁၉**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ခရင်းကျေးရွာအုပ်စု အလယ်ကျွန်းကျေးရွာနှင့် အင်းကြီးကျေးရွာအုပ်စု နွားခြံကုန်းကျေးရွာတို့၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တွင်းနက်တူးဖော်ခြင်းနှင့် စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကော့ကရိတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ အလယ်ကျွန်းကျေးရွာ၊ နွားခြံကုန်းကျေးရွာတို့၌ တွင်းနက်တူးဖော်ခြင်းနှင့် စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

အလယ်ကျွန်းကျေးရွာတွင် အနက်ပေ ၄၀၀၊ အကျယ် လေးလက်မ တွင်းနက်တူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရွှေပြည် 47 ကုမ္ပဏီက လည်းကောင်း၊ နွားခြံကုန်းကျေးရွာ၌ အနက်ပေ ၄၀၀၊ အကျယ် လေးလက်မ တွင်းနက်တူးဖော်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် အမျိုးကောင်းသား ကုမ္ပဏီက လည်းကောင်း ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အလယ်ကျွန်းကျေးရွာ၊ နွားခြံကုန်းကျေးရွာတွင် ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၁၄၇ အိမ်၊ လူ ၁၀၀၃ ဦးနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့ထံမှ သိရသည်။

**အေးမြတ်**

# မင်းဘူး-စကုလမ်းပိုင်းမှ မယ်ဘော့ကုန်းကျေးရွာဆက်သွယ်သောလမ်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းဘူး နိုဝင်ဘာ ၁၉**

မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ထုတ်ကုန်၊ ထွက်ကုန်များ သယ်ယူပို့ဆောင်နိုင်ရေးနှင့် ပညာရေး၊ ကျန်းမာရေး ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မင်းဘူး-စကုလမ်းမှ မယ်ဘော့ကုန်းကျေးရွာ ဆက်သွယ်သောလမ်း ဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ရီရီအေးခိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ မင်းဘူး-စကုလမ်းမှ မယ်ဘော့ကုန်းကျေးရွာ ဆက်သွယ်သောလမ်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော ဘုန်းမြတ်ကျော်ကုမ္ပဏီမှ တာဝန်ရှိသူက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်တာဝန်ခံ ဒေါ်ရီရီအေးခိုင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ဆောင်ရွက်သွားရန်နှင့်လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။



၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၃၂ ဒသမ ၅၁၃ သန်းဖြင့် မင်းဘူး-စကုလမ်းမှ မယ်ဘော့ကုန်းကျေးရွာ ဆက်သွယ်သောလမ်းအရှည် ၁ ဒသမ ၁၅ မိုင်၊ အကျယ် ၁၂ ပေ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများကို ဘုန်းမြတ်ကျော် ကုမ္ပဏီက ဇူလိုင်လ ပထမပတ်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**ဝင်းမာ**

# မြောက်ဦးမြို့နယ် ရှင်ရှည်ကျေးရွာ၌ မြေသားရေကန်တူးဖော်မှု ကွင်းဆင်းစစ်ဆေး

**မြောက်ဦး နိုဝင်ဘာ ၁၉**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရှင်ရှည်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက မြောက်ဦးမြို့နယ် ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရှင်ရှည်ကျေးရွာ၌ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော တာရာလင်းလက်ထွန်းကုမ္ပဏီတာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေး ပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့နယ် ရှင်ရှည်ကျေးရွာ၌ အလျားပေ ၁၀၀၊ အနံပေ ၁၀၀၊ အနက် ခြောက်ပေ မြေသားရေကန် တူးဖော်ခြင်းနှင့် အရှည်ပေ ၆၀၀ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅ သန်းဖြင့် တာရာလင်းလက်ထွန်းကုမ္ပဏီက မေလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ ၇၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၂၇၄ အိမ်၊ လူ ၁၂၃၇ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက ပြောပြ၍ သိရသည်။

**ကိုသန်း**

# ပြည်ပဈေးကွက် ဝယ်ယူမှုရှိသဖြင့် ပဲကြီးဈေးနှုန်းကောင်းမွန်နေ

**ရန်ကုန် နိုဝင်ဘာ ၁၉**

ပြည်တွင်း၊ ပြည်ပ ဈေးကွက် ဝယ်ယူမှုရှိနေသဖြင့် ပဲကြီးဈေးနှုန်းများမှာ မတ်ပဲဈေးနှုန်းများထက် သာလွန် ကောင်းမွန်နေကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

ပဲကြီးသည် ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရှိနေသည့် သီးနှံဖြစ်ပြီး ယခုနှစ်တွင် စားသုံးသူဈေးကွက်များ၊ အကြော်လုပ်ငန်းများနှင့် ပြည်ပပို့ကုန်လုပ်ငန်းများ၏ ဝယ်ယူမှုမြင့်တက်လာသဖြင့် ယခင်နှစ်ကထက် ဈေးနှုန်းမြင့်တက်လာခဲ့ကြောင်း၊ ယခင်နှစ်က ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ခန့်သာ ပေါက်ဈေးရရှိခဲ့သော်လည်း ယခုနှစ်တွင် ပဲကြီးတစ်တင်းလျှင် ငွေကျပ် ၇၀၀၀၀ ကျော်၊ ၈၀၀၀၀ ခန့်ထိ ဈေးနှုန်းရရှိနေကြောင်း၊ လက်ရှိ ရန်ကုန်မြို့ ပဲဈေးကွက်တွင် မတ်ပဲတစ်တင်းလျှင်ငွေကျပ် ၅၇၀၀၀ ကျော်သာ ပေါက်ဈေးရှိနေသဖြင့် ပဲကြီးဈေးနှုန်းများမှာ မတ်ပဲထက် ဈေးနှုန်းပိုမိုရရှိနေကြောင်း သိရသည်။

လက်ရှိတွင် ပဲကြီးဈေးနှုန်း ကောင်းမွန်နေမှုကြောင့် ပဲကြီးလှောင်လက်ကုန်သည်များပင်ထုတ်ရောင်းနေကြကြောင်း၊ ပဲကြီးများမှာ ပြည်တွင်းစားသုံးသူဈေးကွက်များ၊ အကြော်လုပ်ငန်းများ၊ လက်ဖက်လုပ်ငန်းများနှင့် မုန့်လုပ်ငန်းများမှ ဝယ်ယူမှုမြင့်တက်နေသကဲ့သို့ ပြည်ပသို့လည်းအဆက်မပြတ်တင်ပို့ရောင်းချပေးနေခဲ့ရသဖြင့် ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်နေခြင်းဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ပဲကြီးကို ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၉ သန်းဖိုး၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅၇ သန်းဖိုး စုစုပေါင်းအမေရိကန်ဒေါ်လာ ၄ ဒသမ ၃၇၆ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ရသည်။

ပဲကြီးသီးနှံမှ ထိုကဲ့သို့ ပြည်တွင်း၊ ပြည်ပဈေးကွက်များ အဝယ်သွက်နေသဖြင့် ပြည်တွင်းဈေးကွက်များတွင်လည်း ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်း၊ နိုဝင်ဘာ ၁၇ ရက် ပြည်တွင်းဈေးကွက် သတင်းများအရ ၁၉ ပိဿာဝင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၇၈၀၀၀ မှ ငွေကျပ် ၇၉၀၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

(၃၃၆)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# သိပ္ပံနည်းကျကျလက်ဝှေ့ထိုးခဲ့လျှင်

**ရွှေဘိုဘာမထီခင်အောင်**

“သိပ္ပံနည်းကျကျ လက်ဝှေ့ထိုးနည်းပညာ”ကို လက်ဝှေ့သမားတိုင်း လက်ဝှေ့လေ့ကျင့်ရာတွင်လည်းကောင်း၊ လက်ဝှေ့ပြိုင်ပွဲဝင်ရာတွင်လည်းကောင်း လက်တွေ့ကျကျ ကျင့်သုံးသင့်သည်။

သိပ္ပံနည်းကျကျ လက်ဝှေ့ဗိုလ်လုပွဲ ဝင်ရောက်ယှဉ်ပြိုင်သူတို့သည် ဗိုလ်လုပွဲဝယ် ၇၅ ရာခိုင်နှုန်း အနိုင်ရတတ်သည်။ အနိုင်ရဗိုလ်စွဲကြသည်သာမက ဒဏ်ရာအနာတရ နည်းပါးစွာဖြင့် ကြိုးဝိုင်းပေါ်မှ ပြုံးဝင့်စွာဖြင့် ဆင်းလာရတတ်၏။ ကမ္ဘာ့ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံဘွဲ့ သုံးကြိမ်ဆွတ်ခူးခဲ့သူ မိုဟာမက်အလီကိုယ်တိုင် ရေးစပ်ခဲ့သော ကဗျာအရ HE WHO HITS AND STEP AWAY LIFE TO EIGHT THE ANOTHEK DAY “ပြိုင်ဘက်ကို ဖြောင့်ထောက်ထိုးရင်း ရှောင်လျားသွားပါက နောက်ရက်မှာလဲပဲ လှလှပပယှဉ်နိုင်ဦးမယ်” (ဒဏ်ရာမရလေဘဲ ပွဲဆက်ထိုးနိုင်မယ်)ဟူ၏။

ထိုသည်မှာ သိပ္ပံနည်းကျကျ ထိုးသတ်သည့် လက်ဝှေ့သမားအားလုံး၏ အာနိသင် အကျိုးသက်ရောက်မှုပင်ဖြစ်တော့သည်။

**လက်ဝှေ့သမား(၄)စား**

ကမ္ဘာ့ကြေးစားလက်ဝှေ့ဗိုလ်လုပွဲကို ၁၈၈၂ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်က တရားဝင်စတင်ခဲ့သည်။ အစိုးရအသိအမှတ်ပြုဖြစ်၏။ ကမ္ဘာ့အပျော်တမ်းလက်ဝှေ့ပြိုင်ပွဲကို ၁၈၈၆ ခုနှစ် ဗြိတိန်နိုင်ငံ လန်ဒန်မြို့က စခဲ့သည်။

ထိုထိုသော လွန်ခဲ့သည့်နှစ် ၁၄၀ ကတည်းက လက်ဝှေ့ထိုးနည်း(၄)စားဟူ၍ သတ်မှတ်ထားခဲ့သည်။

(၁) BOXER သိပ္ပံနည်းကျကျလက်ဝှေ့သမား
(၂) FIGHTER တိုက်တိုက်ခိုက်ခိုက်လက်ဝှေ့သမား(တိုက်စစ်သမား)
(၃) SOUTHPAW ဘယ်သန်လက်ဝှေ့သမား
(၄) SLUGGER အရမ်းပတာမ်းထိုးလက်ဝှေ့သမား

BOXER လက်ဝှေ့ကျော်တို့သည် အနာမခံ (အနာဒဏ်ရာဒဏ်ချက်) မရစေဘဲ အနိုင်မရရအောင် ထိုးသတ်ယှဉ်ပြိုင်တတ်သည့် လက်သီးကျော်ဖြစ်၏။ BOXER အမျိုးအစား လက်ဝှေ့ကျော်အပေါင်းတို့သည် ဗိုလ်လုပွဲ၌ ၇၅ ရာခိုင်နှုန်း ထိုးလုံးထိုးကွက်မှာ စောင့်၍ တန်ပြန်လက်သီးထိုးချက် (COUNTER PUNCHING) ပင်ဖြစ်တော့သည်။

(က) စောင့်မယ်
(ခ) ရန်သူရဲ့ထိုးချက်ကို ကွက်အောင်တိမ်းမယ်
(ဂ) စီးတန်ပြန်ဖြောင့်ထောက်လက်သီးတွေကို ပစ်သွင်းမယ်
(ဃ) ခြေရွှေ့ပြီးတိမ်းရှောင်သွားမယ် သို့ရာတွင်
(င) ရန်သူအထိနာနေရင်း အလဲထိုးချမယ်။

ဆိုလိုရင်းမှာ ရန်သူကိုစောင့်ပြီး တန်ပြန်လက်သီးများ အဆက်မပြတ်သွင်းပြီး နေရာရွှေ့တိမ်း ဘယ်၊ ညာဖြောင့်ထောက်လက်သီး LEFT AND RIGHT JAB များများသုံးပါ။ ရန်သူ၏မေးဖျား JAW ကို ပစ်မှတ်ထား ထိုးလွှတ်ရပါမည်။

**သိပ္ပံနည်းကျကျထိုးသည့် ကမ္ဘာ့ချန်ပီယံတချို့ကို သက်သေပြုခြင်း**

ဂျက်ဂျွန်ဆင် (JACK JOHNSON) (၁၉၀၈-၁၉၁၅) ကမ္ဘာ့ပထမဦးဆုံးသော လူမည်း(နီဂရိုး ဟဲဗီးဝိတ်) ချန်ပီယံပါ။ အရပ်ခြောက်ပေခြောက်လက်မရှိပြီး ကိုယ်အလေးချိန်ပေါင် ၂၇၀ ရှိ၏။ လက်ဝှေ့သတ်ရာတွင် ဂျက်ဂျွန်ဆင်က အမြဲတမ်းစောင့်ပြီး ဘယ်၊ ညာဖြောင့်ထောက်လက်သီးများကို လျှပ်စစ်စီးလက်သလို ထိုးရင်း နေရာရွှေ့ရွှေ့သွားတတ်သည်။ သူဆီကျွံပြီးဝင်လာပါက ညာပင့် RIGHT UPPCUTT သုံး၏။

၁၉၀၈ ခုနှစ်က ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ဗိုလ်လုပွဲတွင် ကမ္ဘာ့ဟဲဗီးဝိတ်တန်း လက်ရှိချန်ပီယံ တော်မီဘန် (TOMMY BURNS) ကို ၁၄ ချီအရောက် ဒိုင်ပွဲရပ် (TECHNKRL KNOCK OUT-T.K.O) နှင့် အနိုင်ရသရဖူကို လုယူနိုင်လိုက်၏။ FIGHTER တိုက်စစ်သမား တော်မီဘန် မျက်နှာတစ်ပြင်လုံး စုတ်ပြတ်ကုန်၏။ ဂျက်ဂျွန်ဆင်၏ ဖြောင့်ထောက်လက်သီးများက မိုးသီးမိုးပေါက်ပမာပင်။

ဂျင်းနီတန်နီ (GENE TUNNY) ၁၉၂၆-၁၉၂၈ ခုနှစ်က လက်ရှိကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ သစ်ခုတ်သမား လူကြမ်းလက်သီးကြမ်းကြီး ဂျက်ဒမ်မဆေ (JACK DEMPSEY) တို့ဗိုလ်လုကြရာ ဖြောင့်ထောက်လက်သီးအထိုးမြန် ခြေရွှေ့မြန်သော ဂျင်းနီတန်နီကို ကျုံးသွင်းတိုက်စစ်ဆင် အရမ်းအကြမ်းထိုးလင့်ကစား ကြိုးဝိုင်းအတွင်းတွင် လှည့်ပတ်ရှောင်ရင်း ထောက်လက်သီးသုံးရင်း စောင့်စောင့်တန်ပြန်ထိုးသူ ဂျင်းနီတန်နီကို မယှဉ်နိုင်ပါဘဲ ခံပြီးရင်းခံရင်း ဖြစ်နေပါသည်။ ၁၅ ချီအပြီး သရဖူကိုအပ်လိုက်ရသည်။

**မိုဟာမက်အလီ၏ တန်ပြန်ထိုးကွက်**

လက်ဝှေ့ဝါသနာပါသူတိုင်း မိုဟာမက်အလီ (MOHAMAD ALI)၏ ပွဲစဉ်များကို ကြည့်ခဲ့ဖူးကြပါလိမ့်မည်။ အလီ၏ထိုးကွက်က စောင့်သည်။ တန်ပြန်ထောက်လက်သီးများကို ထိုးလွှတ်ပြီး လှည့်ပတ်ရှောင်တိမ်းသွားလေ့ရှိသည်။ FOOT WORK ခေါ် ခြေရွှေ့လှုပ်ရှားမှုကို အားသာသည်။

၁၉၆၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက် ညက မိုဟာမက်အလီနှင့် လက်ရှိကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ဆန်နီလာစ်စတန် (SONNY LISTON) တို့ အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ မေဒီဆင်စကွဲယားဥယျာဉ်လက်ဝှေ့ရုံ (MADISON SQUARE GARDEN) ၌ သုံးမိနစ် ၁၅ ချီ ထိုးရစဉ် ပထမအချီမှ ဆဋ္ဌမအချီထိ ဆန်နီလာစ်စတန်ကြီး တစ်ဖက်စီးနင်း အထိုးခံနေရပြီး။ သတ္တမအချီအရောက် ဆက်လက်မထိုးသတ်နိုင်တော့သဖြင့် ဆန်နီလာစ်စတန်က အရှုံးပေးသွားခဲ့သည်။ ဆန်နီကြီးက FIGHTER သမားပါ။ FOOT WORK ခြေရွှေ့လှုပ်ရှားတိမ်းရှောင်ပြေးမှုပညာကို မိုဟာမက်အလီက ၁၉၅၄ ခုနှစ်က ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း (MIDDRE WEIGHT) ချန်ပီယံ ရှူဂါးရေးရော်ဘင်ဆင် (SUGAR RHY ROBINSON) ဆီက နည်းယူခြင်းဖြစ်ပါသည်။ ရှူဂါးရေးရော်ဘင်ဆင်က အလွန်မြန်သည်။ သူနည်းဗျူဟာက မြန်မြန်ထိုး မြန်မြန်ရွှေ့ မြန်မြန်တိမ်း ဖြစ်သည်။ ထိုသိပ္ပံနည်းကို အလီက အတုယူခဲ့သည်။

များမကြာမီက ကမ္ဘာ့သရဖူကို လုယူရန် ဖိလစ်ပိုင်နိုင်ငံသား ပက်ကွိုင်အိုနှင့်ဝေသာ ထိုးသည့်လက်ဝှေ့ပွဲ၌ နီဂရိုးကြီးဝေသာ၏ထိုးကွက်က စောင့်၍တန်ပြန်ထိုးနည်းနှင့်လွယ်လွယ်လေး အနိုင်ယူသွားခဲ့သည်ကို တွေ့ရပါ၏။ ယနေ့လက်ဝှေ့ကျော်တို့ ဝေသာကဲ့သို့ သိပ္ပံနည်းကျကျထိုးစေချင်သည်။ ခြေရွှေ့ပုံ၊ ထောက်လက်သီးသုံးသွားပုံ၊ လှည့်ပတ်ပြီး တိမ်းရှောင်ပုံများကို ကြည့်ထားရပါမည်။ ကြည့်တတ်မှမြင်မည်။

**မျိုးသန့်(လန်ဒန်အိုလံပစ်နှော)**

ဘယ်ထောက်လက်သီးထိုးချက်ကို သုံးလုံးဆင့်ဆင့် ထိုးလွှတ်တတ်သည့် မျိုးသန့်သည် ၁၉၄၈ ခုနှစ် ဇူလိုင် ၂၉ ရက်ညက ကမ္ဘာ့ပွဲပေါင်းမြောက်မြားစွာကို ထိုးထားသူ ကနေဒါနိုင်ငံက ချန်ပီယံ ဂျိုအူလက်ဆန်ဗိုလူကို သုံးလုံးဆင့်လက်သီးများ စက်သေနတ်ပစ်သလို ထိုးနိုင်၍ ပထမပွဲစဉ်တွင် အမှတ်နှင့်အပြတ်အသတ် အနိုင်ရခဲ့သည်။ သိပ္ပံနည်းကျကျထိုးသတ်၍ မျိုးသန့်က ရဲရဲတောက် ဗြိတိန်နိုင်ငံ လန်ဒန်ရွှေမြို့တော်တွင် အင်္ဂလိပ်ပရိသတ် သုံးသောင်းကျော်ရှေ့မှောက်၌ ထိုးခဲ့အနိုင်ယူခဲ့ခြင်းပါ။ မြန်မာနိုင်ငံမှ မထွက်ခွာခင် “နိုင်ငံနဲ့လူမျိုးရဲ့ဂုဏ် ဗမာ့သတ္တိစွမ်းရည်ကို အင်္ဂလိပ်မျက်နှာဖြူတွေသိအောင် မင်းလုပ်ကြခဲ့ရမယ်။ မင်းရဲ့အသက်နဲ့လဲပြီး ဗမာ့သတ္တိကို ရဲရဲတောက်ကြခဲ့။ အဲဒါအမိန့်”ဟု မျိုးသန့်၏တပ်မှူး ဗိုလ်မှူးခင်ညိုက မှာခဲ့သည်။ **စက်သေနတ်ပစ်သလို မြန်ဆန်လှတဲ့ ဗမာလက်ဝှေ့သမား**အဖြစ် ၁၉၄၈ ခုနှစ် ဇူလိုင် ၃၀ ရက်ထုတ် EVENING NEWS သတင်းစာတွင် ဖော်ပြခံရသည်။ မျိုးသန့်၏ထိုးကွက်က ဘယ်သုံးလုံးဆင့် ညာဖြတ် RIGHT CROSS တစ်လုံးထိုး နေရာရွှေ့ တန်ပြန်ထိုးစစ် ပြန်စစ်ထိုးခြင်း။

**မွန်တိုင်းရင်းသားလှညွန့်(ရောမအိုလံပစ်ပြန်)**

လှညွန့်က ရောမအိုလံပစ်လက်ဝှေ့ဗိုလ်လုပွဲ၏ ပထမညဝယ် ဖင်လန်နိုင်ငံက ဗီရာရပွန်ကို အမှတ်ဖြင့် အပြတ်နိုင်ရ၏။ လှညွန့်၏ တန်ပြန်လက်သီးချက် COUNTER PUNCHING များကို ဗီရာရပွန် မတိမ်းနိုင်ခဲ့။ လှညွန့်က ခြေရွှေ့တိမ်းရှောင်မှု၊ ခါးလှည့်တိမ်းရှောင်မှုအလွန်ကောင်းလှသူပါ။ သိပ္ပံနည်းကျကျ ထိုးသတ်၍ ဒဏ်ရာမရဘဲ လှလှပပအနိုင်ရခဲ့သည့် တကယ့်လူတော်ဖြစ်သည်။

**သိန်းမြင့်(ရောမအိုလံပစ်တွင် နှစ်ပွဲအနိုင်ရခဲ့)**

သိန်းမြင့်သည် ကမ္ဘာ့အိုလံပစ်လက်ဝှေ့ ဗိုလ်လုပွဲကြီးသို့ သုံးကြိမ်တိုင်တိုင် ထိုးသတ်ခဲ့ရ၏။ ၁၉၅၆ ခုနှစ် ဗဲလ်ဘုန်အိုလံပစ်၊ ၁၉၆၀ ပြည့်နှစ် ရောမအိုလံပစ်၊ ၁၉၆၄ ခုနှစ် တိုကျိုကမ္ဘာ့အိုလံပစ်သို့ ထွက်ရောက်ထိုးရသူပါ။ ၁၉၆၀ ပြည့်နှစ် ရောမအိုလံပစ်၌ ပထမညပွဲစဉ် လူဇင်ဘတ်နိုင်ငံက စီးရစ်ကို အမှတ်နှင့် အနိုင်ရပြီး၊ ဒုတိယပွဲစဉ် ပါကစ္စတန်နိုင်ငံက M. နာဇီကို အနိုင်ရ၏။

သိန်းမြင့်က သိပ္ပံနည်းကျကျ ပူးကပ်ထိုးနည်း (CLOSE FIGHTING) ကို ကျွမ်းလှသူဖြစ်သည်။ ပူးကပ်ပြီးတိမ်း၏။ ပူးကပ်ပြီး ပင့်၊ ဝိုက်လက်သီးများကိုသုံးတတ်၏။ ခြေရွှေ့မြန်မှမြန်။ သိန်းမြင့်၏ ထိုးကွက်က ကမ္ဘာ့အဆင့်မီသည်။

**တင်ထွန်း တိုကျိုအိုလံပစ်ပြန်၏ ထိုးကွက်**

တင်ထွန်းသည် အရပ်အမောင်းကောင်း၏။ တကယ့်သိပ္ပံနည်းကျ လက်ဝှေ့ချန်ပီယံဖြစ်သည်နှင့်အညီ တန်ပြန်လက်သီး (COUNTER PUNCHING) ကို အားသာ၏။ ဘယ်၊ ညာဖြောင့်ထောက်လက်သီးများကို ၇၅ ရာခိုင်နှုန်းသုံးတတ်၏။ ပွဲအစမှပွဲကြီးသည်အထိ ပေ ၂၀ ပတ်လည်ရှိ ကြိုးဝိုင်းအတွင်း ခြေရွှေ့ (FOOT WORK) လှုပ်ရှားကာ လျင်လျင်မြန်မြန်ထိုးတတ်၏။ ၁၉၆၄ ခုနှစ်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သော ကမ္ဘာ့အိုလံပစ်လက်ဝှေ့ဗိုလ်လုပွဲဝယ် ဘယ်ကျော်ဘယ်သန် ဗြိတိန်နိုင်ငံက လက်ဝှေ့ကျော် ရွှန်စမစ် (RON SIYITH) ကို ပထမအချီ တစ်စက္ကန့်အတွင်း KNOCK OUT ထိုးချအနိုင်ယူစဉ်က ဘယ်၊ ညာဖြောင့် နှစ်လုံးဆင့်လက်သီးကိုသုံးခဲ့သည်။ ရွှန်စမစ်က ညာဖြောင့်လက်သီးထိုးချက်ဖြင့် တင်ထွန်း၏ဝမ်းဗိုက်ကို လှစ်ခနဲဝင်အထိုး စောင့်နေသော တင်ထွန်းက ညာဖြတ် RIGHT CROSS ထိုးကွက်ဖြင့် မေးဖျားကို ထိုးလိုက်၏။ လဲသည် ချက်ချင်းပြန်အထ ဘယ်၊ ညာဖြောင့်ဆင့်လက်သီးနှစ်လုံး ထပ်သွင်းလိုက်သည်။ လဲပြီး။ ပြန်မထနိုင်တော့ဘဲ အလဲပွဲဖြင့် ပွဲသိမ်းရသည်။

ဒုတိယညပွဲစဉ်၌ နိုင်ဂျီးရီးယားနိုင်ငံက နီဂရိုး ကပ္ပလီနှင့်ထိုးရပြန်ရာ တင်ထွန်းကစောင့်၍ တန်ပြန်လက်သီးများ မိုးသီးမိုးပေါက်ပမာ။ ထိုးပြီး (၄-၁)ဖြင့် အနိုင်ယူလိုက်ပြန်သည်။ တင်ထွန်းသည် သိပ္ပံနည်းကျကျ လက်ဝှေ့ထိုးတတ်သူဖြစ်၍ ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲတွင် နှစ်ပွဲအနိုင်ယူခဲ့နိုင်ပေသည်။

FIGHTER တိုက်တိုက်ခိုက်ခိုက် ထိုးသတ်တတ်သူသည် သိပ္ပံနည်းကျကျ ထိုးသတ်တတ်သူ BOXER နှင့်တွေ့လျှင် ရှုံးရလေ့ရှိ၏။ သို့ရာတွင် အင်မတန်အတိမ်းအရှောင်ကောင်းပြီး သိပ္ပံနည်းကျကျ အဝင်အထွက်ကောင်း လက်သီးပြင်းလှသည့် ဆရာကြီးကျားဘညိမ်းလို ပုဂ္ဂိုလ်မျိုးနှင့်တွေ့လျှင် BOXER မခံနိုင်ချေ။ မြန်မာနိုင်ငံ၏ လက်ဝှေ့သမိုင်းတွင် ဆရာကျားဘညိမ်းကဲ့သို့သော DARKING FIGHTER မျိုး ရှားမှရှားလှ၏။

SOUTHPAW ခေါ် ညာခြေညာလက်ဝင်း ဘယ်သန်လက်ဝှေ့ကျော်မျိုးက ၁၀၀ မှ တစ်ယောက်တည်းရှိကာ ရှားသည်။ ထိုဘယ်သန်လက်ဝှေ့ကျော်နှင့် တွေ့ရလျှင် ခက်သည်။ သူ့ဘယ်ဘက်သို့ လှည့်ပတ်မတိမ်းသင့် ညာဖြတ်လက်သီးညာဖြောင့်လက်သီး များများထိုးပေးရမည်။ SLUGGER အရမ်းပတာမ်း ခပ်ကြမ်းကြမ်းထိုးတတ်သူသည် ပွဲ၌အရှုံးများ၏။ ဒဏ်ရာဒဏ်ချက်များစွာရပြီး ကြိုးဝိုင်းပေါ်မှ ညံ့သည့်လက်သီးသမားမျိုးပါ။ အတုမယူသင့်ပါချေ။

လိုရင်းရေးရလျှင်သော် ဒဏ်ရာဒဏ်ချက်မရလေဘဲ နိုင်ပွဲများစွာရလေ့ရှိသော သိပ္ပံနည်းကျလက်ဝှေ့ကျော်ဖြစ်လာရန် လက်ဝှေ့ကျော်အပေါင်းတို့ ကြိုးပမ်းသင့်လှပေသည်။

❖ FIGHTER တိုက်တိုက်ခိုက်ခိုက် ထိုးသတ်တတ်သူသည် သိပ္ပံနည်းကျကျထိုးသတ်တတ်သူ BOXER နှင့်တွေ့လျှင် ရှုံးရလေ့ရှိ၏။ သို့ရာတွင် အင်မတန်အတိမ်းအရှောင်ကောင်းပြီး သိပ္ပံနည်းကျကျ အဝင်အထွက်ကောင်း လက်သီးပြင်းလှသည့် ဆရာကြီးကျားဘညိမ်းလို ပုဂ္ဂိုလ်မျိုးနှင့်တွေ့လျှင် BOXER မခံနိုင်ချေ။ မြန်မာနိုင်ငံ၏လက်ဝှေ့သမိုင်းတွင် ဆရာကျားဘညိမ်းကဲ့သို့သော DARKING FIGHTER မျိုး ရှားမှရှားလှ၏။ SOUTHPAW ခေါ် ညာခြေညာလက်ဝင်း ဘယ်သန်လက်ဝှေ့ကျော်မျိုးက ၁၀၀ မှ တစ်ယောက်တည်းရှိကာ ရှားသည်။ ထိုဘယ်သန်လက်ဝှေ့ကျော်နှင့် တွေ့ရလျှင် ခက်သည်။ ❖

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## စိတ်ထားဖြူစင် ကောင်းကျိုးဝင်

တစ်ခါတုန်းကပေါ့ကွယ်။ ခနိုတောရွာကလေးမှာ ဖြူဖြူနဲ့နီနီဆိုတဲ့ သူငယ်ချင်းနှစ်ယောက်ရှိသတဲ့။ သူတို့နှစ်ယောက်ဟာ ရွာအလယ်တန်းကျောင်းမှာ ပညာသင်ကြားနေတဲ့ သတ္တမတန်းကျောင်းသူလေးတွေပေါ့ကွယ်။

အတန်းငယ်လေးကတည်းက ညီအစ်မတွေလို ခင်ခင်မင်မင်နေခဲ့ကြတာပေါ့။ ဖြူဖြူလေးဟာ စိတ်သဘောထားဖြူစင်ပြီး သူငယ်ချင်းနီနီအပေါ် သာမက ကျောင်းသား၊ ကျောင်းသူအားလုံးအပေါ် သနားကြင်နာတတ်ပြီး ကူညီတတ်သတဲ့ကွယ်။ အတန်းထဲမှာလဲ စာတော်သူမို့ စာမရလို့လာမေးရင် စေတနာပါပါနဲ့ ကူညီပေးတတ်သတဲ့။

သူငယ်ချင်း နီနီကတော့ စာတော်ပေမဲ့ သူတစ်ပါးကိုမျှဝေရမှာ ပြောပြရမှာ သိပ်ပြီးကြောက်သတဲ့ကွယ်။ ငါ့လိုသူတို့ရသွားရင် ငါ့ကိုမီလာလိမ့်မယ်ဆိုတဲ့အတွေးနဲ့ အကြောင်းအမျိုးမျိုးပြပြီး ရှောင်တတ်သတဲ့။ နောက်ပြီး ဖြူဖြူနဲ့နီနီဟာ အတန်းထဲမှာ ပထမ၊ ဒုတိယအမြဲရသူတွေမို့ စာတော်သူအဖြစ်သတင်းကြီးတာပေါ့ကွယ်။ ဖြူဖြူက သဘောရိုးပေမဲ့ နီနီကတော့ အမြဲတမ်း ပထမရချင်လို့ စိတ်ထဲက ကျိတ်ပြီးပြိုင်နေတာပေါ့ကွယ်။ နီနီက ဘယ်လိုပင် ကျိတ်ပြီးယှဉ်ပြိုင်နေပါစေ။ ဖြူဖြူကတော့ သူ့ရဲ့ သူငယ်ချင်းနီနီအပေါ် အပြစ်မမြင်ဘဲ ချစ်ခင်မြဲရှိကာ စာကိုပုံမှန်ကြိုးစားသတဲ့။

တစ်နေ့ လပတ်စာမေးပွဲဖြေဖို့ ၁၀ ရက်လောက်အလိုမှာ ဖြူဖြူလေးဟာ ရုတ်တရက်ဖျားလာပြီး ကျောင်းကိုမလာနိုင်ဘူးတဲ့ကွယ်။ ဖြူဖြူအိမ်က ကျောင်းကိုခွင့်လာတိုင်တာကို မြင်တွေ့လိုက်ရတဲ့ နီနီဟာ ဖြူဖြူစာတွေနောက်ကျတော့မယ်ဆိုတာကို သိလိုက်တယ်။ အဲဒီအချိန်မှာ နီနီက ကျိတ်ပြီးဝမ်းသာနေတယ်တဲ့။ ဒီရက်ပိုင်းက စာမေးပွဲပါမဲ့သင်ခန်းစာတွေ ဦးစားပေးသင်တာဖြစ်လို့ ဖြူဖြူမရနိုင်တော့ဘူးဆိုပြီး ပျော်နေသတဲ့ကွယ်။

စာမေးပွဲဖြေဖို့ သုံးရက်အလိုမှာ ဖြူဖြူလေး ကျောင်းပြန်တက်တာပေါ့။ ဖြူဖြူက သူငယ်ချင်းဖြစ်တဲ့




နီနီကို သူကျောင်းတက်ပျက်ခဲ့စဉ်က မရလိုက်တဲ့ စာတွေကူးပေးဖို့ပြောပေမဲ့ အကြောင်းအမျိုးမျိုးပြပြီး နီနီက ကူးမပေးဘူးတဲ့ကွယ်။ မှတ်စုမစုံမလင်၊ စာမရသေးဘဲနဲ့ စာမေးပွဲဖြေရမှာမို့ ဖြူဖြူလေးဟာ ဝမ်းနည်းပြီး စိတ်မကောင်းဖြစ်နေတာပေါ့။

ဖြူဖြူရဲ့အဖြစ်ကို နီနီက ဝမ်းသာနေပေမဲ့ တခြားသူငယ်ချင်းတွေကတော့ အဲဒီလိုမဟုတ်ဘူးတဲ့။ သူငယ်ချင်းတွေဟာ အားတဲ့အချိန်မှာ ဖြူဖြူလေးအတွက် စာတွေ တစ်ယောက်တစ်ဘာသာစီကူးပေးကြတော့ အချိန်မီပြီးသွားတာပေါ့။ ဖြူဖြူလေးက ကျေးဇူးတင်ကြောင်းပြောတော့ သူတို့စာမရတိုင်း ရအောင်အမြဲကူညီနေတာတွေကိုလဲ ကျေးဇူးတင်ကြောင်းပြန်ပြောကြသတဲ့။ သူတို့ကို ဖြူဖြူက စေတနာပါပါပြန်ရှင်းပြခဲ့တာတွေပါ ကျေးဇူးတင်ကြောင်း ပြောကြသတဲ့ကွယ်။

ဖြူဖြူလေးကတော့ စာကူးမပေးတဲ့ သူငယ်ချင်း နီနီကို စိတ်မဆိုးဘဲ စိတ်ထဲရှိတဲ့အတိုင်းပဲ နေမြဲအတိုင်းနေသတဲ့ကွယ်။ စာမေးပွဲဖြေဖို့ တစ်ရက်အလို ညနေပိုင်း ခုံတွေစီချိန်မှာ နီနီဟာ ရုတ်တရက် ဗိုက်နာလာလို့ အိမ်ကိုအစောကြီးပြန်သွားသတဲ့ကွယ်။ အလျင်စလိုပြန်သွားတော့ သူ့စာအုပ်တွေ ခုံထဲမှာ ကျန်ခဲ့သတဲ့။ ဖြူဖြူလေးဟာ သူငယ်ချင်းအတွက် စိတ်ပူပြီး ကျောင်းကအပြန်မှာ စာအုပ်လေးတွေယူလာပြီး နီနီထံသွားပေးလိုက်သတဲ့ကွယ်။ နီနီဟာ သူ့မသိစိတ်က အရှက်ရပြီး စိတ်မကောင်းဖြစ်သွားတာပေါ့ကွယ်။

ဒီလိုနဲ့ စာမေးပွဲတွေဖြေပြီးလို့ ရလဒ်ထွက်လာတော့ ဖြူဖြူက ပထမရပြီး နီနီကတော့ အောင်မှတ်ပဲရသတဲ့ကွယ်။ နီနီဟာ သူငယ်ချင်းအပေါ် ဖြူစင်စိတ်မရှိခဲ့တဲ့ ကိုယ့်အဖြစ်ကိုယ် စိတ်မကောင်းဖြစ်ပြီး စာကျက်ဖို့စိတ်မပါတော့ဘူးတဲ့ကွယ်။ ကျက်ထားတဲ့ စာတွေတောင် စိတ်လှုပ်ရှားပြီး အကုန်မေ့ကုန်တော့ အရှုံးနဲ့ရင်ဆိုင်ရတာပေါ့ကွယ်။ ဖြူစင်စိတ်ထားရှိတဲ့ ဖြူဖြူလေးကတော့ အောင်မြင်မှုကို တက်လှမ်းနိုင်တာပေါ့ကွယ်။

ဒီပုံပြင်လေးကိုဖတ်ပြီး ကလေးတို့လဲမှတ်ထားရမယ်နော်။ နီနီလိုစိတ်သဘောထားမဖြူစင်ရင် ကိုယ်တိုင်စိတ်ထဲမလုံသလို အကျိုးမရှိစွာကျရှုံးတတ်တယ်ကွယ်။

ဖြူဖြူလေးလို စိတ်သဘောထားဖြူစင်ပြီး အားလုံးအပေါ် ဖြူစင်စိတ်ထားလေးနဲ့ သဘောထားပြည့်ဝသူတွေဟာ ကူညီမဲ့သူပေါပြီး အောင်မြင်မှုတွေရရှိနိုင်ကြောင်း သင်ခန်းစာယူရမယ်နော်။

သားသားမီးမီးတို့အားလုံး စိတ်သဘောထားဖြူစင်အောင်ထားပြီး အနာဂတ်အတွက်တန်ဖိုးရှိတဲ့ လူတော်လူကောင်းလေးတွေဖြစ်ကြပါစေလို့ ဆုတောင်းပေးလိုက်ရပါတယ်ကွယ်။

**ဆောင်းမာန်ဝင့်အောင်(တောင်ကြီး)**

## တာဝန်ကိုယ်စီ




◆ အောက်အီးအီးအွတ် အချိန်မှန်
ကြက်ဖနာရီသံ၊
ဆွမ်းချက်ချိန်တန် သူလေနိုး
မေမေအိပ်ရာနိုး။

◆ ဘုရားရှိခိုး ကောင်းမှုတွေ
ဘိုးဘိုးအမျှဝေ၊
သားတို့ဖေဖေ နွားစာကျွေး
အလုပ်ဆင်းမယ်လေး။

◆ ဘွားဘွားမြေးကို နှိုးပါတယ်
စာကျက်ရဦးမယ်၊
လွယ်အိတ်ကိုလွယ် ကျောင်းကိုတက်
စာလည်းမှန်မှန်ကျက်။ ။

**ခင်မောင်သက်**

## ပညာရဲရင့် ပွဲလယ်တင့်

◆ လောကအလှ ဆင်ဖို့ရာ
ကြိုးစားမြတ်ပညာ၊
ငယ်ရွယ်စဉ်ခါ ရှာဖွေကြ
အနာဂတ်လှပ။

◆ ပညာတတ်မှ လောကအလယ်
ပွဲလယ်တင့်ပေတယ်၊
မျက်နှာမငယ် ဂုဏ်ရည်တိုး
ပညာစွမ်းတန်ခိုး။ ။

**ရျာန်လေး(ပညာရေး)**









## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်း၊ ၅၅လမ်း×၃၉လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်နေ ဦးနေမင်းထွန်း မှ (1) **Kuro** (2) **Kuro Ace** (3) **Drink Me** (4) **The Muse** တံဆိပ် (၄)မျိုးအနက်မှ သင့်လျော်သော အမည်အမှတ်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝှမ်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးနေမင်းထွန်း ထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနသို့ အမည်ထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေမင်းထွန်း(၉/ မဟမ(နိုင်)၀၄၅၇၀၃)၊မန္တလေးတိုင်း၊ ၅၅လမ်း× ၃၉လမ်းထောင့် မဟာအောင်မြေမြို့နယ်၊** 09-778055777, 09-5200996

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ရပ်ကွက်၊ ကုန်းတန်းကျေးရွာ၊ ကွင်းအမှတ်(၄၉၄)၊ ဦးပိုင်အမှတ်(၂၆၉)၊ ပေ(၂၅×၃၀)ခန့်အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံနှင့်တကွ ပေါက်ရောက်သစ်ပင် နေထိုင်ပိုင်ဆိုင်သုံးစွဲခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးမိုး (ဘ) ဦးအောင် (၉/မနမ(နိုင်)၁၂၄၂၄၀)ထံမှ ကျွန်ုပ်ဒေါ်သီဂီအောင် (ဘ) ဦးဇော်ဝင်း (၉/မနမ(နိုင်)၁၁၇၄၀၉)က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီဂီအောင်(၉/ မနမ(နိုင်)၁၁၇၄၀၉)**
**၀၉-၄၀၂၆၆၀၁၉၀**

### ပျောက်ဆုံးကြောင်း

ရွှေကူမြို့နယ်နေ ဒေါ်ခင်အုန်းမြင့် (ဘ) ဦးကျော်မြင့် (၁/ ရကန(နိုင်)၀၂၆၆၀၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၂၅၆၁၁၅၂၄၃

## သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်၊ရပ်ကွက်ကြီး(၁၈)၊ဒိုးကွင်၊ အင်ကြင်းတောင်နေ (ဦးပန်းအောင်) - ဒေါ်သန်းသန်းဦး တို့၏သား **မောင်ဖြိုးဝေလင်း (၉/ ပဥလ(နိုင်)၀၉၅၅၉၀)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

***ဖုံစမ်းမေးမြန်းခြင်းသည်းခံပါ***
**ဒေါ်သန်းသန်းဦး**
**(၁၂/ မဘန(နိုင်)၀၂၁၄၁၈)**

### ယာဉ်မောင်း (ကျား)တစ်ဦးအလိုရှိသည်

- **မြို့တွင်းပစ္စည်းပို့ရန်**
- **အသက် (၂၀) မှ (၃၀) အတွင်း**
- **အိမ်အမှတ် ၁၀၂၊ ၅၉လမ်း × ၁၂၀ လမ်းထောင့် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

09-403733650

## အသက်သည် သွေး
## သွေးသည် အသက်
## သင့်သွေးဖြင့် အသက်ကယ်ပါ

# ဒေါ်သန်းရီ
# အသက်(၈၅)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်၊ မကျည်းဇောက်ကျေးရွာနေ (ဦးဘို)+(ဒေါ်သိန်းညွန့်) တို့၏သမီး၊ နေပြည်တော်နေ ဦးစိန်လှ+ဒေါ်စန်းစန်းလွင်၊ မန္တလေးမြို့နေ ဦးမျိုးမြင့်+ဒေါ်မေနိုင်ဝင်း၊ မြန်အောင်မြို့နေ ဦးမျိုးလှိုင်+ဒေါ်နေခြည်ဝင်း၊ ကျောက်ဆည်မြို့နေ ဦးစိုးခိုင်+ဒေါ်သင်းပုံ့ကြူ (မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း၊ ကျောက်ဆည်မြို့၊ ဗန်းမော်မြို့)၊ ရန်ကုန်မြို့နေ ဦးနေလင်းအောင်၊ တောင်ကြီးမြို့နေ ဦးကြည်ခိုင် တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး(၈)ယောက်တို့၏အဖွား၊ (ဦးကျော်သန်း)၏ ချစ်လှစွာသောဇနီး

## ဒေါ်သန်းရီ
## အသက်(၈၇)နှစ်

သည် ကျောက်ဆည်မြို့၌ (၁၉-၁၁-၂၀၂၂)ရက်၊ နံနက် (၉း၁၁)မိနစ်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် (၂၀-၁၁-၂၀၂၂)ရက်၊ ညနေ (၃း၀၀)နာရီအချိန်တွင် ကျောက်ဆည်မြို့ မင်းမွေးတောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ် ...

❖ ဆူပူအကြမ်းဖက်မှုများကိုလည်း ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ခြင်းဖြစ် ...

❖ ဖြစ်ပေါ်ခဲ့သည့်ရွေးကောက်ပွဲမသမာမှုများကို ဖြေရှင်းရန်အတွက် သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အတင်းအဓမ္မရယူရန် ဆောင်ရွက်လာခဲ့သဖြင့် နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာထမ်းဆောင်ခဲ့ရခြင်းဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကိုတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူတစ်ဦးကို ခွဲစိတ်ကုသပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရောက်ရှိနေသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၉၄၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ

**စာမျက်နှာ ၁၉ ကော်လံ ၄** ☆

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ပန်ကြူရေဝေရေလဲထိန်းသိမ်းရေး ကြိုးပြိုင်ကာကွယ်တောသတ်မှတ်

**နေပြည်တော် နိုဝင်ဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံး၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ဧက ၁၈၂၀ရှိသောနယ်မြေကို **"ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြိုင်ကာကွယ်တော"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၆၃/၂၀၂၂)အရ ၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှစ၍ သတ်မှတ်သည်ဟု ကြေညာလိုက်ကြောင်း သိရသည်။

ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြိုင်ကာကွယ်တောဧရိယာကို ကျိုင်းတုံမြို့ရေပေးဝေရေးဆောင်ရွက်ရာတွင် သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောရေကို အဓိကထောက်ပံ့ပေးနေသည့် နမ့်ခင်ချောင်းရေဝေရေလဲဒေသ၏ ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုညီညွတ်မျှတစေရန်၊ မြေဆီမြေသားကောင်းမွန်လာစေရန်၊ **စာမျက်နှာ ၁၈ ကော်လံ ၁** ❖



ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြိုင်ကာကွယ်တောကို တွေ့ရစဉ်။

**ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Ye Min Aung Money Changer ဓားပြတိုက်မှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၃

**၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂျူဒိုအားကစားပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ**

စာမျက်နှာ - ၁၇